# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၅၆)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ၎င်း၏ ခန့်အပ်လွှာအား ပေးအပ်

စာ ၃





# အိန္ဒိယနိုင်ငံမှ လှူဒါန်းသောပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်လေယာဉ် ရန်ကုန်သို့ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ လှူဒါန်းသော လူသားချင်းစာနာမှု အကူအညီပစ္စည်းများ တင်ဆောင်လာသည့် အိန္ဒိယလေတပ်မှ ကုန်တင်လေယာဉ်သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာသည်။ **(အပေါ်ပုံ)**

အဆိုပါပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vikram Misri က လွှဲပြောင်းပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကိုကိုနိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်ခံသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက "အခုလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ရတဲ့ ရည်ရွယ်ချက်ကတော့ အကြမ်းဖက်မှုဖြစ်စဉ်တွေကြောင့် အကူအညီလိုအပ်နေတဲ့ ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားတွေနဲ့ နေရပ်စွန့်ခွာသွားသူတွေအတွက် အိန္ဒိယနိုင်ငံအစိုးရနဲ့ ပြည်သူတွေက မြန်မာနိုင်ငံကို ကူညီခြင်းဖြစ်ပါတယ်၊ ဒါ့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အကြံပြုချက်အတိုင်း ရခိုင်ပြည်နယ်ရှိ လူမှုစီးပွားဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်ကိုလည်း လိုအပ်တဲ့ အကူအညီတွေကို ဆက်လက်ကူညီပေးနိုင်ဖို့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မီဒီယာများကို ပြောကြားသည်။

ယနေ့ရောက်ရှိလာသော ပစ္စည်းများမှာ အိမ်ထောင်စုပေါင်း ၃၀၀၀ အတွက် အိန္ဒိယရူပီး သိန်း ၄၀ တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများဖြစ်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ ဘီစကစ်၊ ပဲ၊ ဆေးစိမ်ခြင်ထောင်နှင့် ဆပ်ပြာစသည်ဖြင့် မိသားစုသုံးပစ္စည်း ၁၁ မျိုး ပါဝင်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❋

## (၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) အစည်းအဝေးကျင်းပ

စာ » ၅




မြန်မာ့အလင်း

# မြို့တစ်မြို့ တိုးတက်ဖွံ့ဖြိုး မြင့်မားလာဖို့ဆိုတာ . . .

နည်းပညာတို့ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ နေ့စဉ်လူမှုဘဝ နေထိုင်သည့် ဟန်ပန်၊ လူမှုဆက်ဆံရေးပုံစံနှင့် ယဉ်ကျေးမှုတို့က ပြောင်းလဲလာသည်။ သည်လို လူမှုဘဝအပြောင်းအလဲများအတွင်းမှာ မြို့ပြဖြစ်ပေါ်ကြီးထွားမှုများက တစ်နေ့တခြား အရှိန်အဟုန်ဖြင့် ပြောင်းလဲလာနေသည်။

ကျေးလက်ဒေသမှ လူအများအပြားက မြို့ပြဒေသများသို့ မျှော်လင့်ချက်ကြီးစွာဖြင့် ရွှေ့ပြောင်းလာကြသည်။ လူတို့၏ သဘာဝအရ မိမိဘဝ ပိုမိုတိုးတက်ကောင်းမွန်သည်ဟု ယူဆသော ဒေသများသို့ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့ရှာဖွေလေ့ ရှိသည်မှာ လူပေါ်ဦးစက စသည်ဟု ဆိုရပါမည်။

ထို့ကြောင့်ပင် ကျေးလက်တောရွာမှ မိမိနှင့် အဆက်အစပ်ရှိသော အဖြစ်နိုင်ဆုံးသော မြို့များဆီသို့ တစ်ဖန် ထိုမြို့များမှသည် မြို့ကြီးများဆီသို့၊ မြို့ကြီးများမှသည် ပိုမိုကြီးမားတိုးတက်သော မဟာမြို့ကြီးများဆီသို့ စူးစမ်းရှာဖွေ ပြောင်းရွှေ့ကြသည်။

မြို့ကြီးများဆိုသည်ကလည်း လေ့လာသင်ယူစရာ အသိပညာ အတတ်ပညာသစ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ပျော်ရွှင်စိတ်လှုပ်ရှားစရာ အစိတ်အပိုင်းများ၊ တောင့်တင်းသော အခြေခံ အဆောက်အအုံများက ဖန်တီးထားသည့် သက်သောင့်သက်သာရှိသော လူမှုပတ်ဝန်းကျင်များက ဆွဲဆောင်နေတာဖြစ်သည်။

ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် ပညာရှာဖို့၊ အလုပ်လုပ်ဖို့၊ ပျော်ရွှင်ဖို့၊ လူမှုဆက်ဆံရေး မိုးကုပ်စက်ဝိုင်းကို ချဲ့ထွင်နိုင်ဖို့ ဆိုသည်တို့က မြို့ပြများမှာ အခွင့်အလမ်းပိုများသည် မဟုတ်ပါလား။

အခြားတစ်ဖက်၌ ကျေးလက်တောရွာများ၊ မြို့ငယ်များမှာ အလုပ်အကိုင်အခွင့်အလမ်းက တစ်နေ့တခြား လျော့ပါးလာနေသလို လူမှုဆက်ဆံရေး အဝန်းအဝိုင်းကလည်း သိပ်များများ မရှိ၊ နည်းပါးလှသည်။ အထူးသဖြင့် လူငယ်များအတွက် ဘဝကို စူးစမ်းရှာဖွေဖို့၊ ပညာသင်ကြားဖို့ အလုပ်လုပ် ငွေရှာဖို့ စသည်တို့က မြို့ပြများမှာသာ ပိုရနိုင်သည့် အခွင့်အရေးက များသည်။ ဤသည်က ယေဘုယျလက္ခဏာ။

သည်တော့ ကျေးလက် တောရွာများက လူများ(အထူးသဖြင့် လူငယ်များ) ကို တွန်းထုတ်နေပြီး မြို့ပြများက ဆွဲဆောင်နေသည့်အခါ မြို့များ တဖြည်းဖြည်းချင်း ကြီးမားကျယ်ပြန့်လာတော့သည်။ နည်းပညာသစ်များ အခြေခံအဆောက်အအုံသစ်များ တိုးတက်ထွန်းကားလာသည့်အခါ မြို့ချဲ့ထွင်မှုက အရှိန်အဟုန် ပြင်းလွန်းပြီး စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုမဖြစ်တော့။ ထိုအခါတွင် မြို့ပြများသည် ထိန်းမနိုင်သိမ်းမရမြို့ပြ ဖြစ်လာသည်။

ဤသို့ဖြင့် မြို့ပြဟူသည် နေချင်စရာမကောင်းတော့။

စနစ်တကျ ဖွံ့ဖြိုးမှုမဟုတ်သည့် မြို့များမှာ အခြေခံအဆောက်အအုံ မလုံလောက်မှုများ ဖြစ်လာသည်။ သင့်တင့်မျှတသော နေထိုင်စရာ အိမ်ရာများ မလုံလောက်၊ သန့်ရှင်းသည့် သောက်သုံးရေ မလုံလောက်၊ မိလ္လာစနစ်၊ အမှိုက်စွန့်ပစ်မှုစနစ်များက မလုံလောက်၊ လျှပ်စစ်နှင့် စွမ်းအင် မလုံလောက် စသည်တို့ကဲ့သို့သော အခြေခံလိုအပ်ချက်များ မလုံလောက်သည်နှင့်အမျှ လူမှုရေးပြဿနာများက တိုးပွားလာသည်။ ကျန်းမာရေးနှင့် မလျော်ကန်သည့် ပတ်ဝန်းကျင် အနေအထားများကြောင့် အများပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းက နိမ့်ကျလာသည်။ ရာဇဝတ်မှု၊ ဒုစရိုက်မှုများက ပေါများလာသည်။ တစ်နေရာမှ တစ်နေရာသို့ သွားလာရေး ခက်ခဲလာသည်။ လူအများ၏ အလုပ်လုပ်နိုင်စွမ်းက ကျဆင်းလာသည်။ စီးပွားရေး၊ လူမှုရေး မပြေလည်မှုများက များလာသည်။ ကျပ်တည်းခက်ခဲလာသည်။

သည်တော့ မြို့ကြီးပြကြီးများဆိုသည်မှာ လူဦးရေတိုးတက် များပြားလာသည်နှင့်အမျှ ကြီးမားကျယ်ပြန့်လာနေမည်မှာ ဓမ္မတာပင်။ သည်လို ကြီးမားကျယ်ပြန့်လာမှုကို စနစ်တကျဖြစ်အောင် စီမံပေးဖို့လိုအပ်ပါသည်။ ဤသည်ကိုပဲ မြို့ပြစီမံကိန်းရေးဆွဲသည်ဟု ဆိုတာဖြစ်ပါသည်။ မြို့ပြစီမံကိန်း၊ မဟာစီမံကိန်း စသည်တို့မှာ အလွန်ပင် ကျယ်ကျယ်ပြန့်ပြန့်နှင့် ဘက်စုံစဉ်းစားရတာ ဖြစ်ပါ သည်။ အဆောက်အအုံများ၊ လမ်းပန်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံ သက်သက်မျှမက စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး စသည်ဖြင့် အားလုံးမျှတအောင် စဉ်းစားရတာ ဖြစ်ပါသည်။

အချုပ်ဆိုရလျှင် မြို့ပြစီမံကိန်းရေးဆွဲသည်နှင့် မြို့စနစ်တကျ ဖွံ့ဖြိုးဖို့ ဆိုတာမှာ အရေးပါသည့် ဦးတည်ချက်တစ်ခုက အနာဂတ် မျိုးဆက်များအတွက် မမေ့မလျော့ ထည့်သွင်းစဉ်းစားရတာ ဖြစ်ပါသည်။ လက်ရှိအခြေအနေ အခက်အခဲ အကျပ်အတည်းများ ပြေလည်ရေး သက်သက်မျှ မဟုတ်ဘဲ နောက်လာမည့် မျိုးဆက်များအတွက် အလေးအနက်ထားကာ စီမံကိန်းရေးဆွဲရတာ ဖြစ်ပါသည်။

မြန်မာနိုင်ငံက တိုးတက်ဖွံ့ဖြိုးဖို့ အရှိန်ယူနေသည့် နိုင်ငံဖြစ်ပါ၏။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ မြို့များသည်လည်း ကြီးမားကျယ်ပြန့် ဖွံ့ဖြိုးလာမည်ပင် ဖြစ်သည်။ သည်လို ဖွံ့ဖြိုးလာသည့်အခါမှာ စနစ်တကျ အစီအမံများဖြင့် ဖွံ့ဖြိုးတိုးတက်သည့် မြို့ပြများ ဖြစ်ဖို့လိုမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။


လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

## လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။


## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအေးလွင် | ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) | ဦးဌေးလှိုင် | ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးရဲနိုင် အထွေထွေမန်နေဂျာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာကျော်မိုးဦး ဒုတိယညွှန်ကြားရေးမှူးချုပ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဂ) | ဦးဇင်မောင်ထွန်း ဒုတိယပါမောက္ခချုပ် (သင်ကြား) မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၄-၁၁-၂၀၁၇

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၆၅/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် (လက်လီဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ ．၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ ．၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ ．၀ |
| ထိုင်း | တစ်ဘတ် | ၄၁ ．၆၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ．၀၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ．၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၈ ．၅၂ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ၎င်း၏ ခန့်အပ်လွှာအား ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ကုလသမဂ္ဂ ကလေးသူငယ်များ ရန်ပုံငွေအဖွဲ့(UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံ၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

**ထောက်ပံ့ကူညီရေးကိစ္စရပ်များ အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ လက်ရှိဆောင်ရွက်ဆဲနှင့် ၂၀၁၈ - ၂၀၂၂ လုပ်ငန်းအစီအစဉ်များ အပါအဝင် မြန်မာနိုင်ငံနှင့် UNICEF တို့ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် အကူအညီလိုအပ်နေသည့် ကလေးသူငယ်များအား ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အကာအကွယ်ပေးရေးဆိုင်ရာ ထောက်ပံ့ကူညီရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ကုလသမဂ္ဂ ကလေးသူငယ်များ ရန်ပုံငွေအဖွဲ့(UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi က ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်စဉ်။** သတင်းစဉ်

# ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအကြား ဘတ်ဂျက်ကြီးကြပ်စိစစ်ခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် International IDEA တို့ ပူးပေါင်း၍ ဥရောပသမဂ္ဂ၏ My Governance Project အစီအစဉ်ဖြင့် ကျင်းပသော "ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအကြား ဘတ်ဂျက်ကြီးကြပ်စိစစ်ခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲ"ကို ယနေ့ နံနက် ၉ နာရီတွင် လွှတ်တော်ဝင်း သဘင်ဆောင်၌ ကျင်းပသည်။ **(ယာပုံ)**




နှီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ European Union Delegation, Myanmar မှသံအမတ်ကြီး Mr. Kristian Schmidt တို့က အဖွင့်အမှာစကားများ ပြောကြားသည်။

အဆိုပါနှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ Renaissance Institute၊ Action AID၊ လောကအလင်းလူမှုအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများနှင့် ပြည်ပပညာရှင်များက နေ့ရက်များအလိုက် မြန်မာနိုင်ငံ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်းလုပ်ငန်းစဉ်များ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ဘဏ္ဍာရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု၊ စီမံကိန်းရေးဆွဲမှု၊ ဘတ်ဂျက်ပွင့်လင်းမြင်သာမှု၊ စာရင်းစစ်ဆေးရေးလုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့၏ အခန်းကဏ္ဍ၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့၏ ဘဏ္ဍာရေး၊ စီမံကိန်းနှင့် ဘတ်ဂျက်တို့ အားကောင်းလာစေရေးတွင် အလေ့အကျင့်ကောင်းများရရှိရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အခွန်ကောက်ခံပိုင်ခွင့် ကိစ္စရပ်များ၊ Multi-Order Government တွင် ဘတ်ဂျက်ရေးဆွဲခြင်းအား ပါဝင်ဆောင်ရွက်ခြင်း၊ လူထုအခြေပြု ဘတ်ဂျက်ရေးဆွဲခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်သည်။

နှီးနှောဖလှယ်ပွဲသို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပြည်သူ့ငွေစာရင်းကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ဒုတိယဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ European Union Delegation, Myanmar မှ သံအမတ်ကြီး Mr. Kristian Schmidt၊ International IDEA, Myanmar မှ Mr. Mark McDowell၊ EU/GOPA နှင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်များမှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံစာရေးဆရာအသင်း ၁၃၇၉ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အသင်းခန်းမ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် အလှူငွေပေးအပ်ပွဲတွင် နိုင်ငံတော်သမ္မတရုံးက ငွေကျပ် ၆၄၅၀၀၀၀ ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၂၁၅၀၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ ဒေါက်တာတင်ထွန်းဦး+ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု)၊ သံအမတ်ကြီး(ငြိမ်း) ဦးလှမောင် မိသားစုတို့က ငွေကျပ် ၁၅ သိန်းစီနှင့် မဟာသရေစည်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း(ငြိမ်း)+ဇနီး ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ) သားသမီးမြေးတစ်စုတို့က ငွေကျပ် ၁၀ သိန်း အပါအဝင် အလှူရှင်များက အလှူငွေကျပ် စုစုပေါင်းငွေကျပ် ၂၆၉ သိန်းကျော်နှင့် ငွေကျပ် ၃၆ သိန်းကျော်တန်ဖိုးရှိ ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) က" ယခုလှူဒါန်းရရှိငွေနဲ့ ပစ္စည်းများကို ဒီဇင်ဘာ ၂ ရက် ရန်ကုန်မြို့တော်ခန်းမမှာ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပမယ့် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲမှာ သက်ကြီးစာပေပညာရှင် ၂၁၆ ဦးကို အချိုးကျ ပူဇော်ကန်တော့မှာဖြစ်ပါတယ်"ဟု ပြောသည်။

**သတင်းစဉ်**




**သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နိုင်ငံတော်သမ္မတရုံးမှ ပေးအပ်လှူဒါန်းငွေကို ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) က မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)ထံ ပေးအပ်လှူဒါန်းစဉ်။** သတင်းစဉ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် တင့်ဆန်းတို့ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းတွင် jeijing ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမတွင် တွေ့ဆုံဆွေးနွေးသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော် ဆက်ဆံရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ ရခိုင်အရေးနှင့် ပတ်သက်၍ နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

# (၂၇)ကြိမ်မြောက် အာဆီယံ တပ်မတော် ကြည်းများ သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက စင်ကာပူနိုင်ငံရှိ Nee Soon Range သေနတ်ပစ်ကွင်း၌ ကျင်းပသော (၂၇)ကြိမ်မြောက် အာဆီယံ တပ်မတော် ကြည်းများ သေနတ်ပစ်ပြိုင်ပွဲ 27th ASEAN Armies Rifle Meet (AARM XXVII) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံ နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အာဆီယံ နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် ရိုင်ဖယ်ထိလဲ ပစ်ခတ်စဉ် နောက်ဆုံးပွဲစဉ်ယှဉ်ပြိုင်မှုအဖြစ် ထိုင်းနိုင်ငံ ကိုယ်စားပြု သေနတ်ပစ်အသင်းနှင့် ဗီယက်နမ်နိုင်ငံ ကိုယ်စားပြု သေနတ်ပစ် အသင်းတို့ ယှဉ်ပြိုင်ပစ်ခတ်မှုအား ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် Novelty Shoot ပစ်ခတ်စဉ်၌ အာဆီယံတပ်မတော်များမှ ကြည်းတပ်ဦးစီးချုပ်များ၊ အဖွဲ့ဝင် အရာရှိကြီးများနှင့် အတူ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ စင်ကာပူ တပ်မတော်ကြည်းတပ်ဦးစီးချုပ် Major General Melvyn Ong Su Kiat မှ တစ်ဦးချင်းနှင့် အဖွဲ့လိုက် ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ခြင်း၊ ပိတ်ပွဲ အခမ်းအနား မိန့်ခွန်းပြောကြားခြင်းတို့ ဆောင်ရွက်ပြီး ၂၀၁၈ ခုနှစ်တွင် 28th ASEAN Armies Rifle Meet (AARM XXVIII)ပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားတပ်မတော်ကြည်းတပ် ဦးစီးချုပ် General Datuk Zulkiple Kassim ထံ AARM အထိမ်းအမှတ်အလံအား လွှဲပြောင်းပေးအပ်ရာ မလေးရှားတပ်မတော်ကြည်းတပ် ဦးစီးချုပ်က လက်ခံရယူပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် အာဆီယံ သေနတ်ပစ်ပြိုင်ပွဲ၌ မြန်မာ့တပ်မတော် ကိုယ်စားပြုသေနတ်ပစ်အသင်းမှ ဆုတံဆိပ်ရရှိသည့် အဖွဲ့နှင့် သေနတ်ပစ်အသင်းအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆု ချီးမြှင့်ငွေများအား အသီးသီးပေးအပ်သည်။

ညပိုင်းတွင် Resorts World Sentosa Hotel ၌ 




**အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

စင်ကာပူကြည်းတပ်ဦးစီးချုပ် Major General Melvyn Ong Su Kiat နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်သည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် ညပိုင်းတွင် စင်ကာပူအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်ပိုနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Koh Chee Chian နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

★ *ကျောဖုံးမှ*

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင် ပါ ကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင် ၂၀ ပါဝင်ကာ လုပ်ငန်းတာဝန် (၅)ရပ် ချမှတ်ခဲ့ပြီး လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီ (၅)ရပ်ကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ရာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ စုစုပေါင်း (၁၁)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး တင်ပြချက်ပေါင်း (၁၈၁)ချက်ရှိခဲ့ပါကြောင်း၊ အဆိုပါ တင်ပြချက် (၁၈၁) ချက်ကိုလည်း သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များသို့ ပြန်ကြားဖြေရှင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အချို့ အချက်များသည် ဝန်ကြီးဌာန နှစ်ခု သုံးခုနှင့် သက်ဆိုင်နေသည့်အတွက် မပြီးပြတ်သည်များကို အမြန်ဆုံး ပြီးပြတ်အောင် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ဝင်ငွေတိုးပွား**

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့် နိုင်ငံတိုင်းတွင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံစီးပွားရေး၏ အဓိကမောင်းနှင်အား ဖြစ်သဖြင့် နိုင်ငံတိုင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (Private Sector Development–PSD) ကို အကောင်းဆုံး မူဝါဒများ ချမှတ်လုပ်ဆောင်နေရခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ခြင်းသည် နိုင်ငံ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေကို တိုးပွားစေ၍ ကျွမ်းကျင်မှု အရည်အသွေးကို တိုးတက်စေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၏ အဓိကရေသောက်မြစ်သဖွယ် အရေးပါသဖြင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံးက အဆိုပါကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အခက်အခဲများ နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ရန်မှာ လွန်စွာမှ အရေးကြီးပါကြောင်း။

**အရေးပါသည့်အခန်းကဏ္ဍက ပါဝင်**

ပုဂ္ဂလိကကဏ္ဍသည် တိုင်းပြည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် များစွာ အထောက်အကူပြုသည့် အခြေခံ အဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အရေးပါသည့် အခန်းကဏ္ဍကနေ ပါဝင်နေပါကြောင်း၊ One Stop Service Center များ တည်ထောင်ခြင်း၊ single – window system ဟု ခေါ်သည့် ကုန်သွယ်မှုပြုလုပ်ရာတွင် အဆင်ပြေချောမွေ့အောင် လုပ်ဆောင်သည့် စနစ်ချမှတ်ခြင်း၊ အွန်လိုင်းမှ လျှောက်ထားသည့်စနစ် အစရှိသည့်လုပ်ဆောင်ချက်များနှင့် ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံးနှင့် လက်တွဲပြီး စီးပွားရေးနှင့် လူမှုရေးအရ ပိုမိုချိတ်ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များ ရှိပါကြောင်း၊ ထိုကဲ့သို့ ပေါင်းစည်းရေး လုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် လူ့စွမ်းအား အရင်းအမြစ်ဖြစ်သည့် တတ်သိပညာရှင်များက စီးပွားရေး၊ လူမှုဖွံ့ဖြိုးရေး စသည့် အဆင့်အသီးသီးတွင် ကွဲပြားမှုရှိနေသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ကွာဟချက်ကျဉ်းမြောင်းအောင် ဆောင်ရွက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုဥပဒေပြင်ဆင်ရေးဆွဲ**

နိုင်ငံတော်၏ စီးပွားရေးနှင့် ပတ်သက်သော အဓိကကျသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်က သွားမည့် စီးပွားရေးမူဝါဒများနှင့်အညီ စီးပွားရေးကဏ္ဍအသီးသီးကို တာဝန်ယူနေရသည့် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ လုပ်ဆောင်ရမည့် ကာလတို၊ ကာလလတ်နှင့် ကာလရှည် မဟာဗျူဟာလုပ်ငန်းစဉ်များသည်လည်း နိုင်ငံ၏ လတ်တလော လိုအပ်ချက်၊ ကမ္ဘာ့အခြေအနေ၊ ဒေသတွင်း အခြေအနေများအရ အနာဂတ်တွင် နိုင်ငံတော်က လုပ်ဆောင်သင့်သည့် အခြေအနေများအပေါ် မျှော်မှန်းပြီး ရေးဆွဲနေကြခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် အတွက် ဝန်ကြီးဌာနအသီးသီးက ကျင့်သုံးနေသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များသည် လက်ရှိ ခေတ်ကာလ၏ လိုအပ်ချက်သာမက နောင်အနာဂတ် မျှော်မှန်းချက်များကိုပါ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပါကြောင်း။

စီးပွားရေး လုပ်ငန်းများကို သက်ဆိုင်ရာဥပဒေ၊ အမိန့်များ၊ ညွှန်ကြားချက်များဖြင့် အကောင်အထည်ဖော်ရာတွင် အမှားအယွင်းကို စောင့်ကြည့်အရေးယူမည့် ရှုထောင့်အမြင်နှင့် မဟုတ်ဘဲ အဆိုပါကဏ္ဍ တိုးတက်ရန်နှင့် အဆင်ပြေချောမွေ့စေရန် မည်ကဲ့သို့ လုပ်ဆောင်ပေးနိုင်မည်၊ မည်သို့ အားပေးကူညီနိုင်မည်ဆိုသည့် အမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ယနေ့ကျင်းပသည့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်မြန်ဆန်ရေးအတွက် ဆောင်ရွက်မည့် အခြေအနေ၊ လျှပ်စစ်စွမ်းအားရရှိနိုင်ရန် ဆောင်ရွက်မည့် အခြေအနေနှင့် အခွန်ဥပဒေနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ကော့သောင်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များ အသင်း၊ မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ(UMFCCI) (စွမ်းအင်ကဏ္ဍ)၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေး လုပ်ငန်းကော်မတီ (UMFCCI) (လျှပ်စစ်ကဏ္ဍ)၊ မြန်မာနိုင်ငံ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းနှင့် မြန်မာ့ ကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅၊ ကော်လံ ၁ ပါ **"တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံ"** သတင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ Lt.Gen.Xi Qiliang **အစား** General Xu Qiliang ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မြဝတီ)**

# (၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

**(၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက (၁၂)ကြိမ်မြောက် UPDJC အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြီးခဲ့သည့်ညီလာခံ အတွေ့အကြုံများကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးမှု မူဘောင်ရလဒ်ပြင်ဆင်ခြင်း၊ လုပ်ငန်းလမ်းညွှန် ToR များ ပြင်ဆင်ခြင်းနှင့် လုပ်ထုံးလုပ်နည်း(SOP)များ ပြုစုခြင်းတို့ကို ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း၊ လမ်းညွှန်မှုနှင့်အတူ UPDJC အစည်းအဝေးဆုံးဖြတ်ချက်အရ အစုအဖွဲ့ဖွဲ့ရန် ရှစ်ဦးစီ ပါဝင်သည့် Framework ToR SOP အလုပ်အဖွဲ့ကို တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အလုပ်အဖွဲ့အစည်းအဝေးများကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ပြုလုပ်ခဲ့ပါကြောင်း၊ ယင်းနောက် UPDJC အတွင်းရေးမှူး အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးပြီး ယနေ့ UPDJC အစည်းအဝေးသို့ တင်ပြခြင်းဖြစ်ပါကြောင်း။

### လိုက်လျောညီထွေ ပြင်ဆင်ရေးသား

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် အချိန်ကစပြီး ဖြစ်ပွားခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းနိုင်ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်ခဲ့မှုများကို ပြန်လည်ပြီး လေ့လာပါက ဘယ်ခေတ်၊ ဘယ်ကာလမှ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအထိ မရောက်ရှိနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ယနေ့ နိုင်ငံရေးဆွေးနွေးပွဲများကိုကျင်းပနိုင်ရုံမက သဘောတူညီချက်များလည်း ရရှိခဲ့သည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံးလက်တွေ့ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲကြီး အောင်မြင်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်များသည် ရှင်းရှင်းလင်းလင်းရှိနေရန်၊ လွယ်လွယ်ကူကူရှိနေရန်၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရန် အရေးကြီးပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို NCA လက်မှတ်ရေးထိုးပြီး ၂၀၁၅ ခုနှစ်အတွင်းက ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် UPDJC ကို ဦးဆောင်သည့်အချိန်တွင် (၂၁)ရာစု ပင်လုံညီလာခံလမ်းကြောင်းနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရေးသားခဲ့ပါကြောင်း၊ ညီလာခံကျင်းပရေးနှင့်ဆိုင်သည့် အပိုင်းကို အလေးထားပြီး ပြင်ဆင်ခဲ့ပါကြောင်း။

မူဘောင်ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်များတွင် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသည့် အဖွဲ့အစည်းများ ပါဝင်နိုင်အောင် ဖိတ်ခေါ်ကမ်းလှမ်းပြီး မူဘောင်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ မူဘောင်ပြင်ဆင်ရေးတွင် ပါဝင်နိုင်ခြင်း မရှိသော်လည်း ပြန်လည်သုံးသပ်သည့် Review Process များတွင် ပါဝင်နိုင်ပြီး ဆွေးနွေး ချက်ရရှိအောင် လမ်းဖွင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မပါဝင်နိုင်သေးသည့်သူများကို ပါဝင်နိုင်အောင် လမ်းဖွင့်ပေးခဲ့သည့်အတွက် မူဘောင်ပြင်ဆင်ရေးကို အပြီးသတ်ဆွေးနွေးမှု မပြုခြင်းဖြစ်ပါကြောင်း။

### အခိုင်အမာယုံကြည်

ယနေ့အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တစ်ခုလုံးကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရန် တင်ပြလာသည့် အလုပ်အဖွဲ့များ၏ တင်ပြချက်များကို ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြမည်ဖြစ်ပါကြောင်း၊ အားလုံးက စိတ်ရင်းစေတနာအရင်းခံပြီးတော့ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့် အောင်မြင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ပေးကြမည်ဟု အခိုင်အမာယုံကြည်ထားပါကြောင်း၊ ပြည်တွင်းလက် နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းစေရန်နှင့် ပြည်ထောင်စုတစ်ဝန်းငြိမ်းချမ်းသာယာပြီး ညီညွတ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် UPDJC ခေါင်းဆောင်များအားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ - (UPDJC ) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသည် မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွင် တာဝန်အရှိဆုံးဖြစ်ပါကြောင်း၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုတွင် ချောချောမွေ့မွေ့ ဖြစ်ရန်လိုအပ်သည့် အစီအစဉ်များ၊ ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသည် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက်၊ နိုင်ငံရေးဆွေးနွေးမှုအတွက် ပူးတွဲသည့် ကော်မတီဖြစ်ပါကြောင်း၊ အစုအဖွဲ့သုံးဖွဲ့က နိုင်ငံရေးရည်မှန်းချက် တစ်ခုတည်းအပေါ် မူတည်ပြီးချမှတ်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်၊ လုပ်ငန်းကော်မတီအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်များသည် အကောင်အထည်ဖော်ရာတွင် ပြေပြစ်ချောမောရန် လိုအပ်သည့်အတွက်ကြောင့် ယနေ့အစည်းအဝေးတွင် ရှေ့ဆက်ပြီး နိုင်ငံရေးဆွေးနွေးပွဲများ အောင်အောင်မြင်မြင်ဖြစ်ရန်အတွက် ပူးတွဲလုပ်ငန်းကော်မတီအဆင့်ဆင့်၏ ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးရာတွင် အားလုံးကလက်ခံနိုင်ပြီး အကောင်အထည်ဖော်နိုင်မည့် လက်တွေ့ကျသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် လိုအပ်ပါကြောင်း၊ (၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) အစည်းအဝေးသည် အရေးကြီးပါကြောင်း၊ ယနေ့ UPDJC အတွင်းရေးမှူးများအဖွဲ့က တင်ပြလာသည့် အချက်များ၊ ဆောင်ရွက်ချက်များကို အဆုံးအဖြတ်ပေးပြီး နောက်ပိုင်းတွင် နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ရန်အတွက် ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



(၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

### ညီညွတ်မှုရှိလျှင် အောင်မြင်

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ - (UPDJC ) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး ငြိမ်းချမ်းရေးရရှိအောင် အားကြိုးမာန်တက်ဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ - (UPDJC) ကလည်း နိုင်ငံရေးပါတီများနှင့် ပူးပေါင်းပြီး ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ နားလည်မှုရှိပါက မည်သည့်အလုပ်ဖြစ်ဖြစ် အောင်မြင်နိုင်ပါကြောင်း၊ နားလည်မှုရှိလျှင် ယုံကြည်မှုရှိမည်၊ ယုံကြည်မှုရှိလျှင် ညီညွတ်မှုရှိမည်၊ ညီညွတ်မှုရှိလျှင် အောင်မြင်မည်ဖြစ်ပါကြောင်း၊ နားလည်မှုကို ဆုပ်ကိုင်ပြီး ညှိနှိုင်းမည်ဆိုပါက မိမိတို့ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်းပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) လုပ်ငန်းလမ်းညွှန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများ (UPDJC-S) လုပ်ငန်းလမ်းညွှန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(SOP)၊ UPDJC ကိုယ်စားလှယ် အမည်စာရင်း ပြောင်းလဲတာဝန်ပေးခြင်းတို့နှင့် စပ်လျဉ်းသည့် အစီရင်ခံစာတင်ပြခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပဒိုစောကွယ်ထူးဝင်း၊ ဦးသုဝေနှင့် (UPDJC) အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေတို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပဒိုစောကွယ်ထူးဝင်း၊ ဦးသုဝေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဗိုလ်ချုပ်စန်းမြင့်၊ ဗိုလ်မှူးချုပ် စိန်ထွန်းလှ၊ ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်၊ ဦးခွန်ဥက္ကာ၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်၊ စောမြရာဇာလင်း၊ ဆလိုင်းထလာဟေး၊ ပဒိုစောတာဒိုမူး၊ စောကျော်ညွန့်၊ စောစိန်ဝင်း၊ ပဒိုမန်းငြိမ်းမောင်၊ ဒေါ်မိဆူးပွင့်၊ ဒေါက်တာစိုင်းဦး၊ စောစမစ်ဒွန်း၊ ဦးခိုင်လင်းခိုင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးမြင့်စိုး၊ စိုင်းကျော်ညွှန့်၊ ဦးနိုင်ငံလင်း၊ မင်းကျော်ဇေယျာဦး၊ ဦးတာလုဖေ၊ ဦးထွန်းထွန်းဟိန်၊ ဒေါက်တာ အေးမောင်၊ စောထွန်းအောင်မြင့်၊ ဦးသိန်းထွန်း၊ ဒေါက်တာမင်းနွယ်စိုး၊ ဒေါက်တာအောင်မြတ်ဦး၊ ခွန်ထွန်းရွှေ၊ ဦးရွှေမင်း၊ ဦးဇမ်ဇမုန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းဖြေကြား

အစည်းအဝေးအပြီးတွင် (၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-(UPDJC) အစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ရဲဘော်မျိုးဝင်းတို့က သတင်းမီဒီယာများက မေးမြန်းသည့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကိစ္စ၊ သဘောထားစုစည်းမှု၊ အစည်းအဝေးရလဒ်နှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**

✻ *ရှေ့ဖုံးမှ*

"အိန္ဒိယနိုင်ငံက ဒီကနေ့ လှူဒါန်းတဲ့ ပစ္စည်းတွေကတော့ မိသားစုသုံးပစ္စည်းတွေဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်မှာရှိတဲ့ အခက်အခဲကြုံတွေ့နေတဲ့ ပြည်သူတွေအတွက် လူသားချင်းစာနာမှု အကူအညီအဖြစ် ထောက်ပံ့လှူဒါန်းပေးတာပါ၊ ကျွန်တော်တို့အနေနဲ့ အဲ့ဒီပစ္စည်းတွေကို အချိန်နဲ့တစ်ပြေးညီ ရခိုင်ပြည်နယ်ကို ပို့ဆောင်သွားမှာ ဖြစ်ပါတယ်၊ ဟိုရောက်ရင် အစိုးရအဖွဲ့ကို လွှဲပြောင်းပေးအပ်ပြီး တကယ် အခက်အခဲကြုံတွေ့နေတဲ့ ဒေသခံတွေလက်ထဲ အမြန်ဆုံးရောက်ရှိအောင် သက်ဆိုင်ရာနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ထောက်ပံ့မှုတွေ လုပ်တဲ့အခါမှာလည်း လူမျိုး၊ ဘာသာ၊ ကျား၊ မ မခွဲခြားဘဲ တကယ်အခက်အခဲ ဖြစ်နေသူတွေကို ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်"ဟု



အိန္ဒိယနိုင်ငံမှ လှူဒါန်းသော ပစ္စည်းများကို လေယာဉ်ပေါ်မှ သယ်ယူနေကြစဉ်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောသည်။

အဆိုပါပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်သို့ ကုန်တင်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ကာ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ အခက်အခဲကြုံတွေ့နေသည့် ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ပေးပို့သွားမည်ဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ဆိုသည်။

အိန္ဒိယနိုင်ငံ အနေဖြင့် ယနေ့လှူဒါန်းမှုများအပြင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးများနှင့် ပတ်သက်၍လည်း လူသားချင်းနာစာမှု အကူအညီများအဖြစ် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ် ဇွန် ၆ ရက်တို့တွင်လည်း လှူဒါန်းထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ အခက်အခဲကြုံတွေ့နေသော ဒေသခံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများအနေဖြင့် တရုတ်နိုင်ငံကလည်း ငွေကြေးလှူဒါန်းမှုများရှိသကဲ့သို့ စက်တင်ဘာ ၂၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၂၈၆၀၄၉ တန်ဖိုးရှိ လူသုံးကုန်၊ ဆေးဝါး၊ စားသောက်ကုန်၊ ယာယီမိုးကာတဲ စသည့်ပစ္စည်းများကို လည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) က လည်း အမေရိကန်ဒေါ်လာ ၄၄၄၈၈၆ ဒသမ ၇၅ တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများဖြစ်သော မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ၊ ရွက်ဖျင်တဲများ၊ လျှပ်စစ်ဖြန့်ဖြူးရေး ပစ္စည်းများနှင့် မီးစက်အကြီးနှစ်လုံး၊ မီးစက်ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံဇော်ကြီး(ပဏီတ)**

## ပဲခူးမြို့တွင် တရားဥပဒေစိုးမိုးရေးအတွက် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်

**ပဲခူး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီးအတွင်းARSAအစွန်းရောက်အကြမ်းဖက်သမားများ၊ အကြမ်းဖက်မိုင်းထောင် ဖောက်ခွဲဖျက်စီးမည့်သူများ၊ တရားမဝင် လက်နက်ခဲယမ်းသယ်ဆောင်မှုများ၊ မူးယစ်ဆေးဝါးများ ဖြတ်သန်းဝင်/ထွက်သွားလာမှုမရှိစေရေးနှင့် ပဲခူးမြို့တွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လက်နက်ကိုင်ဆောင်ပြီး လုယက်ရမ်းကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုများ မဖြစ်စေရေးတို့အတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ရဲတပ် ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များသည် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၃) ယာဉ်ထိန်း ဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၁၆ ရက်မှစတင်၍ ပဲခူးမြို့ရှိ ရန်ကုန်-မန္တလေး ကားလမ်းမပေါ်နှင့် အချက်အချာကြသော လမ်းဆုံနေရာများတွင် နေ့စဉ်ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါ ပိတ်ဆို့ရှာဖွေစစ်ဆေးလျက်ရှိသည့် နေရာများအား နိုဝင်ဘာ ၂၃ ရက် ညပိုင်းက တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင် သွားရောက်စစ်ဆေးကြပ်မတ်ခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**



**နိုဝင်ဘာ ၂၄ ရက်က တီမောလက်စ်တေနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှေ့ခံပွဲ အခမ်းအနားကို ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့်ဇနီး ဒေါ်ခင်ဌေးတို့အား မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံအမတ်ကြီး H.E. Mr. Joao Frei-tas de Camara ကြိုဆိုနှုတ်ဆက်စဉ်။**
သတင်းစဉ်

# ဆောက်လုပ်ရေးစွမ်းအားဖြင့် တည်ဆောက်ခဲ့သော မြန်မာပြည်အနှံ့အပြားမှ လမ်းတံတားများ

**ခရမ်းစိုးမြင့်**

မြန်မာနိုင်ငံသည် အာရှတိုက်၏ အရှေ့တောင်ဘက်တွင် တည်ရှိ၍ အရှေ့တောင်အာရှအသင်း(အာဆီယံ)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင် ၂၆၀၀၀၀ကျော်ကျယ်ဝန်းသည်။ နိုင်ငံအတွင်း၌ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း အစရှိသော ပြည်ထောင်စုဖွားတိုင်းရင်းသားများ နေထိုင်ကြပြီး သယ်ယူပို့ဆောင်ရေးတွင် မီးရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းခရီးများရှိသော်လည်း အဓိကလမ်းမှာ မော်တော်ကားလမ်းဖြစ်သည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှ နိုင်ငံတော်အတွင်းရှိ ပြည်သူတို့၏ လူမှုဘဝတိုးတက်လာမည်ဖြစ်သလို နိုင်ငံတော်၏ စီးပွားရေးသည်လည်း မြင့်မားလာနိုင်လေသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် ဝန်ကြီးဌာနအသီးသီးတို့ကို ခွဲဝေတာဝန်ပေး၍ လမ်းတံတားများတည်ဆောက်စေလျက်ရှိသည်။ ယခင်က မြန်မာနိုင်ငံအတွင်း နိုင်ငံ၏ အထက်ပိုင်းနှင့် အောက်ပိုင်းဆက်သွယ်သွားလာနေသည့် လမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းမှသာ သွယ်တန်းလျက်ရှိသော်လည်း ယခုအခါ အရှေ့ အနောက်၊ တောင်၊ မြောက် အစိတ်အပိုင်း အားလုံးဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တစ်ခုတည်းက ဖောက်လုပ်ခဲ့သော လမ်းမကြီးများမှာ မြန်မာနိုင်ငံ၌ အရှေ့နှင့် အနောက်လမ်းမကြီး ၄၉လမ်း၊

> **“လမ်းသစ်များဖောက်လုပ်ခြင်း၊ ရှိပြီးလမ်းများကို တိုးတက်အောင်ပြုပြင်ခြင်းတို့ကို တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ၁၈၈၈ ခုနှစ်အထိ လမ်းမိုင် အရှည်ပေါင်း ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုအခါ ၂၀၁၇ ခုနှစ်အထိ လမ်းမိုင် စုစုပေါင်း ၂၅၇၃၃ မိုင်အထိ ရှိနေပြီဖြစ်”**



ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) ကိုတွေ့ရစဉ်။

တောင်မြောက်လမ်းမကြီး ၃၆လမ်း စုစုပေါင်း လမ်းမကြီး ၈၅လမ်း၊ မိုင်အရှည် ၁၅၇၉၄ မိုင် ၁ ဖာလုံရှိသည်။ ထို့ပြင် ကချင်ပြည်နယ်၌ ၂၃၇၈ မိုင် ၅ဖာလုံ၊ ကယားပြည်နယ်၌ ၅၉ မိုင် ၄ ဖာလုံ၊ ကရင်ပြည်နယ်၌ ၁၂၂၀ မိုင် ၆ ½ ဖာလုံ၊ ချင်းပြည်နယ်၌ ၁၂၄၄ မိုင် ၄ ဖာလုံ၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၉၁၂ မိုင် ၁ ½ ဖာလုံ၊ တနင်္သာရီတိုင်းဒေသကြီး၌ ၉၃၇ မိုင်၊ ပဲခူးတိုင်းဒေသကြီး၌ ၁၂၆၉ မိုင် ၄ ½ ဖာလုံ၊ မကွေးတိုင်းဒေသကြီး၌ ၂၁၉၂ မိုင် ၆ ½ ဖာလုံ၊ မန္တလေးတိုင်းဒေသကြီး၌ ၁၅၁၃ မိုင် ၆ ½ ဖာလုံ၊ ရှမ်းတောင်၌ ၂၃၉၉ မိုင် ၃ ½ ဖာလုံ၊ ရှမ်းမြောက်၌ ၃၀၅၇ မိုင် ၆ ဖာလုံ၊ ရှမ်းအရှေ့၌ ၁၁၁၄ မိုင် ၃ ဖာလုံ၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၇၅၀ မိုင် ၆ ဖာလုံ၊ နေပြည်တော်ကောင်စီ၌ ၂၉၄ မိုင် ၆ ½ ဖာလုံ၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ၃၆၆ မိုင် ၃ ဖာလုံစသည်ဖြင့် စုစုပေါင်း လမ်းမိုင် ၂၅၇၃၃ မိုင် ရှိနေပြီဖြစ်သည်။

လမ်းသစ်များဖောက်လုပ်ခြင်း၊ ရှိပြီးလမ်းများကို တိုးတက်အောင်ပြုပြင်ခြင်းတို့ကို တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ၁၈၈၈ ခုနှစ်အထိ လမ်းမိုင်အရှည်ပေါင်း ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုအခါ ၂၀၁၇ ခုနှစ်အထိ လမ်းမိုင် စုစုပေါင်း ၂၅၇၃၃ မိုင်အထိ ရှိနေပြီဖြစ်သည်။

လမ်းများဖောက်လုပ်မှုနှင့် ပတ်သက်၍ ထူးခြားမှုတစ်ခုမှာ ပဲခူးရိုးမတောင်ကြီးကိုဖြတ်ကျော်၍ ပဲခူးတိုင်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ဖောက်လုပ်ပေးခဲ့သော လမ်းမကြီး ၇ သွယ်ပင်ဖြစ်သည်။ ထိုလမ်းမကြီးများမှာ ကိုးပင်-သာဂရလမ်း၊ မင်းလှ-စိန်ကန့်လန့်လမ်း၊ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း၊ တိုက်ကြီး-ဖောင်ကြီးလမ်း၊ နေပြည်တော်-တောင်ညို-ချောင်းနက်(တောင်တွင်းကြီး)လမ်း၊ ပျဉ်းမနား-တောင်ညို-မြို့သစ်-ကံပြား(မကွေး)လမ်း စသည်တို့ဖြစ်သည်။

ထို့အတူပင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသလမ်းဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် လမ်းမကြီး ၅ သွယ်ဖြင့် စတင်အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ပြီး မအူပင်-ရေလဲကလေး- ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်ဘုန်း-သစ်ပုတ်ကွင်းတောက်၊ ပြင်စလူလမ်း၊ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း၊ ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း၊ ကျုံကဒွန်း-စက်ဆန်းလမ်း၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေးလမ်း၊ ဝါးခယ်မ-မြောင်းမြလမ်း၊ ပုသိမ်-ငပုတောလမ်းစသဖြင့် လမ်းကွန်ရက် ၁၁ သွယ်ဖြစ်ခဲ့ပြီး ထိုလမ်းများဖြင့် ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးကို ယခုအခါ ကားဖြင့်ပတ်ပြီးသွား၍ ရနေပြီဖြစ်သည်။

ထို့အပြင်နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်နေပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို မိမိဝန်ကြီးဌာနအောက်သို့ သွတ်သွင်းဖွဲ့စည်းခဲ့သည်။ ကျေးလက်ပေါင်း ၆၄၉၁၇ ရွာအတွက် ရှိပြီးဖြစ်သည့် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း၊ မြေသားလမ်း ၂၉၅၁၉ မိုင် ၃ ဖာလုံ၊ ဂျစ်ကား၊ လှည်း၊ ဆိုင်ကယ်၊ ရိုးရိုးလူသွားလမ်း ၆၂၆၂ မိုင် ၃ ဖာလုံ စုစုပေါင်း ကျေးလက်လမ်းမိုင်ပေါင်း ၅၀၈၇၄ မိုင် ၃ ဖာလုံတို့ကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၃၀ခုနှစ်အရောက်တွင် မြန်မာပြည်ရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ ၉၀ ရာခိုင်နှုန်းအတွက် ကျေးလက်လမ်းများအသုံးပြုနိုင်ကြရန် တည်ဆောက်ဖောက်လုပ်ပေးသွားရန် ရည်မှန်းထားသည်ဟု သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်ဆောင်ရွက်ရမည့် ပြည်ထောင်စုလမ်းမကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဆက်သွယ်သည့်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ၊ တံတားကြီးများ တည်ဆောက်ဖောက်လုပ်လျက်ရှိသော ဌာနကြီးတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



မလွဲတောင်ပေါ်ကားလမ်းတစ်နေရာကိုတွေ့ရစဉ်။

# မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်အကျိုးပြုပြီး အချိန်မီ စနစ်တကျပြီးစီးအောင် ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီးနှစ်ဦး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးစန်းဝင်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးစိုးတင့်၊ ဦးအောင်လွင်၊ ဦးဟန်ညွန့်၊ ဒေါ်မြတ်မြတ်စိုး၊ ဦးအောင်သန်းမြင့်၊ ဦးခင်မောင်မြင့်၊ ဦးမျိုးမြင့်၊ ဒေါ်အေးအေးမူ၊ ဦးဇော်ဝင်းနှင့် ဒေါ်လှဲ့လှဲ့သွင်တို့သည် ပြည်ထောင်စုလွှတ်တော် နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင်အဖွဲ့ဝင် အစားထိုးတာဝန်ပေးအပ်ခြင်းကို တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုကြောင်း ကြေညာသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမနှစ်ခြောက်လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၃/၂၀၁၇) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သစ်ထုတ်လုပ်ခြင်း မရှိသော်လည်း ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ထုတ်လုပ်ခဲ့သည့် တောကျွန်သစ်များကို သယ်ယူထုတ်လုပ်ခဲ့သဖြင့် ပထမခြောက်လပတ်အတွင်း ကျွန်း ၂၂၁၂၈ တန်နှင့် သစ်မာ ၁၅၇၇၄၂ တန် ထုတ်လုပ်ထွက်ရှိခဲ့ပါကြောင်း။

**“၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျွန်းတန် ၁၅၀၀၀နှင့် သစ်မာတန် ၃၅၀၀၀၀ ထုတ်လုပ်ရန်လျာထားခဲ့ပြီး ပထမ ခြောက်လတွင် ကျွန်းနှင့် သစ်မာပင်ထောင်များအား ပင်ထောင်ရိုက်မှတ်သောကာလဖြစ်ပါသဖြင့် ခုတ်လှဲသစ်ထုတ်လုပ်ခြင်း မရှိသေးပါကြောင်း၊ တောကျွန်သစ် ကျွန်း ၃၃၃၂ တန်နှင့် သစ်မာ ၅၉၇၂၄ တန်သာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ထုတ်လုပ်မှုတန်ဖိုး လျော့နည်းခဲ့ခြင်းဖြစ် ”**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျွန်းတန် ၁၅၀၀၀ နှင့် သစ်မာတန် ၃၅၀၀၀၀ ထုတ်လုပ်ရန်လျာထားခဲ့ပြီး ပထမခြောက်လတွင် ကျွန်းနှင့် သစ်မာပင်ထောင်များအား ပင်ထောင်ရိုက်မှတ်သောကာလ ဖြစ်ပါသဖြင့် ခုတ်လှဲသစ်ထုတ်လုပ်ခြင်း မရှိသေးပါကြောင်း၊ တောကျွန်သစ် ကျွန်း ၃၃၃၂ တန်နှင့် သစ်မာ ၅၉၇၂၄ တန်သာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ထုတ်လုပ်မှုတန်ဖိုး လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း၊ ခုတ်လှဲထုတ်လုပ်မှုလုပ်ငန်းများကို ပွင့်လင်းရာသီတွင် ဆောက်ရွက်လျက်ရှိပြီး လျာထားချက်ပြည့်မီအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံ၏ လက်ရှိသစ်တောဖုံးလွှမ်းမှု ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းအောက် လျော့ကျမှုမရှိစေရန်နှင့် သစ်တောများ ပြည်လည်ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ရေးဆွဲ၍ ပြည်ထောင်စုအစိုးရ၏ သဘောတူခွင့်ပြုချက်ဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သစ်ထုတ်လုပ်ခွင့်ရရှိရန် သစ်ထုတ်လုပ်မည့် စီမံချက်၊ ထုတ်လုပ်ထွက်ရှိလာသည့် သစ်များ ခွဲစိတ်ဖြန့်ဖြူးမည့် အစီအစဉ်၊ ရောင်းဝယ်မည့် အစီအစဉ်ကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ကျွန်းပင် ၁၀၆၂၀ နှင့် သစ်မာ ၁၇၉၄၉၈ ပင်၊ မကွေးတိုင်းဒေသကြီးတွင် ကျွန်းပင် ၁၃၅၀ နှင့် သစ်မာ ၂၃၆၄၅ ပင်၊ မင်းတုန်းမြို့နယ်တွင် ကျွန်းပင် ၃၀၀ နှင့် သစ်မာ ၆၈၆၈ ပင်ထုတ်လုပ်ရန်လျာထားပြီး မင်းတုန်းမြို့နယ်တွင် ကျွန်းပင် ၃၀၀ နှင့် သစ်မာ ၅၃၄၂ ပင် ပင်ထောင်ရိုက်မှတ်သားထားပြီး ဖြစ်ပါကြောင်း၊ သစ်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ရာတွင် စာချုပ်စည်းကမ်းများနှင့်အညီ တရားမဝင်သစ်ထုတ်လုပ်ခြင်းမပါရှိစေရန် အဆင့်ဆင့် ဆောင်ရွက်ရပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းအစီရင်ခံစာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးဆက်အောင်တို့ကလည်း ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌက အစီရင်ခံစာ (၁၃/၂၀၁၇)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ယင်းအစီရင်ခံစာကို မှတ်တမ်းတင်ကြောင်းနှင့် ယင်းအစီရင်ခံစာနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၃/၂၀၁၇)ကို သဘောတူအတည်ပြုကြောင်း ကြေညာသည်။

အလားတူ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁၄/၂၀၁၇) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်အကောက် ရငွေအပါအဝင် ရငွေပမာဏအများ ဆုံးဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက တစ်နှစ်လုံးရငွေ လျာထားချက်၏ ၄၃ ဒသမ ၈၆ ရာခိုင်နှုန်းသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသည်ဟူသည့် အချက်နှင့်ပတ်သက်၍ တင်ပြထားသည့် စာရင်းများမှာ ငါးလအမှန် တစ်လခန့်မှန်းစာရင်းများဖြင့်သာ တင်ပြထားခြင်းဖြစ်ပြီး ခြောက်လ ရှေ့ပြေးအမှန်စာရင်းအရ အမှန်တကယ်ပထမခြောက်လ ရရှိငွေသည် ငွေကျပ် ၃၀၉၆ ဒသမ ၁၀၉ ဘီလီယံ ဖြစ်ပါသဖြင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်ထက် ငွေကျပ် ၈၁၂ ဒသမ ၀၃၁ ဘီလီယံနှင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်ထက် ငွေကျပ် ၇၁၉ ဒသမ ၂၀၉ ဘီလီယံ ပိုမိုရရှိခဲ့ပါကြောင်း။

ထို့ကြောင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ရရှိငွေသည် ဘဏ္ဍာရေးနှစ် သုံးနှစ်တာကာလအတွင်း အများဆုံးရရှိခဲ့သည့် အနေအထားရှိပါကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်များကို ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်၍ ပိုမိုထိရောက်အောင်မြင်စေပြီး နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် အသုံးစရိတ်များ၊ နိုင်ငံတော်မှ ရရှိမည့် ရငွေများအပေါ်ဘဏ္ဍာရေးအရ အကျိုးသက်ရောက်မှုများကို စိစစ်သုံးသပ်ရေးအဖွဲ့များ ဖွဲ့စည်း၍ လေ့လာသုံးသပ်ခြင်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ လုပ်ငန်းစွမ်းဆောင်ရည် စောင့်ကြည့်ကြပ်မတ်မှု လက်စွဲစာစောင် ပြုစုဆောင်ရွက်ခြင်း၊ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ ဆောင်ရွက်သည့် Public Expenditure Review (PER-2)တွင် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲမှုများ သုံးသပ်လေ့လာရန် ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စု၏ ပထမခြောက်လပတ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အလေးထားသုံးသပ်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းအစီရင်ခံစာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့ကလည်း ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးစိုင်းသီဟကျော်က အစီရင်ခံစာ(၁၄/၂၀၁၇)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ယင်းအစီရင်ခံစာကို မှတ်တမ်းတင်ကြောင်းနှင့် ယင်းအစီရင်ခံစာနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၄/၂၀၁၇) ကို သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ကျင်းပသည့် ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်း ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဦးစားပေးဆောင်ရွက်ပေးရမည့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး လွှတ်တော်နှစ်ရပ် သဘောတူသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ၂၀၁၇၊ စာရင်းအင်းဥပဒေကြမ်းနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းတို့ကိုလည်း နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ပေးပို့နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခု တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုဝန်ကြီးနှစ်ဦး ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသစ် ဖွဲ့စည်းခြင်းကိစ္စရပ်များအတွက် လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရန်လိုအပ်သည့် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များ၌ ဥပဒေပိုင်း အပြန်အလှန်အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက် ကွန်ဗင်းရှင်းကိစ္စရပ် အပါအဝင် အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်များတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စရပ် ကိုးခုနှင့် ပြည်တွင်းချေးငွေ ကိစ္စရပ်နှစ်ခုတို့ကို လွှတ်တော်တွင် ဆွေးနွေးပြီး သဘောတူအတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ဖြစ်သည့် ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်ထိ (အစား) အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ပြောင်းလဲပြင်ဆင် သတ်မှတ်မှုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာကို ဆွေးနွေးမှတ်တမ်းတင်ခြင်း အပါအဝင် မှတ်တမ်းတင်ခြင်းကိစ္စရပ် ရှစ်ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် အုပ်ချုပ်ရေးကဏ္ဍ၏ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်သို့ တင်ပြလာသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်ထိ) တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ (၂၀၁၇ ခုနှစ် ဧပြီလမှ အောက်တိုဘာလထိ) ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမခြောက်လပတ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပြည်ထောင်စုဘဏ္ဍာငွေအရ အသုံးဆိုင်ရာ အစီရင်ခံစာတို့ကိုလည်း ဆွေးနွေးမှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

ယခုနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကို စုစုပေါင်း ၃၂၅ မြို့နယ်အတွက် ငွေကျပ်သန်းပေါင်း ၃၂၄၉၉ ဒသမ ၉၉၈ ခွင့်ပြုမိန့် ထုတ်ပြန်ပေးပြီးဖြစ်ပါကြောင်း၊ မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မဲဆန္ဒရှင်ပြည်သူများအတွက် အမှန်တကယ်အကျိုးပြုပြီး သုံးစွဲကုန်ကျမှုနှင့် ကိုက်ညီသည့် ဆောင်ရွက်မှုဖြစ်စေရန်နှင့် ခွင့်ပြုပြီး လုပ်ငန်းများကိုလည်း အချိန်မီ စနစ်တကျ ပြီးစီးအောင် ဆောင်ရွက်ကြရန်လိုပါကြောင်း၊ ထို့ပြင် ဘဏ္ဍာနှစ်ကုန်ဆုံးရန် လေးလသာ ကျန်ရှိသည့်အတွက် လုပ်ငန်းပြောင်းတင်ပြခြင်းများကို ဒီဇင်ဘာလကုန်နောက်ဆုံးထား တင်ပြကြရန်လိုပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် လက်ရှိဘဏ္ဍာနှစ်ကာလသတ်မှတ်မှု အစား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်ပြီး အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက် အထိ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လက်ရှိဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ခြောက်လတာကာလအတွက် စီမံကိန်းဘတ်ဂျက်တို့ကို သီးခြားဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို ထည့်သွင်းလျာထားရန်မရှိဘဲ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် တစ်နှစ်စာ ဘတ်ဂျက်ရေးဆွဲချိန်မှသာ ထည့်သွင်းလျာထားရန် စီမံထားကြောင်းကို ကြိုတင်အသိပေးထားလိုပါကြောင်း။

နောက်တစ်ကြိမ် ပြန်လည်ကျင်းပမည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးဆိုလျှင်လည်း ပြည်ထောင်စုလွှတ်တော်တွင်သာ ဆောင်ရွက်ပေးရမည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ပြောင်းလဲပြင်ဆင်ထားသည့် ဘဏ္ဍာရေးနှစ်ကာလနှင့်အညီ စိစစ်ဆောင်ရွက်ပေးခြင်း အပါအဝင် အခြားသော လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရဦးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# စီမံကိန်းလုပ်ငန်းများ ဒေသ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် ဒေသခံပြည်သူလူထုအတွက် အသုံးဝင်သည့် လုပ်ငန်းများဖြစ်ရန် အရေးကြီး

နေပြည်တော် နိုဝင်ဘာ ၂၄

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှု အဖွဲ့၏ (၃/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က အမှာစကားပြောကြားရာ၌ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် နောင်တရားဒေသရှိ ပေါ့အင်ကျေးရွာအုပ်စု၊ မွေးပြင်ကျေးရွာအုပ်စု၊ ပင်ခင်ကျေးရွာအုပ်စု၊ လွယ်မောကျေးရွာအုပ်စုများ၌ အစားထိုးဖွံ့ဖြိုးရေး ရေရှည်ပြေးစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ရေရှည်ပြေးစီမံကိန်းလုပ်ငန်းအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရေရှည်ပြေးစီမံကိန်းလုပ်ငန်းများ ဆန်းစစ်ခြင်းအဖွဲ့နှင့် ရေရှည်ပြေးစီမံကိန်းလုပ်ငန်း စဉ်ဆက်မပြတ် စိစစ်ခြင်းအဖွဲ့များအား ထပ်မံဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့တွင် ပါဝင်သည့် ဦးစီးဌာနများအနေဖြင့်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ရေရှည်ပြေးစီမံကိန်းလုပ်ငန်းများကို အသီးသီးအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

သက်ဆိုင်ရာ လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ရေရှည်ပြေးစီမံကိန်းအနေဖြင့် သုံးနှစ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံကိန်းတစ်ရပ်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းများ၊ လျာထားရန်ပုံငွေများကိုလည်း တင်ပြကြစေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ရေရှည်ပြေးစီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် စိစစ်ခြင်းအဖွဲ့အနေဖြင့် အခြေခံအချက်အလက်များအား စီမံကိန်းဒေသများသို့ မကြာမီကွင်းဆင်းစစ်ဆေးမည်ဖြစ်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းနှင့် စီမံကိန်းလုပ်ငန်းများအနေဖြင့် ဒေသ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် ဒေသခံပြည်သူလူထုအတွက် အမှန်တကယ် အသုံးဝင်သည့် လုပ်ငန်းများဖြစ်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့အောက်ရှိ ဌာနအသီးသီးမှ ကိုယ်စားလှယ်များက ရေရှည်ပြေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးချက်များအပေါ် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံ ရေကြောင်းပညာ အရာရှိသင်တန်း အမှတ်စဉ် (၁ / ၂၀၁၇) သင်တန်းဆင်းပွဲပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၄**



အခြေခံရေကြောင်းပညာ အရာရှိ သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်က တပ်မတော် (ရေ)၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် (သန်လျင်) ရှိ မေယုစစ်ရေယာဉ်ရှေ့ မြက်ခင်းပြင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ် (သန်လျင်) ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး ဇော်ဇော်လတ်က သင်တန်းဆင်း မိန့်ခွန်းပြောကြားခဲ့ပြီး အကောင်းဆုံး ကျောင်းသားဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။ ယင်းသင်တန်းကို ဩဂုတ် ၇ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား ရဲအရာရှိ ရဲအုပ်၊ ဒုရဲအုပ် ၃၀ တို့အား လေ့ကျင့်သင်ကြား ပို့ချပေးခဲ့သည်။

သင်တန်းဆင်းပွဲသို့ ရေတပ်သင်္ဘောကျင်းဌာနချုပ်(သန်လျင်) ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး စိုးမင်း၊ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ဇော်မိုးသန်း၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကို၊ ရေကြောင်း ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် နေမိုးသက်၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းဖေနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# WFP မှ လှူဒါန်းငွေများ ဒုတိယဝန်ကြီး ဦးစိုးအောင် လက်ခံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အရေးပေါ်အခြေအနေတွင် ချက်ချင်းတုံ့ပြန်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန်နှင့် ထောက်ပံ့ရေးလုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားစေရန် ရည်ရွယ်၍ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှုသင်တန်း (Emergency Logistic Training) ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Kempinski Hotel ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်မြို့ ကျိုက်ဝိုင်းသိုလှောင်ရုံဝင်းအတွင်းရှိ သိုလှောင်ရုံအမှတ်(၁၄) ပြုပြင်မွမ်းမံရန်အတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ နှင့် သိုလှောင်ရုံအတွင်း ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ထိန်းသိမ်းမှုဆိုင်ရာ ဆက်စပ်ပစ္စည်းကိရိယာများအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိပစ္စည်းများအား WFP မှ Head of Supply Chain, Mr. Jean Luc Kohler က လွှဲပြောင်းပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ် ၁၁-၁၂-၂၀၁၇ ရက်တွင် စတင်ဆောင်ရွက်မည်

## ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းနိုင်

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံခြင်းနှင့်ပတ်သက်၍
### သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၂)

နေပြည်တော် ၂၄-၁၁-၂၀၁၇

မြန်မာနိုင်ငံသည် ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှုများသော ကမ္ဘာ့နိုင်ငံ ၂၄ နိုင်ငံတွင် ပါဝင်ပါသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါသည် ဖြစ်ပွားလျှင် ပျောက်ကင်းအောင် ကုသနိုင်သည့်ဆေးမရှိပါ။ ကာကွယ်ဆေးထိုးခြင်းသည်သာ တစ်ခုတည်းသော ကာကွယ်နိုင်သည့်နည်းလမ်း ဖြစ်ပါသည်။ ထို့ကြောင့် ရောဂါဖြစ်နိုင်ခြေရှိပြီး ကာကွယ်ဆေးမရရှိသေးသော အသက်ကိုးလမှ ၁၅ နှစ်အရွယ် ကလေးများကို ကာကွယ်ပေးနိုင်ရန် အစုလိုက်ကာကွယ်ဆေးထိုးအစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ၁-၁-၂၀၁၈ ရက်နေ့မှ စတင်၍ အသက်ကိုးလအရွယ်ကလေးတိုင်းကို ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ အကြံပေးအဖွဲ့၏ နည်းပညာဆိုင်ရာ အကြံပြုမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတစ်ဝန်းလုံးရှိ ရည်မှန်းကလေးငယ် ၁၄ သန်းကျော်ကို ထိုးနှံပေးရန်နှင့် ဘေးကင်းစိတ်ချရသော လုပ်ငန်းဖြစ်စေရန် သေချာစွာ ကြိုတင်ပြင်ဆင်ခဲ့ပါသည်။ ယခုဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်း လုပ်ငန်းတွင် သုံးစွဲလျက်ရှိသည့် ကာကွယ်ဆေးမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြု Japanese Encephalitis Vaccine Live (SA 14-14-2) ကာကွယ်ဆေးဖြစ်ပါသည်။ ထိုကာကွယ်ဆေးအား လူပေါင်းသန်း ၄၀၀ ကျော်ကို ထိုးနှံပေးခဲ့ပြီးဖြစ်ကာ နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် သုံးစွဲလျက်ရှိပါသည်။ ကာကွယ်ဆေးများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကမ္ဘာ့အကြံပေးကော်မတီ (Global Advisory Committee on Vaccine Safety) က အလွန်ဘေးကင်းသော ကာကွယ်ဆေးအဖြစ် (WHO,Weekly Epidemiological Record, No. 28, 2005,80,241–248) တွင် အသိအမှတ်ပြုဖော်ပြထားပါသည်။

၁၅-၁၁-၂၀၁၇ ရက်နေ့မှစတင်၍ ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်ကို စတင်ခဲ့ရာ ၂၃-၁၁-၂၀၁၇ ရက်နေ့ ၁၆း၀၀ နာရီအထိရရှိသော သတင်းအရ ရည်မှန်း ကလေးဦးရေ ၈ ဒသမ ၆ သန်းခန့်အနက် ၈၁၄၂၁၉၀ ဦး ထိုးနှံပေးနိုင်ခဲ့ပြီး ၉၃ ဒသမ ၉ ရာခိုင်နှုန်း လွှမ်းခြုံနိုင်ခဲ့ပါသည်။

၁၆-၁၁-၂၀၁၇ ရက်တွင် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်တွင် အသက် ၁၃ နှစ်အရွယ် ကလေးတစ်ဦးသည် ကာကွယ်ဆေးထိုးနှံပြီးနောက် သေဆုံးခဲ့သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကလေးအထူးကုဆရာဝန်ကြီးများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများက ၁၉-၁၁-၂၀၁၇ ရက်တွင် နည်းပညာဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ရာ ကာကွယ်ဆေး၏ အရည်အသွေး၊ အအေးလမ်းကြောင်းနှင့် ဆေးထိုးနှံသည့် နည်းစနစ်များသည် စနစ်ကျမှန်ကန်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါကလေးသည် ကာကွယ်ဆေးထိုးပြီးနောက် နှစ်နာရီခန့်အကြာတွင် အသက်ရှူရာတွင် အသံမြည်ခြင်း၊ ခေါင်းမူးခြင်းစသည့် လက္ခဏာများ စတင်ဖြစ်ပေါ်ခဲ့ပြီးနောက် နှုတ်ခမ်းပြာနှမ်းခြင်း၊ သွေးပေါင်ချိန်ကျခြင်းများ ဖြစ်ပေါ်ကာ လိုအပ်သောကုသမှုများပေးခဲ့သော်လည်း ကာကွယ်ဆေးထိုးပြီး ခုနစ်နာရီခန့်အကြာတွင် သေဆုံးခဲ့ပါသည်။

သေဆုံးပြီးနောက် ရင်ခွဲစစ်ဆေးချက်နှင့် အသားစ အနုစိတ်စစ်ဆေးချက်များအရ ကာကွယ်ဆေးနှင့်မတည့်လျှင် ဖြစ်ပေါ်တတ်သည့် ပြောင်းလဲမှုများကို လုံးဝမတွေ့ရှိရပါ။ အဆုတ်တွင် ကာလကြာမြင့်စွာ ရောင်ရမ်းနေသည့် လက္ခဏာများ (Chronic bronchopneumonia with haemorrhagic pneumonitis) တွေ့ရှိရပါသည်။ သေဆုံးပြီးနောက် ရောဂါဗေဒဆိုင်ရာစစ်ဆေးချက်သည် အတိကျဆုံးအဖြေကို ပေးနိုင်ပါသည်။

သို့ပါ၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏သုံးသပ်ချက်မှာ ကလေးတွင် ငယ်စဉ်ကတည်းက လေပြွန်ရောင်သောရောဂါရှိခဲ့ပါသည်။ ကာကွယ်ဆေးထိုးပြီးသည့်အချိန်တွင် လေပြွန်ရှုတ်တရက်ကျဉ်းသော လက္ခဏာများ ပြင်းထန်စွာဖြစ်ပေါ်ခဲ့ပြီး လိုအပ်သော ကုသမှုများ ပေးခဲ့သော်လည်း သေဆုံးခဲ့ရခြင်း ဖြစ်နိုင်သည်ဟု သုံးသပ်ပါသည်။

ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးထိုးပြီးနောက်ဆက်တွဲပြဿနာများကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် သာပေါင်းမြို့နယ်တို့တွင် ကာကွယ်ဆေးထိုးပြီးနောက်နှစ်ရက်အကြာနှင့် သုံးရက်အကြာတွင် ကလေးနှစ်ဦးသေဆုံးခြင်းရှိခဲ့ရာ စုံစမ်းစစ်ဆေးချက်အရ အခြားဗိုင်းရပ်စ်ပိုးဝင်ခြင်း (Acute viral infection) ကြောင့် အစာအိမ်နှင့်အူလမ်းကြောင်း၊ နှလုံးနှင့်ကျောက်ကပ်ထိခိုက်ခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း တွေ့ရှိသုံးသပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်ကို ၁၁-၁၂-၂၀၁၇ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ရာ ပိုမိုစိတ်ချရသော ကာကွယ်ဆေးထိုး လုပ်ငန်းဖြစ်စေရန် ကာကွယ်ဆေးမထိုးမီ ကာကွယ်ဆေးမထိုးသင့်သည့် အခြေအနေနှင့်လက္ခဏာများ ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကာကွယ်ဆေးမထိုးသင့်သည့် အခြေအနေကို မိဘများ ပိုမိုသိရှိရန် ကာကွယ်ဆေး မထိုးသင့်သည့်အချက်အလက်များ ပါဝင်သော ဗီနိုင်းပိုစတာများကို ကာကွယ်ဆေးထိုးစုရပ်တိုင်းတွင် ချိတ်ဆွဲပေးခြင်း၊ မိဘများသိရှိလိုသော အချက်အလက်များအတွက် အမေးအဖြေကဏ္ဍများကို ပိုမိုကျယ်ပြန့်စွာ အသိပေးထုတ်ပြန်ခြင်း၊ ကာကွယ်ဆေးထိုးပြီး တစ်နာရီစောင့်ကြည့်ခြင်း၊ မည်သည့်လက္ခဏာမျိုးမဆို ပေါ်ပေါက်ပါက ဆရာဝန်၊ ဆရာမထံချက်ချင်းပြသရန် အသိပေးခြင်း၊ ဘေးကင်းစိတ်ချရသော လုပ်ငန်းဖြစ်စေရန် ထပ်မံအားဖြည့်ဆောင်ရွက်ထားပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက-

(၁) ဒေါက်တာ သန်းထွန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
ဖုန်း- ၀၆၇-၄၃၁၄၆၇၊ ၀၉-၅၄၀၈၉၇၃

(၂) ဒေါက်တာ ထားထားလင်း၊ စီမံချက်မန်နေဂျာ
ဖုန်း- ၀၆၇-၄၂၀၉၂၅၊ ၀၉-၄၂၈၁၈၈၁၈

(၃) ဒေါက်တာ အောင်ကျော်မိုး၊ ဒုတိယညွှန်ကြားရေးမှူး
ဖုန်း- ၀၉၄၂၀၀၉၉၇၈၀ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ဟန်ဂေရီအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အစဉ်အမြဲ ထောက်ပံ့ပေးလျက် ရှိပါတယ်

**ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး Mr. Peter Szijjarto**

**(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသော ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး Mr. Peter Szijjarto အား နိုဝင်ဘာ ၂၁ ရက်က တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်တင်ပြလိုက်ပါသည် ။**

**မေး ။ မြန်မာနိုင်ငံနဲ့ ဟန်ဂေရီနိုင်ငံတို့ရဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ပတ်သက်ပြီး အဓိက ဦးစားပေး သတ်မှတ်ချက်တွေဟာ ဘာတွေ ဖြစ်နိုင်မလဲ။**

ဖြေ ။ ဟန်ဂေရီနဲ့ မြန်မာ နှစ်နိုင်ငံဟာ ပထဝီအနေအထားအရ အလွန်ဝေးကွာစွာ တည်ရှိပါတယ်။ ဒါကြောင့် မို့လို့ ပထမဆုံးအနေနဲ့ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှု ရရှိဖို့လိုအပ်ပါတယ်။ ပြည်သူတွေအကြား ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ဆက်ဆံဖို့အတွက် မြန်မာကျောင်းသားတွေကို ဟန်ဂေရီမှာ လာရောက်ပညာသင်ကြားနိုင်ဖို့ ပညာတော်သင်ဆုကို ပေးအပ်ထားပါတယ်။ အစိုးရကထောက်ပံ့တဲ့ ပညာတော်သင်ဆုဖြစ်ပါတယ်။ အခုလို ပညာတော်သင်ဆုပေးခြင်းအားဖြင့် နှစ်နိုင်ငံ ကျောင်းသားလူငယ်တွေအနေနဲ့ ဆက်ဆံရေးမြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။ ဟန်ဂေရီနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ရေးကို အစဉ်အမြဲအားပေးထောက်ခံလျက်ရှိပါတယ်။ ကမ္ဘာကြီးဟာ တဖြည်းဖြည်းသေးငယ်လာတဲ့အတွက် ကမ္ဘာရဲ့တစ်ဖက်ခြမ်းက ဖြစ်ရပ်တွေဟာ အခြားကမ္ဘာတစ်ဖက်ခြမ်းမှာ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ငြိမ်းချမ်းရေးနဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ ကျွန်တော်တို့ ဟန်ဂေရီအတွက် အရေးပါနေပါတယ်။



ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး Mr. Peter Szijjarto

**မေး ။ နိုင်ငံတကာအသိုက်အဝန်းတွေအနေနဲ့ မြန်မာနိုင်ငံကို ဘယ်လိုပံ့ပိုးမှုတွေ လုပ်ဆောင်ပေးသင့်ပါသလဲ။**

ဖြေ ။ မြန်မာနိုင်ငံဟာ ကြီးမားသော စိန်ခေါ်မှုတွေအကြား ရုန်းကန်နေရဆဲပဲလို့ ကျွန်တော် သိရှိထားပါတယ်။ စိန်ခေါ်မှုတွေနဲ့ ရုန်းကန်နေရတဲ့ နိုင်ငံများစွာရှိပါတယ်။ သို့သော်လည်း ရိုးရိုးသားသားပြောရရင် မြန်မာတစ်နိုင်ငံကိုပဲ ညွှန်းဆိုတာ မဟုတ်ပါဘူး။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံကို ဖိအားမပေးဖို့ ကျွန်တော်တို့ တိုက်တွန်းထားပါတယ်။ ဘာကြောင့်လည်းဆိုတော့ မြန်မာနိုင်ငံကို ဖိအားပေးလွန်းရင် မူလလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိသွားနိုင်တဲ့ အခြေအနေကြောင့် ဖြစ်ပါတယ်။ ဒီအခက်အခဲစိန်ခေါ်မှုတွေကို မြန်မာအစိုးရအနေနဲ့ ဖြေရှင်းနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ မဟုတ်လို့ကတော့ ရွှေ့ပြောင်းသွားလာမှုတွေကို ကိုင်တွယ်ထိန်းသိမ်းနိုင်မှာ မဟုတ်ပါဘူး။ အာရှနိုင်ငံတွေက အတွေ့အကြုံအရ ဒီလိုမျိုးရွှေ့ပြောင်းသွားလာမှုတွေဟာ ဒေသတွင်းမှာ ရပ်တန့်သွားမှု မရှိတဲ့အပြင် ဥရောပဒေသတွေကိုပါ ပျံ့နှံ့ ရောက်ရှိလျက်ရှိပါတယ်။ ကျွန်တော်တို့ အနေနဲ့ နောက်ထပ်ရောက်ရှိလာမယ့် ရွှေ့ပြောင်းသွားလာသူတွေကို လက်မခံလိုတော့ပါဘူး။

**မေး ။ ဟန်ဂေရီရဲ့နိုင်ငံတကာဖွံ့ဖြိုးမှုအစီအစဉ်ဟာ မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်ပါမလဲ။**

ဖြေ ။ စိုက်ပျိုးရေး၊ စားသောက်ကုန်လုပ်ငန်း၊ ရေအရင်းအမြစ်အသုံးချမှု စီမံခန့်ခွဲရေးတို့ဟာ နယ်စပ်ဒေသဖွံ့ဖြိုးရေးမှာအရေးပါတဲ့လုပ်ငန်းသုံးရပ်ဖြစ်တယ်လို့ ကျွန်တော်နားလည်ထားပါတယ်။ ဒီလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် ဟန်ဂေရီအစိုးရက ၁၈ နှစ်ကြာ ချေးငွေကို အတိုးနည်းနည်းနဲ့ ထုတ်ချေးဖို့ကမ်းလှမ်းထားပါတယ်။ ဒီအစီအစဉ်က မကြာခင် စတင်တော့မှာပါ။ ဒီချေးငွေကနေ အရေးကြီးတဲ့နယ်ပယ်တွေဖြစ်တဲ့ စိုက်ပျိုးရေး၊ စားသောက်ကုန်လုပ်ငန်း၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုတွေကို အဆင့်မြှင့်တင်ဖို့ ဖြစ်ပါတယ်။ မြန်မာအစိုးရဘက်က ခွင့်ပြုရင် အဲ့ဒီ ရင်းနှီးမြှုပ်နှံမှုတွေ မကြာခင် စတင်တော့မှာ ဖြစ်ပါတယ်။ ဟန်ဂေရီနိုင်ငံက နည်းပညာကုမ္ပဏီတွေကလည်း မြန်မာနိုင်ငံဈေးကွက်မှာ ရောက်ရှိလာမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

**မေး ။ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေဟာ ဘာတွေဖြစ်နိုင်မလဲလို့ လူကြီးမင်း ထင်ပါသလဲ။**

ဖြေ ။ ဟန်ဂေရီနိုင်ငံရဲ့ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ဟာ ၁၉၉၀ ခုနှစ်ရောက်ခါမှ ပြီးဆုံးသွားခဲ့ပါတယ်။ အဲဒီအသွင်ကူးပြောင်းရေးကာလအတွင်းမှာ ကျွန်တော်တို့ဟာ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ တရားမျှတမှုရရှိရေးအတွက် များစွာတိုက်ပွဲဝင်ခဲ့ရပါတယ်။ ဟန်ဂေရီပြည်သူတွေဟာ လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေလို့ ယနေ့အထိ ခေါ်ဆိုသုံးနှုန်းနေကြတယ်ဆိုတာ အကြောင်းမဲ့တော့ မဟုတ်ပါဘူး။ နိုင်ငံအုပ်ချုပ်ရေးနဲ့ပတ်သက်ပြီး အတွေ့အကြုံများစွာရှိနေတဲ့ မြန်မာနိုင်ငံက ခေါင်းဆောင်တွေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ကောင်းမွန်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော် လုံးဝယုံကြည်ပါတယ်။ နိုင်ငံတကာရဲ့ ထောက်ခံမှုများစွာရရှိနေတဲ့ မြန်မာနိုင်ငံက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် ချောချောမောမော လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ မကြာသေးမီကဖြစ်ပွားတဲ့ ရခိုင်ပြည်နယ် အကျပ်အတည်းနဲ့ပတ်သက်ပြီး နိုင်ငံတကာ မီဒီယာတွေက သတင်းမှား အချို့ကို ရေးသားထုတ်ပြန်ခဲ့ကြပါတယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဟန်ဂေရီနိုင်ငံရဲ့ သဘောထားရပ်တည်ချက်ကို သိလိုပါတယ်။**

ဖြေ ။ ဟန်ဂေရီမှာလည်း အစိုးရတက်လာပြီး လွန်ခဲ့တဲ့ ခုနစ်နှစ်အထိ မီဒီယာရဲ့တိုက်ခိုက်မှုကို ခံခဲ့ရတာပါ။ ဟန်ဂေရီအကြောင်းနဲ့ပတ်သက်ပြီး နိုင်ငံတကာမီဒီယာတွေရဲ့ ရေးသားချက်တွေကို ခင်ဗျား ယုံကြည်မယ်ဆိုရင် အခုလို ကျွန်တော်နဲ့ အင်တာဗျူးလုပ်စရာအကြောင်းမရှိပါဘူး။ နိုင်ငံတကာ မီဒီယာကို စနစ်တကျ ကိုင်တွယ်ရမယ်ဆိုတာတော့ နိုင်ငံတိုင်းသတိထားမိပါလိမ့်မယ်။ ဥပမာအားဖြင့် ဟန်ဂေရီနယ်စပ်ကို တရားမဝင်ရွှေ့ပြောင်းလာသူတွေ ကျူးကျော်ဝင်ရောက်လာတုန်းက ရဲတပ်ဖွဲ့က ကာကွယ်ခဲ့ပါတယ်။ ရဲတပ်ဖွဲ့က နယ်စပ်ကိုကာကွယ်ဖို့ လုပ်တဲ့အခါ သူတို့က ကျောက်တုံးတွေ၊ ပုလင်းတွေနဲ့ တိုက်ခိုက်ပါတယ်။ မိနစ်အနည်းငယ်အကြာမှာ ဟန်ဂေရီရဲတပ်ဖွဲ့က အပြစ်မဲ့တဲ့ တရားမဝင်ရွှေ့ပြောင်းလာသူတွေကို တိုက်ခိုက်ကြောင်း နိုင်ငံတကာမီဒီယာမှာရေးသားကြပါတယ်။ ဒါကြောင့် နိုင်ငံတကာမီဒီယာရဲ့ ဖော်ပြချက်ကို ကျွန်တော်တို့ အလေးထားပါတယ်။ မြန်မာနိုင်ငံအပေါ် မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်နဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့ အလေးထားပါတယ်။ မီဒီယာတွေ အဓိပ္ပာယ်ကောက်လွဲတတ်တာကိုလည်း ကျွန်တော်တို့သိပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံမှာ အခုဖြစ်ပေါ်နေတဲ့အခက်အခဲတွေကို မြန်မာအစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေအရ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ဖိအားတွေရှိတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။

**မေး ။ မြန်မာနိုင်ငံရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး လူကြီးမင်းအနေနဲ့ အကောင်းဘက်က ဘယ်လိုရှုမြင်ပါသလဲ။**

ဖြေ ။ တကယ်တမ်းပြောရမယ်ဆိုရင်တော့ မြန်မာနိုင်ငံဟာ အရင်က စီးပွားရေး အလွန်နိမ့်ကျတဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာတော့ မြန်မာနိုင်ငံဟာ စီးပွားရေး စတင်ဖွံ့ဖြိုးနေပါပြီ။ မြန်မာနိုင်ငံအနေနဲ့ ဒီလိုမျိုးအဆင့်အထိရောက်အောင် တိုးတက်လာဖို့ဟာ များစွာပေးဆပ်ခဲ့ရတယ်ဆိုတာ ကျွန်တော်တို့ ဟန်ဂေရီနိုင်ငံသားတွေ သိပါတယ်။ ဒီအဆင့်ရောက်ဖို့ မြန်မာနိုင်ငံသားတွေအနေနဲ့ ဆင်းရဲဒုက္ခတွေနဲ့အတူ ရုန်းကန်ခဲ့ရတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အင်တိုက်အားတိုက် ဆက်လက်အကောင်အထည်ဖော်ရင်းနဲ့ အောင်မြင်မှုကို မလွဲမသွေ ရရှိမှာဖြစ်ကြောင်း ကျွန်တော်ပြောချင်ပါတယ်။

**ဘာသာပြန်- ကျော်သဲအိမ်၊ စိုးသူရ**

# ရခိုင်ဒေသနဲ့ပတ်သက်ပြီး အခုထုတ်လွှင့်မယ့် အစီအစဉ်ကို ပြည်သူတွေ ကြည့်ရှုရင် တကယ့်ဖြစ်ရပ်မှန်တွေ သိနိုင်မယ်လို့ မျှော်လင့်ပါတယ်

**ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)က Sunday Talk အစီအစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၁၀ နာရီတွင် ထုတ်လွှင့်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် "ရခိုင်ဒေသအခြေအနေနှင့် ပြည်တွင်းပြည်ပ သုံးသပ်ချက်များ" ခေါင်းစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်တို့က ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**"မြန်မာ့ရုပ်မြင်သံကြားတင်မကဘဲ အခြားရုပ်မြင်သံကြား Channel တွေက တစ်ဆင့် ကမ္ဘာကိုပါ သိရှိနိုင်အောင် ထုတ်လွှင့်ပြသနိုင်မယ်ဆိုရင် မြန်မာနိုင်ငံအပေါ်မှာ စွပ်စွဲပြောဆိုနေတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး မှားနေတဲ့ ကိစ္စတွေကို အမှန်တစ်ခုနဲ့ ချေဖျက်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"**

Sunday Talk အစီအစဉ် တင်ဆက်သူ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က "Sunday Talk အစီအစဉ်ဆိုတာ မြန်မာ့ရုပ်မြင်သံကြား(MRTV)ကနေ အပတ်စဉ် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီနဲ့ ညနေ ၅ နာရီခွဲမှာ ထုတ်လွှင့်နေတဲ့ အစီအစဉ်ဖြစ်ပါတယ်၊ လာမယ့် နိုဝင်ဘာ ၂၆ ရက် တနင်္ဂနွေနေ့မှာ ပြသမယ့်အစီအစဉ်ကတော့ ထူးခြားတဲ့ အစီအစဉ်တစ်ခုလို့ ပြောလို့ရပါတယ်၊ ပြည်သူတွေ စိတ်ဝင်စားမယ့် အစီအစဉ်တစ်ခုဖြစ်ပါတယ်၊ အဲဒါကတော့ ရခိုင်ဒေသ အခြေအနေနဲ့ ပြည်တွင်းပြည်ပ သုံးသပ်ချက်များ ခေါင်းစဉ်နဲ့ ထုတ်လွှင့်မယ့်အစီအစဉ် ဖြစ်ပါတယ်၊ အဲဒီအစီအစဉ်မှာ အစီအစဉ်တင်ဆက်သူ ကျွန်တော်နဲ့အတူ ပါဝင်ဆွေးနွေးမယ့်သူတွေကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနဲ့ UEHRD ရဲ့ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်တို့ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ရခိုင်ဒေသမှာ ဖြစ်ပျက်ခဲ့သည့် အခြေအနေနှင့်ပတ်သက်ပြီး တစ်ကမ္ဘာလုံးက အာရုံစိုက်နေကြကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး တာဝန်ရှိသူ အဆင့်ဆင့်ကလည်း စနစ်တကျ



ထိန်းသိမ်းစီမံဆောင်ရွက်နေကြောင်း၊ ထိုသို့ ဆောင်ရွက်နေသည့်ကြားမှ နိုင်ငံတကာ၏ ဖိအားများ အမျိုးမျိုးရှိနေကြောင်း၊ ယခုအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်တို့က လက်ရှိအစိုးရ၏ ဆောင်ရွက်ချက်များ၊ လတ်တလော မည်သို့ဆောင်ရွက်နေသည်၊ ရခိုင်အရေးကိစ္စအပေါ် မည်သို့မြင်သည် စသည့်သုံးသပ်ချက်များပါမည် ဖြစ်ကြောင်း၊ ရခိုင်ကိစ္စတွင် တာဝန်ရှိသူအဆင့်ဆင့်က မည်သို့စေတနာထားပြီး ဆောင်ရွက်နေသည်ကို ပြည်သူကို အသိပေးလိုခြင်းဖြစ်ကြောင်း၊ ပြည်သူကို အသိပေးလိုသည့်အတွက် အပတ်စဉ်ပြုလုပ်နေကျ Sunday Talk အစီအစဉ်မှတစ်ဆင့် ပြောဆိုဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံအတွက် အကျိုးရှိမည့်အစီအစဉ်တစ်ခုဖြစ်ပြီး ပြည်သူအားလုံးစိတ်ဝင်စားနေသည့် ရခိုင်ဒေသအခြေအနေကို Sunday Talk အစီအစဉ်မှတစ်ဆင့် အများပြည်သူ သိရှိရန် ပြောဆိုကြမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုသည်ဟု ဦးကိုကိုက ဆိုသည်။

"အခု ဒီလိုအရေးကြီးတဲ့ issue တွေကို Sunday Talk ကနေ တင်ဆက်ဖို့ အခွင့်အရေးရတာကလည်း Sunday Talk ရဲ့ အောင်မြင်မှုတစ်ခုလို့လည်း ခံယူပါတယ်၊ ရခိုင်ဒေသနဲ့ပတ်သက်ပြီး အခုထုတ်လွှင့်မယ့်အစီအစဉ်ကို ပြည်သူတွေ စောင့်မျှော်ကြည့်ရှုရင် တကယ့်ဖြစ်ရပ်မှန်တွေ သိနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ မြန်မာ့ရုပ်မြင်သံကြားတင်မကဘဲ အခြားရုပ်မြင်သံကြား Channel တွေကတစ်ဆင့် ကမ္ဘာကိုပါ သိရှိနိုင်အောင် ထုတ်လွှင့်ပြသနိုင်မယ်ဆိုရင် မြန်မာနိုင်ငံအပေါ်မှာ စွပ်စွဲပြောဆိုနေတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး မှားနေတဲ့ ကိစ္စတွေကို အမှန်တစ်ခုနဲ့ ချေဖျက်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

မြန်မာ့ရုပ်မြင်သံကြားက Sunday Talk အစီအစဉ်ကို ပြန်လည်တင်ဆက်နေသည်မှာ တစ်နှစ်ကျော်ကာလရှိပြီး ပြည်သူများ စိတ်ဝင်စားသည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အကြောင်းအရာများ တင်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

**ရီရီမြင့်**

# မိမိနိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိစေပြီး ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ဖော်ဆောင်သွားမည်

နေပြည်တော် နိုဝင်ဘာ ၂၄

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီ လေးခုဖြင့် ဆောင်ရွက်ခဲ့ရာ တွေ့ရှိချက်များ၊ အတွေ့အကြုံများအရ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သာမက မြန်မာတစ်နိုင်ငံလုံး၏ အရေးကိစ္စဖြစ်သလို ကမ္ဘာက ပါဝင်ပတ်သက်မှုရှိလာသည့် အရေးကိစ္စတစ်ခု ဖြစ်လာကြောင်း တွေ့ရှိလာရပြီး ထိုအရေးကိစ္စများကိုဖြေရှင်းရာတွင် မစ္စတာ ကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ တစ်နှစ်ကြာ လေ့လာတွေ့ရှိ သုံးသပ် ဖော်ထုတ်ချက်များအရ ထွက်ပေါ်လာသည့် အကြံပြုချက်များအနက်မှ မိမိနိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိစေပြီး ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

ပြီးခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရခိုင်ဒေသတွင် မှီတင်းနေထိုင်ကြသူများ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်များ၊ နေရပ်စွန့်ခွာခဲ့ရသည်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရပ်တန့်သွားခဲ့ရသည်များ ရှိခဲ့ကြောင်း၊ အစိုးရအနေဖြင့် လူသားချင်းစာနာမှုအကူအညီများကို ချက်ချင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် အားလုံးအပေါ် ပြည့်ပြည့်စုံစုံဖြင့်လွှမ်းခြုံနိုင်ရန် ခက်ခဲကြောင်း၊ ရေရှည်ဖြစ်တည်ခဲ့သည့် တိုင်းရင်းသားများ၏ ပြင်းထန်သည့်စိတ်ခံစားမှုများအရ UN, INGOs များထံမှ အထောက်အပံ့အကူအညီများ လက်မခံနိုင်သည်ကို မိမိတို့ရင်ဆိုင်လာရကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းအင်အားကို စုစည်း၍ ရခိုင်ဒေသအရေးကိစ္စများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုစီမံကိန်းတစ်ခုဖြစ်သည့် Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ UEHRD ၏လုပ်ငန်းများသည် အစိုးရတစ်ခုတည်း၏ ဆောင်ရွက်ချက်မဟုတ်ဘဲ ပြည်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်သည့် ပြည်ထောင်စု စီမံကိန်းလုပ်ငန်းဖြစ်ကြောင်း၊ ပါဝင်ဆောင်ရွက်သူများနှင့် ဆောင်ရွက်မည့် ပုံစံများလည်း ပြောင်းလဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

UEHRD ၏အစီအစဉ်အရ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ ကိုးဖွဲ့ဖြင့်လည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်းလည်း ရှိပြီးဖြစ်သဖြင့် UEHRD ၏လုပ်ငန်းများ၊ မိမိတို့ကော်မတီ၏ လုပ်ငန်းများအားလုံးကို ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ချက်များအပေါ် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာသည်များရှိကြောင်း၊ ယခု UEHRD ၏ လုပ်ငန်းတစ်ခုဖြစ်သည့် ပြည်သူ့အတွက် လူငယ် ရက် ၂၀ အစီအစဉ်အရ လူငယ် ၄၀ ပါဝင်သည့် ပထမအသုတ်ဖြင့် ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် လူသားချင်းစာနာမှု ထောက်ပံ့ကူညီရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဒုတိယအသုတ်ကို ထပ်မံစေလွှတ်ရေးဆောင်ရွက်နေကြောင်း၊ ထိုလူငယ်အဖွဲ့အနေဖြင့် ထောက်ပံ့မှုသာမက ပြည်သူတို့၏လိုအပ်ချက်များကို လေ့လာမေးမြန်းခြင်းနှင့် ပြည်သူတို့၏ တစ်ဦးချင်းအလိုက် ကျွမ်းကျင်သည့်၊ ဆောင်ရွက်လိုသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း မေးမြန်းခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့် ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်စဉ်ကပင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက်လည်း စီစဉ် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ယခု UEHRD ၏ အစီအစဉ်အရ မီးလောင်ကျေးရွာများ ပြန်လည်တည်ဆောက်ရေး၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ပြန်လည်လက်ခံရေးအတွက် အဆောက်အအုံများ ဆောက်လုပ်၊ ပြင်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ နှစ်ဖက်အသိုင်းအဝိုင်းနှစ်ခု ရင်ဆိုင်နေရသည့် အခက်အခဲများကို အတတ်နိုင်ဆုံး၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားသော နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေး အဓိကကျသဖြင့် လုံခြုံရေးကိုလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးစနစ်ကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေကြောင်း၊ Community Policing System ဖြင့်လည်း ဆောင်ရွက်နေကြောင်း၊ လူမှုသဟဇာတဖြစ်ရေးသည်လည်း အဓိကကျသည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ နှစ်ဖက် အသိုင်းအဝိုင်းအကြား သဟဇာတဖြစ်နေပါက လုံခြုံရေး တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ ယုံကြည်မှု တည်ဆောက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ယုံကြည်မှု၊ သဟဇာတရှိမှု၊ လုံခြုံရေးကောင်းမွန်မှုတို့ရှိပါက ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း မီဒီယာအားကောင်းစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအပေါ် နိုင်ငံတကာ၏ စွပ်စွဲချက်များကို မီဒီယာဖြင့် ပြန်လည်တုံ့ပြန်နိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နိုင်ငံအတွင်း အဖြစ်မှန်များ၊ မိမိတို့၏ လက်တွေ့ကြိုးစားအားထုတ် ဖြေရှင်းဆောင်ရွက်နေမှုများကို မီဒီယာမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ရခိုင်ဒေသအရေး ဖြေရှင်းဆောင်ရွက်မှုများကို မိမိတို့အားလုံး ပိုမိုအားထည့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် အကြံပြုချက်များအရ ဆောင်ရွက်ရန်ရှိသည်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ကျောက်ဖြူ၊ ပေါက်တော၊ ရမ်းဗြဲမြို့နယ်များတွင်လည်း ပြန်လည်နေရာချထားရေး အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် လိုအပ်ချက်များကိုလည်း ယခုထက် ပိုမိုဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာကဏ္ဍကိုလည်း ဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် အကြံပြုချက်များနှင့် UEHRD ၏လုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပါက ရခိုင်ပြည်နယ် သိသိသာသာ တိုးတက်ပြောင်းလဲလာမည်ဟု ယုံကြည်ကြောင်း၊ ပြန်လည်လက်ခံရေး၊ စပါးရိတ်သိမ်းသိုလှောင်ရေး၊ ရောင်းချရေးများလည်း ညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ လတ်တလော ဆောင်ရွက်ရသည့် လုပ်ငန်းများ အဆင်ပြေစေရေးဆောင်ရွက်လျက်ရှိသလို ရေရှည်လုပ်ငန်းများကိုလည်း သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နက်နဲသိမ်မွေ့ပါကြောင်း၊ ပေါင်းစည်းအင်အားဖြင့် အကောင်းဆုံးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များက လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဖြစ်ပေါ်တိုးတက်မှုများ၊ အခက်အခဲများ၊ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဆုံးဖြတ်ပေးရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြရာ ကော်မတီဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် အပိုဒ် ၆၀ တွင် ဖော်ပြပါရှိသည့် အစိုးရအနေဖြင့် လူ့အဖွဲ့အစည်းများအကြား စေ့စပ်ဆွေးနွေးညှိနှိုင်းပွဲများကို အားပေးဆောင်ရွက်ပေးသင့်ကြောင်း ဖော်ပြချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ယမန်နေ့ ညနေပိုင်းက ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နှစ်ရက်တာ ကျင်းပခဲ့သော " Diversity Management in the Age of Globalization" Symposium တွင် ရှင်းလင်းဆွေးနွေးခဲ့ကြသော ကမ္ဘာ့အရပ်ရပ်မှ မတူကွဲပြားမှုစီမံခန့်ခွဲရေးလုပ်ငန်းများ၊ အတွေ့အကြုံများနှင့် သင်ခန်းစာများအား မှတ်သား၍ မိမိတို့ ရပ်ရွာဒေသတွင် လိုက်လျောညီထွေရှိစွာ ပြန်လည်အသုံးချနိုင်ရေး၊ ယနေ့ တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်မှ မတူညီသော လူမျိုးများနှင့် အဖွဲ့အစည်းများအား တစ်စုတစ်စည်းတည်း ရှိနေခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး တူညီမှုရှိနိုင်မည် မဟုတ်ဘဲ ထိုသို့ မတူကွဲပြားမှုများ ပေါင်းစု၍ အင်အားတစ်ရပ်အဖြစ် ကြိုးစား ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လူမျိုးစွဲ ဝါဒစွဲမထားဘဲ အားလုံးပေါင်းစည်း၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွက် UEHRD တည်ထောင်၍ ဒေသဖွံ့ဖြိုး တိုးတက်ရေး




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲတွင် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

အလေးပေး ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လူငယ်မူဝါဒအား အတည်ပြုပြီးဖြစ်၍ မူဝါဒ အကောင်အထည်ဖော်မှုအဖြစ် မတူညီသော အဖွဲ့အစည်းအသီးသီးမှ စေတနာ့ဝန်ထမ်း လူငယ်များအား ဖိတ်ခေါ်၍ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းမှုသည် ဆက်စပ်နေ၍ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာလုပ်ငန်း အဖွဲ့ကိုးဖွဲ့ကို ဖွဲ့စည်းထားပြီး ဒေသတွင်း လိုအပ်ချက်များ လေ့လာ၍ အကောင်အထည်ဖော် ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ အကျိုးရှိစွာ ပေါင်းစည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲတက်ရောက်လာကြသော သက်လူမျိုး၊ သက္ကမ(ဒိုင်းနက်)လူမျိုး၊ မြိုလူမျိုး၊ ခမီလူမျိုး၊ မရမာကြီးလူမျိုး၊ ဟိန္ဒူဘာသာဝင် ကိုယ်စားလှယ်၊ ကမန် ကိုယ်စားလှယ်၊ အစ္စလာမ်ဘာသာဝင် ကိုယ်စားလှယ်နှင့် ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်တို့က လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီဝင်များက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောခရိုင် ကျောက်ပန္နကျေးရွာသစ်တည်ဆောက်မှု ရာခိုင်နှုန်း ၅၀ ပြီးစီး၊ ယခု ဘတ်ဂျက်နှစ်အကုန် ပြီးစီးရန် လျာထားဆောင်ရွက်

မောင်တော နိုဝင်ဘာ ၂၄

**နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် မောင်တောခရိုင်တောင်ပိုင်း မောင်တောမြို့နယ်တွင် တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျောက်ပန္နကျေးရွာသစ်တစ်ရွာကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ လတ်တလောတွင် ရာခိုင်နှုန်း ၅၀ ပြီးစီးနေပြီ ဖြစ်ကြောင်းနှင့် ယခု ဘတ်ဂျက်နှစ်ကုန်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။**



မောင်တောခရိုင် ဒေသ ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြား ရေးမှူး ဦးစိုးလွင်။

"အခု အကောင်ထည်ဖော် တည်ဆောက်ပေးတဲ့ တန်ဖိုးနည်း နေအိမ်အလုံး ၁၀၀ က ဒုတိယသမ္မတ လမ်းညွှန်ချက်အရ ကျွန်တော်တို့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ အကောင်အထည်ဖော် တည်ဆောက်ပေးတာ ဖြစ်ပါတယ်၊ အရင် ကျောက်ပန္နရွာဟောင်းကတော့ အိမ်ခြေ ၇၀ လောက် ရှိတယ်၊ အခု တည်ဆောက်ပေးတာက ထပ်တိုးကျေးရွာသစ် ထပ်မံ တိုးချဲ့ပေးတဲ့သဘောပါ၊ ဒေသခံတိုင်းရင်းသားတွေအတွက် ရည်ရွယ်ဆောက်လုပ်ပေးတာဖြစ်ပါတယ်၊ ကျေးရွာသစ် အိမ်ခြေ ၁၀၀ မှာ အရင် ကျောက်ပန္နရွာဟောင်းက မိသားစု အိမ်ထောင်ကွဲတွေနဲ့ တခြားမြို့နယ်က ဆန္ဒပြုထားတဲ့ မိသားစုတွေကို နေရာချထားပေးသွားမှာပါ၊ အားလုံး နိုင်ငံတော်က အကုန်အကျခံ တည်ဆောက်ပေးတာ ဖြစ်ပါတယ်၊ လတ်တလောမှာတော့ ရာခိုင်နှုန်း ၅၀ ပြီးစီးနေပါပြီ၊ အခု ဘတ်ဂျက်နှစ်ကုန်မှာ ရာနှုန်းပြည့် ပြီးစီးမှာ ဖြစ်ပါတယ်"ဟု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မောင်တောခရိုင် ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

အဆိုပါ တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျောက်ပန္နကျေးရွာသစ်ကို ပြီးခဲ့သည့် မတ်လပိုင်းက စတင် အကောင်အထည်ဖော်ခဲ့ပြီး နယ်စပ်ဒေသ ရန်ပုံငွေကျပ် သန်းပေါင်း ၆၅၀ ဖြင့် လျာထားဆောင်ရွက်လျက်ရှိသည်။ ၎င်းကျေးရွာသစ်တွင် အလယ်တန်းကျောင်း၊ ဈေး၊ ဆိုလာ အသေးစား စက်ရုံ၊ ဘုန်းတော်ကြီးကျောင်း၊ ရဲစခန်း၊ ရေကန်၊ အုပ်ချုပ်ရေးမှူးရုံး၊ ကျန်းမာရေးဌာနခွဲ၊ အားကစားကွင်းမြေနေရာ စသည်ဖြင့် ကျေးလက်ဒေသတစ်ခုတွင် ရှိသင့်ရှိထိုက်သော ကဏ္ဍများ ပါဝင်ထည့်သွင်းထားပြီး မောင်တောမြို့တောင်ပိုင်း မောင်တော- အငူမော် ကားလမ်းဘေးတွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

"ဒီကျေးရွာသစ် အကောင်အထည်ဖော် တည်ဆောက်တဲ့အခါမှာ အလုပ်သမား အခက်အခဲရှိသလို ဒီကြားထဲ တည်ဆောက်ဆဲကာလမှာ မုန်တိုင်းနဲ့ တွေ့လိုက်တော့ ဆောက်ပြီးသား အိမ်တွေက ပျက်သွားခဲ့တယ်၊ ပြန်စတင်တဲ့အခါမှာလည်း ဩဂုတ် ၂၅ ရက် အရေးအခင်းက ဖြစ်သွားပြန်တော့ လုပ်ငန်းတွေ ယာယီရပ်နားထားခဲ့ရတယ်၊ အောက်တိုဘာ ၃၁ ရက်ကစပြီး ပြန်ပြီး စတင်ဆောင်ရွက်နေတယ်၊ ခုနောက်ပိုင်း ဘာအခက်အခဲမှ မဖြစ်ရင်တော့ ဒီဘဏ္ဍာနှစ်ကုန် မတ်လထဲမှာ ပြီးစီးဖို့ လျာထားဆောင်ရွက်နေပါတယ်"ဟု မောင်တောခရိုင် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ထပ်မံရှင်းပြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် စတင် အကောင်ထည်ဖော်နေသော ကျောက်ပန္နကျေးရွာသစ်သည် အကျယ်အဝန်းအားဖြင့် ၂၁ ဧက ကျယ်ဝန်းပြီး ဒေသခံ Family Ayechan ကုမ္ပဏီက တာဝန်ယူကာ အလုပ်သမား ၆၀ ဝန်းကျင်ဖြင့် နေ့စဉ် တည်ဆောက်လျက်ရှိရာ လတ်တလော ရာခိုင်နှုန်း ၅၀ ကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျေးရွာသစ် အိမ်ခြေ ၁၀၀ ကို မိုးရာမုန်တိုင်း မကျရောက်မီ Precast အိမ်အမျိုးအစား တည်ဆောက်ခဲ့ပြီး ယခု လတ်တလောတွင် ဒေသနှင့်လျော်ညီသော အုတ်စီ၊ သွပ်မိုးအိမ် အမျိုးအစား ပြောင်းလဲ တည်ဆောက်လျက်ရှိသည်။ အိမ်တစ်လုံးချင်း တန်ဖိုးမှာ ကျပ် ၆၅ သိန်း ကုန်ကျမည်ဖြစ်ပြီး ဒေသတွင်း တိုင်းရင်းသားလူမျိုးများ နေထိုင်နိုင်ရန်အတွက် အမြန်ဆုံး အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိကာ မောင်တော ခရိုင်အတွင်း ယခုကဲ့သို့ အလားတူ တန်ဖိုးနည်းနေအိမ် ကျေးရွာသစ်များ ထပ်မံတိုးချဲ့တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ- မင်းထက်**



တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျောက်ပန္နကျေးရွာသစ် တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။



## မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ် ထုတ်ပေးရေးနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအနက် ဦးစားပေးလုပ်ငန်း တစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေး လုပ်ငန်းများအား ယနေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက မောင်တောမြို့နယ် ရွှေဇားကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး(**အပေါ်ပုံ**) NV Card လာရောက် ဆောင်ရွက်သူများအား ခြင်ထောင်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေး အပ်သည်။

ယင်းလုပ်ငန်းစဉ်သည် ယခင်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဩဂုတ်လ ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်မှစ၍ ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ စတင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ National ID စနစ်အတွက် Biometric နည်းဖြင့် စိစစ်မှတ်တမ်းတင် ဆောင်ရွက်၍ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးပြီးသူမှာ အမျိုးသား ၆၀၃ ဦး၊ အမျိုးသမီး ၃၉၀ စုစုပေါင်း ၉၉၃ ဦးရှိပြီး National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့် မှတ်တမ်းတင်ပြီးသူ အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၄၆ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသခံ ရွာသူ ရွာသားများအား NV Card ထုတ်ပေးခြင်းနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားအဖြစ် အသိအမှတ် ပြုသင့်သူများကို အသိအမှတ်ပြု၍ နိုင်ငံသားအခွင့်အရေးရရှိစေရေးအတွက် နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ် (National Verification Process) အား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူ၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော ကျေးရွာများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ စုစုပေါင်း ဧက ၂၈၂၄ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန် ကျေးရွာများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၃ ရက် အထိ စုစုပေါင်း ၂၂၆ ဧကကို ရိတ်သိမ်းပြီး ဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလု၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၂၃ ရက် အထိ စုစုပေါင်း ၂၁၄ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ကျေးရွာများနှင့် ဦးစိုးတင့် ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၂၃ ရက်အထိ စုစုပေါင်း ၁၀၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသားကျေးရွာ(**အောက်ပုံ**) များတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၃ ရက် အထိ စုစုပေါင်း ၁၁၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၃ ရက်အထိ စုစုပေါင်း ၁၄၂ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်း လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၂၃ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ကလေးအလုပ်သမား ရေရှည်ပပျောက်ရေး စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်

**နေပြည်တော်  နိုဝင်ဘာ  ၂၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် အာဂျင်တီးနားနိုင်ငံ Buenos Aires မြို့တွင် ကျင်းပသည့် ကလေးအလုပ်သမား ရေရှည်ပပျောက်ရေးဆိုင်ရာ စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ညီလာခံသို့ နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ တက်ရောက်ခဲ့ပြီး နိုင်ငံတကာမှ အစိုးရအဖွဲ့ဝင်များ၊ အလုပ်သမား၊ အလုပ်ရှင်နှင့် လူမှုအဖွဲ့အစည်းများ၏ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ အဆိုပါ ညီလာခံတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ ဖိတ်ကြားထားသူ ကိုယ်စားလှယ် ၂၀၀၀ ခန့် တက်ရောက်သည့် ညီလာခံတစ်ခုလည်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ မူဝါဒများနှင့် ကောင်းမွန်သော အလေ့အထများကို မျှဝေနိုင်ရန်ရည်ရွယ် ကျင်းပခြင်းဖြစ်သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ကလေးအလုပ်သမားဆိုင်ရာ ညီလာခံကို ၂၀၁၇ ခုနှစ်တွင် အာဂျင်တီးနားအစိုးရနှင့် အိုင်အယ်လ်အိုတို့ ပူးပေါင်း၍ အာဂျင်တီးနားနိုင်ငံတွင် ကျင်းပပြုလုပ်ခြင်းဖြစ်ရာ Sustainable Development Goals (SDGs) Target 8.7 တိုက်တွန်းချက်ပါ ကလေးအလုပ်သမား ပပျောက်ရေးအတွက် နိုင်ငံတကာအဆင့် ကတိကဝတ်ပြုမှုကို တိုးမြှင့်ရန်၊ တက်ရောက်လာသည့် နိုင်ငံအချင်းချင်း ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အတွေ့အကြုံစိန်ခေါ်မှုနှင့် နည်းလမ်းကောင်းများ မျှဝေနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။




အဆိုပါ ညီလာခံမှ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ မူဝါဒများ၊ ကောင်းမွန်သော အလေ့အထများနှင့် ကြားဝင်ဆောင်ရွက်မှုပုံစံများအပြင် မူဝါဒချမှတ်မှု နည်းပညာရပ်ဆိုင်ရာ အကြောင်းအရာများ ဆွေးနွေးခြင်းမှ သင်ခန်းစာများနှင့် အတွေ့အကြုံများ အပြန်အလှန်မျှဝေနိုင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ILO ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကလေးအလုပ်သမားပပျောက်ရေး ဆောင်ရွက်မှုကို များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ရာ မိမိနိုင်ငံ၏ ကလေးအလုပ်သမား ပပျောက်ရေး ဆောင်ရွက်မှုအခြေအနေနှင့် အတွေ့အကြုံများကို မျှဝေနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံက ကလေးအလုပ်သမားပပျောက်ရေးအတွက် ILO Convention-182 ကို လက်ခံကျင့်သုံးပြီး အချိန်တိုကာလအတွင်း ကလေးအလုပ်သမားပပျောက်ရေး သန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်ရေးဆွဲကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရေးဆောင်ရွက်နေမှု၊ အလုပ်လုပ်နိုင်သည့် ကလေးများ၏ အနိမ့်ဆုံးအသက်ကို ပြင်ဆင်သတ်မှတ်နိုင်ခဲ့မှုနှင့် ကလေးများအတွက် ဘေးအန္တရာယ်ရှိသော အလုပ်စာရင်းပြုစုနေမှု အခြေအနေများနှင့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းနိုင်မည့်အခြေအနေ (၂၀-၁၁-၂၀၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး) ကို ညီလာခံသို့ တင်ပြနိုင်ခဲ့ခြင်း၊ အဖွဲ့ဝင်နိုင်ငံများက ညီလာခံ တတိယနေ့တွင် ကလေးအလုပ်သမားနှင့် အဓမ္မခိုင်းစေမှု ပပျောက်ရေး ကတိကဝတ်ပြုသည့် Buenos Aires ကြေညာစာတမ်း ထုတ်ပြန်မှု အခမ်းအနားတွင် ပါဝင်တက်ရောက်နိုင်ခဲ့ခြင်း၊ အဆိုပါ ကြေညာစာတမ်းအရ အဖွဲ့ဝင်နိုင်ငံများက ၂၀၂၀ ပြည့်နှစ်တွင် အဓမ္မခိုင်းစေမှုပပျောက်ရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် အဓမ္မခိုင်းစေမှု ပပျောက်ရေး ဆောင်ရွက်မည့်အခြေအနေကို သိရှိရခြင်း၊ ညီလာခံအတွင်း Plenary အစည်းအဝေးကိုးခု ကျင်းပခဲ့ပြီး မိမိနိုင်ငံနှင့် သက်ဆိုင်သော Plenary အစည်းအဝေးများတွင် ပါဝင်တက်ရောက်နိုင်ခဲ့ခြင်း၊ အလုပ်ရှင်၊ အလုပ်သမားသမဂ္ဂများက စိုက်ပျိုးရေးကဏ္ဍ၊ အထူးသဖြင့် ဆေးရွက်ကြီး စိုက်ပျိုးရေး လုပ်ငန်းများတွင် ကလေးအလုပ်သမားပပျောက်ရေး ဆောင်ရွက်မှုများကို လေ့လာနိုင်ခဲ့ခြင်း၊ ကိုယ်စားလှယ်အဖွဲ့တွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနှင့် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ ပါဝင်သဖြင့် မိမိနိုင်ငံ၏ ကလေးအလုပ်သမားပပျောက်ရေး ပူးပေါင်းဆောင်ရွက်နေမှုများကို ရှုထောင့်စုံမှ ဆွေးနွေးတင်ပြနိုင်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ ကလေးအလုပ်သမား ပပျောက်ရေးဆောင်ရွက်နေမှု အခြေအနေနှင့် တွေ့ကြုံရသော အခက်အခဲများကို လေ့လာခွင့်ရရှိပြီး မိမိနိုင်ငံနှင့် ကိုက်ညီမည့် နည်းလမ်းကောင်းများကို ပြန်လည်အသုံးချနိုင်ရန် လေ့လာခွင့် ရရှိခြင်း၊ညီလာခံကာလအတွင်း အိုင်အယ်လ်အို၏ ညွှန်ကြားရေးမှူးချုပ် Mr. Guy Rider နှင့် လည်းကောင်း၊ အိုင်အယ်လ်အို၏ Fundamental Department Director နှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော အဓမ္မခိုင်းစေမှုနှင့် ကလေးအလုပ်သမား ပပျောက်ရေးအခြေအနေနှင့် ဖြစ်ပေါ်တိုးတက်မှုများကို အသိပေးနိုင်ခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ခင်ရတနာ**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ မူဆယ်သွားမည့်ယာဉ်ပေါ်မှ ကျောက်စိမ်းဟုယူဆရသည့် ကျောက်အပိုင်းအစများဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၄ စီး၊ သွင်းကုန် ၁၀၁၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၂စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၀၇၀ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၃ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် Nissan March ယာဉ်တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ ယာဉ်မောင်းထိုင်ခုံအောက်နှင့် နောက်ထိုင်ခုံအောက်တို့တွင် အံဝှက်ပြုလုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်အပိုင်းအစ ဆိုဒ်စုံ (301 Kg)၊ လက်ကောက်



(ကွင်းကြမ်း) (45 Kg) နှင့်ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးထံမှ ဆေးခြောက်များ သိမ်းဆည်းရမိ

**နေပြည်တော်  နိုဝင်ဘာ  ၂၄**

မောင်တောမြို့နယ် နတ်မြစ်အတွင်း လှေတစ်စင်းပေါ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးနှင့် ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ ဆေးခြောက် ခြောက်ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၂ ရက် ည ၁၁ နာရီခန့်တွင် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ရွက်ညိုတောင် ချောင်းဝ ဦးစောလုကျွန်း၏ အရှေ့ဘက်၌ မသင်္ကာဖွယ် လက်ခတ်လှေတစ်စင်းအား တွေ့ရှိ၍ မီးအချက်ပြခေါ်ယူခဲ့ရာ လာရောက်ခြင်းမရှိသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ လှေပေါ်ပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဖြစ်သည့် အဒူအာဇီ နှင့် မာမက်တော်ယုတို့အား ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ ဆေးခြောက် ခြောက်ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ ဒေသခံတစ်ဦး မိုင်းနင်းမိ၍ သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဘူးသီးတောင်မြို့နယ် ဘောခိကိုင်းကျေးရွာအရှေ့ဘက် စိုင်းဒင်တောင်ကြောအနီး၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီခန့်က အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း နင်းမိကာ ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးရန်ဂီးနှင့် ဇနီးဖြစ်သူတို့သည် ကုလားသေကျေးရွာမှ ပြန်လာစဉ် စိုင်းဒင်တောင်ကြောအနီး၌ ဦးရန်ဂီးသည် မိုင်းနင်းမိပြီး မိုင်းစများ ထိမှန်သေဆုံးခြင်းဖြစ်သည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ဘဇာနယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရေယာဉ်ပေါ်မှပြုတ်ကျ၍ ပင်လယ်ပြင်တွင် ကူးခတ်နေသူအား ကယ်ဆယ်နိုင်ခဲ့

**ဟိုင်းကြီးကျွန်း  နိုဝင်ဘာ  ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီခန့်က ကျောက်ကတိုးတောင် စက်လှေချောင်းအနီး ပင်လယ်ပြင်တွင် ငါးဖမ်းရေယာဉ်တစ်စင်းပေါ်မှ ပြုတ်ကျ၍ ပင်လယ်ပြင်တွင် ကူးခတ်နေသူအား ဇီးချိုင်ကျေးရွာရှိ ငါးဖမ်းရေယာဉ်တစ်စင်းက တွေ့ရှိ၍ ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းမှာ သူတော်ကုန်းကျေးရွာ ပုသိမ် ကြိုးတံတားခြေရင်းနေသူ ဦးစောခူဆဲ(၄၀နှစ်)ဖြစ်ပြီး နိုဝင်ဘာ ၂၃ ရက် ည ၁၀ နာရီခန့်က ဦးအောင်မြင့်ဝင်း (ပဲ့နင်း)မောင်းနှင်သော ဂျမ်းငါးဖမ်းရေယာဉ်နှင့် ပင်လယ်ပြင်သို့ လိုက်ပါခဲ့စဉ် ရေယာဉ်နောက်ပိုင်းမှ ပြုတ်ကျကျန်ခဲ့ခြင်း ဖြစ်သည်။ လက်ရှိအချိန်တွင် ဇီးချိုင်ကျေးရွာရှိ ရပ်မိရပ်ဖ ဦးစိုးနိုင်၏ နေအိမ်တွင် ခေတ္တတည်းခိုရန် စီစဉ်ပေးထားပြီး ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

✪ *ကျောဖုံးမှ*

အီစိုးနှင့် ရွှေကိုတို့ အချိတ်အဆက်လွဲချော်နေ၍ မြန်မာတိုက်စစ်အားပျော့ခဲ့ရသည်။ မွန်ဂိုလီးယားလက်ရွေးစင်အသင်းသည် တောင်ပံနှစ်ဖက်မှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး အဝေးကန်ချက်များဖြင့် ဂိုးရရန်ကြိုးပမ်းခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်၍သရေကျနေပြီး ဒုတိယပိုင်းတွင် ဂိုးရရန် အားထည့်ကစားခဲ့သည်။ ၆၅ မိနစ်တွင် မြန်မာအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောကို ဖျက်ထုတ်ရာမှ မွန်ဂိုလီးယားနောက်ခံလူနှင့်ထိကာ ဂိုးဝင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း၏ဦးဆောင်မှုမှာ လေးမိနစ်သာကြာခဲ့ပြီး ၆၉ မိနစ်တွင် မွန်ဂိုလီးယားအသင်း ချေပဂိုး ပြန်ရခဲ့ပြီး တူဂူဒူက သွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ဂိုးရရန် ပိုမိုအားထုတ်ခဲ့ပြီး ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် လူစားဝင်ကစားသမား စိုးလွင်လွင်က ပိတ်သွင်းယူခဲ့သည်။

ဒုတိယခြေစမ်းပွဲအဖြစ် မြန်မာယူ-၂၃ အသင်းနှင့် မွန်ဂိုလီးယားလက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

✱ *ကျောဖုံးမှ*

မိုးရွာသွန်းခဲ့ကြောင်း၊ ငါးများ အဆိပ်တစ်မျိုးမျိုးမိ၍ သေဆုံးခြင်း ဟုတ်၊ မဟုတ် ဒေသခံများအကြား စိုးရိမ်မှုမြင့်တက်လျက်ရှိကြောင်း သိရသည်။ နိုဝင်ဘာ ၂၄ ရက် နေ့လယ်ပိုင်းတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးနှင့် မြို့ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ကနဦး စစ်ဆေးမှုများအရ ရေကန်အတွင်း ငါးများ သေဆုံးမှုမှာ အဆိပ်မိ၍ သေဆုံးသော လက္ခဏာမျိုးမရှိကြောင်း၊ ရေကန်မှာ သန့်ရှင်းမှုမရှိ၍ တမန်းဆီများတက်နေပြီး မြက်များ ထူထပ်နေခြင်း၊ ရေညှိများဖြင့် ညစ်ပတ်နေခြင်းတို့ကြောင့် ရေအတွင်း အောက်ဆီဂျင် ပြတ်သွားဟန်တူကြောင်း၊ အဆိပ်မိသည့် ငါး၏လက္ခဏာများမှာ မျက်လုံးပြူးထွက်နေခြင်း၊ ပါးဟက်များ ညိုမည်းနေခြင်း၊ ငါးမှာအရောင်ပြောင်းနေခြင်းတို့ တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုတွေ့ရှိရသည့် ငါးအသေများမှာ ယင်းလက္ခဏာများ မတွေ့ရသည့်အတွက် အဆိပ်မိခြင်း မဟုတ်ကြောင်း ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမင်းချွန်သူက ပြောသည်။

ဆက်လက်၍ ရေကန်အား သန့်ရှင်းရေးပြုလုပ်ရန်နှင့် ငါးအသေများအား ဆယ်ယူဖျက်ဆီးပစ်ရန်တို့အား မှာကြားခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ ကုန်းတန်းကျေးရွာသည် အိမ်ခြေ ၄၆၄ အိမ်ရှိပြီး လူဦးရေ ၁၇၉၀ နေထိုင်လျက်ရှိကာ သောက်သုံးရေကို ကန်ရေအား အဓိကထားအသုံးပြုနေသော ကျေးရွာဖြစ်ပြီး သောက်သုံးရေကန် ရှစ်ကန်ရှိကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဖေက ပြောသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မောင်တောမြို့နယ်၌ မသင်္ကာဖွယ်ရာ လှေတစ်စင်း သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မောင်တောမြို့နယ် သဝန်ချောင်းကင်းစခန်းရှေ့ ပင်လယ်ကမ်းစပ်အနီး၌ နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းက မသင်္ကာဖွယ်ရာ လှေတစ်စင်း ဆိုက်ကပ်ထားသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များတွေ့ရှိသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ အလျား ၂၄ ပေ၊ အနံ ခုနစ်ပေ၊ ဇောက် ခုနစ်ပေရှိ လှေတစ်စင်းအား တွေ့ရှိပြီး လှေပေါ်တွင် တရုတ်အင်ဂျင်တစ်လုံး၊ ရဲဝတ်စုံ (လက်မောင်းတံဆိပ်မပါ) အင်္ကျီလေးထည်၊ ရဲဆွယ်တာနှစ်ထည်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး လှေအား သဝန်ချောင်းကင်းစခန်း၌ ထိန်းသိမ်းထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပေါင်မြို့နယ်၌ မူးယစ်ဆေးဝါးများနှင့် သေနတ်တစ်လက် သိမ်းဆည်းရမိ

**ပေါင်  နိုဝင်ဘာ  ၂၄**

သထုံခရိုင်ရဲတပ်ဖွဲ့ မှုခင်းအကူဌာနမှ ရဲအုပ်အောင်သူနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် ပေါင်မြို့နယ် ပန်းကုန်းကျေးရွာတွင် လူငယ်နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ ကျော်နှင့်အတူ လေသေနတ် တစ်လက်အား ဖမ်းဆီးရမိခဲ့သည်။

သထုံခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်သူနှင့်အဖွဲ့က ပေါင်မြို့နယ် ပန်းကုန်းကျေးရွာ ၁၄ ရပ်ကွက်နေ ကျော်နိုင်ဆိုသူ၏ နေအိမ်ကို ရှာဖွေခဲ့ကြောင်း၊ ကျော်နိုင်(၄၂နှစ်)နှင့် ကျော်ကျော်(၂၂နှစ်) ကျွန်းရွာလမ်း မြို့မ ၄ ရပ်ကွက် မုဒုံမြို့နယ် နေသူတို့ကို အိမ်နောက်ခန်းထဲ၌ လေသေနတ်တစ်လက်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၆ ပြားနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပေါင်ရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ**

**GRAND HANTHA INTERNATIONAL HOSPITAL**

GREEN. GRAND. CARE FOR THE PEOPLE

## ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး မှ

## ဝမ်းမြောက်ဂုဏ်ယူကြောင်း

**Grand Hantha International Hospital ၏**
**(Siemens 384 Slices Dual Sources SOMOTOM Force CT,**
**Siemens 3 Telsa Mangnetom Skyra MRI (70 cm open bore),**
**Mammomat Inspiration Prime Edition Mammogram with**
**Tomosynthesis Technology)** သုံး နိုင်ငံတကာအဆင့်မီ
ဓါတ်မှန်နှင့် ပုံရိပ်ဖော် ရောဂါရှာဖွေဌာန (Imaging Department) တွင်
အကြီးအကဲ (Head of Department) အဖြစ် တာဝန်ယူဆောင်ရွက်နေသော
ဓါတ်မှန်အထူးကုဆရာကြီး **ပါမောက္ခဦးတင့်လွင်**
(Hon.Professor, Defence Services Medical Academy, BSc,
M.B.,B.S, MD (USA), FRCP (Canada), FRCR (Eng), Diplomate,
American Board of Radiology) အား (၃၁.၁၀.၂၀၁၇) မှ စတင်ပြီး
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏**
**ဓါတ်မှန်ပညာရပ်ဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်**
**(Special Advisor to the Union Minister on Radiology)** အဖြစ်
ခန့်အပ်ခြင်းခံရသည့်အတွက် ဆရာကြီးနှင့်တကွ မိသားစုများနှင့်အတူ
ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် အသက်ရာကျော်ရှည်ပါစေကြောင်း
ဆုမွန်ကောင်းတောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နှင့် ကုသရေးအဖွဲ့
Grand Hantha International Hospital

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် - ၀၁ ၅၂၃၀၀၀ ၊ ၀၁ ၅၂၃၁၁၁ ၊ ၀၁ ၅၂၃၂၂၂

# ပျောက်ဆုံး အာဂျင်တီးနား ရေငုပ်သင်္ဘောအနီး၌ ပေါက်ကွဲသံကြားခဲ့ရကြောင်း ရေတပ်မတော်ပြောကြား

**ဗျူနိုအေးရီးစ် နိုဝင်ဘာ ၂၄**

တောင်အတ္တလန္တိတ်၌ ပျောက်ဆုံးသွားခဲ့သည့် အာဂျင်တီးနား ရေငုပ်သင်္ဘော၏ အနီးတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ပုံမှန်မဟုတ်သည့် အသံဖြစ်ပေါ်မှုတစ်ခုကို စုံစမ်းတွေ့ရှိခဲ့ရကြောင်း အာဂျင်တီးနား ရေတပ်မတော်က ပြောကြားခဲ့ကြောင်း သိရသည်။

ဒီဇယ်လောင်စာသုံး ARA San Juan ရေငုပ်သင်္ဘောပေါ်တွင် သင်္ဘောအမှုထမ်း ၄၄ ဦးလိုက်ပါလာပြီး ပြီးခဲ့သည့်ရက်သတ္တပတ်က အာဂျင်တီးနားကမ်းခြေနှင့် အဆက်အသွယ်ကင်းလွတ်သွားခဲ့ကြောင်း ဖော်ပြထားသည်။

ရေငုပ်သင်္ဘောပျောက်ဆုံးသွားသည့်အတွက် အာဂျင်တီးနား ရေတပ်မတော်သည် အမေရိကန် ပြည်ထောင်စုနှင့် ချီလီအပါအဝင် အခြားသောနိုင်ငံများနှင့် ပူးပေါင်းလျက် ရှာဖွေရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။

အာဂျင်တီးနားရေတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာ ၁၅ ရက်တွင် ဆန်ဂျူအန်သင်္ဘောမှ နောက်ဆုံးအချက်ပြမှုပေးပို့ခဲ့ပြီးနောက် ၃နာရီအကြာတွင် သင်္ဘောအနီး၌ ပုံမှန်မဟုတ်သော ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အသံမျိုးကိုမှတ်တမ်းတင်ရရှိခဲ့ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

နိုင်ငံတကာ နျူကလီးယားစမ်းသပ်မှုလေ့လာစောင့်ကြည့်ရေးအဖွဲ့က ရေငုပ်သင်္ဘောနှင့်နောက်ဆုံးအဆက်အသွယ်ရရှိခဲ့သည့်နေရာမှ ၅၀ ကီလိုမီတာအကွာခန့်ရှိရေထဲတွင် ယင်းပေါက်ကွဲသံကို မှတ်တမ်းတင်ခဲ့ကြောင်း ဖော်ပြထားသည်။

ရေငုပ်သင်္ဘောသည်ပေါက်ကွဲမှုနှင့် ဆက်စပ်နေခြင်းရှိမရှိကို အတည်ပြု ဖော်ပြရန်အတွက် ရေတပ်တွင် လုံလောက်သည့် သတင်းအချက်အလက်များ မရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယခုအခါ ရေငုပ်သင်္ဘောနှင့် အဆက်အသွယ်ပြတ်ခဲ့သည်မှာ တစ်ပတ်ရှိခဲ့ပြီဖြစ်ရာ ရေငုပ်သင်္ဘောတွင်လိုက်ပါလာကြသည့် အမှုထမ်းများအနေဖြင့်




အောက်ဆီဂျင် လျော့နည်းလာတော့မည်ဖြစ်သည်ဟု ဆိုသည်။

သင်္ဘောသားများ၏ အသက်အန္တရာယ်မှာလည်း စိုးရိမ်ဖွယ်အခြေအနေရှိနေကြောင်း နောက်ဆုံးထုတ်ဖော်ခဲ့သည့်အချက်အလက်များအရသိရသည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံ၌ ဗင်ကားတစ်စီးတိမ်းမှောက်မှုဖြစ်ပွားရာ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၃ဦးသေဆုံး



**ဗန်ကောက် နိုဝင်ဘာ ၂၄**

ထိုင်းနိုင်ငံအလယ်ပိုင်းတွင် နိုဝင်ဘာ ၂၄ ရက်က အရှိန်လွန်မောင်းနှင်လာသည့် ဗင်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား ၁၃ ဦးနှင့် ယာဉ်မောင်းတစ်ဦး သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ရွှေ့ပြောင်းအလုပ်သမားများ တင်ဆောင်လာသော ဗင်ကားသည် အာရှအဝေးပြေးလမ်းမကြီးပေါ်၌ ၁၀ ဘီးကားတစ်စီး၏ နောက်ပိုင်းကို ဝင်တိုက်မိခဲ့ခြင်းကြောင့် ယခုလို ကားတိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကားတိုက်မှုဖြစ်ပွားသည့် နေရာသည် ဗန်ကောက်မြို့ မြောက်ပိုင်း ၁၄၀ ကီလိုမီတာအကွာရှိ စင်ဘူရီပြည်နယ် အနီးတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကားမောင်းသမားမှာ အိပ်ငိုက်သွားသောကြောင့် ကားတိုက်မှုဖြစ်ပွားခဲ့သည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ထရပ်ကားကို ဝင်တိုက်ပြီးနောက် ဗင်ကားမှာ ချက်ချင်းမီးလောင်သွားခဲ့သည်။ ယာဉ်တိုက်မှုတွင် သေဆုံးသွားခဲ့သော ရွှေ့ပြောင်းအလုပ်သမား ၁၃ဦးသည် ထိုင်း- မြန်မာနယ်စပ်တစ်ခ်ပြည်နယ်မှ မြို့တော် ဗန်ကောက် အနောက်မြောက်ဘက်စွန်းရှိ ဘန်ဘွာသောင်နယ်မြေသို့ သွားရောက်စဉ် ယခုကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဇင်ဘာဘွေ သမ္မတမူဂါဘီ နုတ်ထွက်ပြီးနောက် သမ္မတသစ်အဖြစ် မနန်ဂါဂွါ ကျမ်းသစ္စာကျိန်ဆို

**ဟာရာရီ နိုဝင်ဘာ ၂၄**

ဇင်ဘာဘွေနိုင်ငံ၏ သမ္မတသစ်အဖြစ် အမ်မာဆမ်မနန်ဂါဂွါသည် သောကြာနေ့တွင် ဟာရာရီရှိ အမျိုးသားအားကစားရုံ၌ ထောင်နှင့်ချီသော ၎င်းကို ထောက်ခံသူများရှေ့တွင်ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

၎င်း၏ကျမ်းသစ္စာကျိန်ဆိုမှုသည် ၃၇ ခုနှစ်ကြာအောင် အာဏာစွဲကိုင်လာခဲ့သည့် ရောဘတ်မူဂါဘီ၏ သမ္မတသက်တမ်းကို တစ်ခန်းရပ် ပြီးဆုံးစေခဲ့သည်။

ကျမ်းကျိန်သစ္စာဆိုခဲ့ပြီးနောက်တွင် အသက် ၇၅ နှစ်ရှိပြီဖြစ်သည့် The Crocodile ဟုအမည်တွင်သည့် လုံခြုံရေးအကြီးအကဲဟောင်းမနန်ဂါဂွါသည် ဇင်ဘာဘွေနိုင်ငံသား ပြည်သူ ၁၆ သန်းတို့၏ အခွင့်အရေးကို ကာကွယ်ရန် အလေးပေးခဲ့သည်။

နိုင်ငံကို ချုပ်ခြယ်ကျစေခဲ့ပြီး အာဖရိက၏ အတောက်ပဆုံးအနာဂတ် အလားအလာအတွက် မင်းဆိုးမင်းညစ်သဖွယ် သက်ဦးဆံပိုင်အုပ်ချုပ်ခဲ့သည့် အသက် ၉၃ နှစ်ရှိမူဂါဘီရာထူးမှနုတ်ထွက်မှုကို ဇင်ဘာဘွေနိုင်ငံသားအများစုက ပျော်ရွှင်ဝမ်းမြောက်စွာ အောင်ပွဲခံခဲ့ကြသော်လည်း အချို့မှာ သမ္မတသစ် မနန်ဂါဂွါ၏ အနာဂတ်အရေးကို စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း သိရသည်။

**ရိုက်တာ**

# အိန္ဒိယနိုင်ငံ၌ ရထားလမ်းချော်မှုဖြစ်ပွားရာ လူသုံးဦးထက်မနည်း သေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၂၄**

အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ခရီးသည်တင်ရထားတစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ သုံးဦး သေဆုံးခဲ့ပြီး အခြား ကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

ဗက်စကိုဒဂါးမား-ပက်နာအဝေးပြေးရထားတွဲသည် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၁၈ မိနစ်တွင် မဏိပူရဘူတာရုံအနီး သံလမ်းပေါ်၌ ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆင့်မြင့်ရထားအရာရှိတစ်ဦးက ပြောခဲ့သည်။

အဆိုပါရထားသည် အိန္ဒိယနိုင်ငံ အနောက်ပိုင်းဂိုအာပြည်နယ် ဗက်စကိုဒဂါးမားမှ နိုင်ငံ အရှေ့ပိုင်းဘီဟာပြည်နယ်မြို့တော် ပက်တ်နာသို့ ခုတ်မောင်းရာ လမ်းခုလတ်တစ်နေရာတွင် ယခုလို ဘီးချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားလမ်းချော်မှုကြောင့် ဒဏ်ရာရရှိသူများကို ချီထရာကွတ်ရှိ ခရိုင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဒဏ်ရာရရှိသူများအနက် အချို့မှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း သိရသည်။

ရထားလမ်းချော်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို သက်ဆိုင်ရာအာဏာပိုင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ရီယိုမြို့တော်ဝန်ဟောင်းနှစ်ဦးကို လာဘ်စားမှုဖြင့် ဖမ်းဆီး

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၄**

ရီယိုဒီဂျနေးရိုးမြို့တော်ဝန်ဟောင်း နှစ်ဦးကို မကြာသေးမီက အကျင့်ပျက် လာဘ်စားမှု စွပ်စွဲချက်များဖြင့် ဖမ်းဆီးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အန်တိုနီဂါရိုတင်ဟိုနှင့် ရိုဆင်ဟာ ဂါရိုတင်ဟိုတို့ နှစ်ဦးကို အကျင့်ပျက် ခြစားခြင်း၊ ရာဇဝတ်ဂိုဏ်းများနှင့် ပတ်သက်မှုရှိခြင်း၊ မဲလိမ်ခြင်းတို့ဖြင့် စွပ်စွဲခဲ့ကြောင်း သိရသည်။ တရားရုံးက ၎င်းတို့နှစ်ဦးကို (စွပ်စွဲခံပုဂ္ဂိုလ်များကို) စုံစမ်းစစ်ဆေးမှုအတွင်း ဖမ်းဆီးရန် အမိန့်ပေးခဲ့သည်။

ရီယိုမြို့တော်ဝန်အဖြစ် အန်တိုနီဂါရိုတင်ဟိုသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ ရိုဆင်ဟာ ဂါရိုတင်ဟိုသည် ၂၀၀၂ ခုနှစ်တွင် မြို့တော်ဝန်အဖြစ် ရွေးကောက်ခံရပြီး ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ မြို့တော်ဝန်လုပ်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ယခင်မြို့တော်ဝန်ဟောင်း ဆာဂျီယို ကာဘရယ်ကို စွပ်စွဲမှုပေါင်းများစွာနှင့်သာမက ဘဏ္ဍာရေးပြစ်မှုများနှင့်ပါ ထောင်ဒဏ် ၄၅ နှစ် ချမှတ်ခဲ့သည်။ ရီယိုတွင် ယခုအခါ ထိုသို့ အဖမ်းခံရသော မြို့တော်ဝန်သုံးဦးရှိပြီ ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### တရုတ်နိုင်ငံ ရှင်းကျန်းဒေသ၌ ရှေးဟောင်းဂူသင်္ချိုင်းတစ်ခု ရှာဖွေတွေ့ရှိ

**ပေကျင်း နိုဝင်ဘာ ၂၄**

တရုတ်နိုင်ငံ ရှင်းကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မကြာသေးမီက ရှေးဟောင်းသုတေသန ပညာရှင်များသည် ရှေးခေတ် ဂူသင်္ချိုင်း ၁၁၂ ခု တွေ့ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ အဆိုပါသင်္ချိုင်းများသည် ဒေသတွင်း ရှေးအကျဆုံး ဖြစ်နိုင်သည်ဟု ယူဆရကြောင်း ရှင်းကျန်း ရှေးဟောင်းသုတေသန တက္ကသိုလ်က မကြာသေးမီတွင် ပြောခဲ့သည်။

အဆိုပါ ဂူသင်္ချိုင်းများအနက် တစ်ခုတွင် ရှေးခေတ် နှစ်ပေါင်း ၄၉၀၀ ကျော်အကြာ ကြေးခေတ်အစောပိုင်းက ဇနီးမောင်နှံနှစ်ဦး၏ ရုပ်ကြွင်းများဟု ယူဆရသော ရုပ်ကြွင်းများကို တွေ့ရကြောင်း ယင်းတက္ကသိုလ်မှ သုတေသီ ရန်ကွီရောင်းက ပြောကြားသည်။

အဆိုပါဂူသင်္ချိုင်းများကို နှစ်လကြာ ရှာဖွေတူးဖော်မှုအတွင်း ကြေးထည်များ၊ သံထည်များ၊ အရိုးများနှင့် ရှေးခေတ် အသုံးအဆောင် အိုးများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ် ၉၆ ခု တွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ဂူသင်္ချိုင်းများအား ရှင်းကျန်းဒေသ၏ နီလ်ကာနယ်မြေအတွင်း မေလက အဝေးပြေးလမ်းမကြီးတစ်ခု တည်ဆောက်စဉ်တွင် ဆောက်လုပ်ရေး အလုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



# ဇင်ဘာဘွေခေါင်းဆောင်ပြောင်းလဲမှုနဲ့ ပြည်သူတို့ရဲ့ မျှော်လင့်ချက်မနက်ဖြန်

**တင်လင်းအောင်**

ဇင်ဘာဘွေနိုင်ငံမှာ နိုဝင်ဘာ ၁၅ ရက်က တပ်မတော်မှ နိုင်ငံတော်အခြေအနေကို ထိန်းသိမ်းခဲ့ပြီးတဲ့နောက် သမ္မတ မူဂါဘီအား အကျယ်ချုပ်နဲ့ ထိန်းသိမ်းခဲ့ပါတယ်။ အကြောင်းကတော့ မူဂါဘီဟာ ဒုတိယသမ္မတဖြစ်သူ အမ်နန်ဂါဂွေးအား ရာထူးမှ ဖယ်ရှားခဲ့ပြီး ၎င်း၏ဇနီးဖြစ်သူ ဂရေ့စ် မူဂါဘီအား ဒုတိယသမ္မတရာထူးမှာ ခန့်အပ်ရန် စီစဉ်ခဲ့ရာမှ တပ်မတော်က အာဏာသိမ်းခဲ့ရခြင်း ဖြစ်ပါတယ်။

သို့သော်လည်း မူဂါဘီဟာ သမ္မတရာထူးမှ နုတ်ထွက်ရန် ငြင်းဆန်ခဲ့ပါတယ်။ နိုဝင်ဘာ ၁၉ ရက်မှာ မြို့တော်ဟာရာရေးရှိ လမ်းမများပေါ်တွင် နှစ်ပေါင်း လေးဆယ်နီးပါး တိုင်းပြည်ကို အုပ်ချုပ်ခဲ့တဲ့ သမ္မတ မူဂါဘီအား ရာထူးမှ နုတ်ထွက်ပေးရန် ဆန္ဒထုတ်ဖော် တောင်းဆိုနေကြတဲ့ ပြည်သူတွေနဲ့ ပြည့်နှက်လျက်ရှိပါတယ်။ အခုလို ပြည်သူတွေ စုဝေးဆန္ဒဖော်ထုတ်တာဟာ ဇင်ဘာဘွေသမိုင်းမှာ ကြုံတောင့်ကြုံခဲ ကိစ္စဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမ္မတ မူဂါဘီလက်ထက်မှာ ဆန္ဒဖော်ထုတ်မှုတွေကို ထိရောက်စွာ အရေးယူနှိမ်နင်းမှုတွေ ပြုလုပ်ခဲ့တာကြောင့် အခုလို ပြည်သူတွေ ဆန္ဒဖော်ထုတ်တာဟာ ဖြစ်တောင့်ဖြစ်ခဲတဲ့ ကိစ္စရပ်ပဲ ဖြစ်ပါတယ်။

နိုဝင်ဘာ ၁၉ ရက်က ပြည်သူသို့ ပြောတဲ့ ရုပ်မြင်သံကြားမိန့်ခွန်းမှာ မူဂါဘီဟာ ၎င်းအနေနဲ့ ရာထူးမှ ဆင်းပေးမယ်ဆိုတဲ့ စကားလုံး တစ်လုံး တစ်ပါဒမျှ ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပါဘူး။ လက်ရှိအာဏာရ ဇနူးပီအက်ဖ်ပါတီဟာ မူဂါဘီမိန့်ခွန်းမပြောကြားမီ နာရီအနည်းငယ်အလိုကပင် မူဂါဘီအား ပါတီခေါင်းဆောင်အဖြစ်မှ ဖယ်ရှားလိုက်တယ်ဆိုတဲ့ သတင်းထုတ်ပြန်ချက်ကိုလည်း မူဂါဘီအနေနဲ့ ငြင်းဆန်လျက်ရှိဆဲဖြစ်ကြောင်း သိရပါတယ်။

ဒါကြောင့် ပြည်သူတွေမှာ တအံ့တသြဖြစ်ကြရကာ နောက်ဆုံးမှာ ဆန္ဒထုတ်ဖော်တဲ့ ပြည်သူတွေဟာ သမ္မတမူဂါဘီအား ရာထူးမှ နုတ်ထွက်ရန် တိုက်တွန်းတဲ့ ဆောင်ပုဒ်တွေကို သံပြိုင်ရွတ်ဆိုကြပါတယ်။ တချို့ပြည်သူတွေကလည်း အာဏာသက်ရှည်ကြာ အုပ်ချုပ်ခဲ့သည့် သမ္မတ မူဂါဘီအား ဆန့်ကျင်ကာ ပြည်သူတွေဘက်မှ ရပ်တည်ပေးတဲ့ တပ်မတော်ကိုလည်း ကျေးဇူးတင်သည့်အနေနဲ့ လက်ဆွဲနှုတ်ဆက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

သို့သော်လည်း လက်မလျှော့သေးတဲ့ မူဂါဘီဟာ လွန်ခဲ့တဲ့ ရက်တွေအတွင်းက နိုင်ငံရေး အရှုပ်အထွေးတွေ ဖြစ်သွားခြင်းဟာ နိုင်ငံ့အကြီးအကဲနဲ့ အစိုးရအဖွဲ့ အကြီးအကဲအဖြစ် မိမိတို့ရဲ့ အခွင့်အာဏာကို စိန်ခေါ်ခြင်း မဟုတ်ကြောင်း လာမည့်လမှာ ကျင်းပရန်ရှိတဲ့ ပါတီညီလာခံမှာ သဘာပတိအဖြစ်



ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အတိုက်အခံခေါင်းဆောင် မော်ဂန်ချိန်ဂီရိုင်းက "လူတိုင်းကို လှည့်ဖြားနေပြီး နိုင်ငံမတည်ငြိမ်အောင် လုပ်ဆောင်နေပါတယ်"လို့ မူဂါဘီကို စွပ်စွဲ ပြောကြားလိုက်ပါတယ်။ အသက် ၉၃ နှစ်အရွယ်ရှိတဲ့ မူဂါဘီဟာ နိုင်ငံလွတ်လပ်ရေးရချိန် ၁၉၈၀ ပြည့်နှစ်ကတည်းက ဇင်ဘာဘွေနိုင်ငံကို စတင်အုပ်ချုပ်လာခဲ့ခြင်း ဖြစ်ပါတယ်။

နိုဝင်ဘာ ၂၀ ရက်မှာ ဇင်ဘာဘွေနိုင်ငံရှိ အာဏာရ ဇနူးပီအက်ဖ်ပါတီဟာ မူဂါဘီအား နိုင်ငံတော် သစ္စာဖောက်မှုနဲ့ ပါလီမန်မှာ စွပ်စွဲပြစ်တင်ရေး ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပါတယ်။ ၂၄ နာရီအတွင်း မူဂါဘီအား ရာထူးမှ နုတ်ထွက်ပေးဖို့ အဲဒီလို မလုပ်ဆောင်ပါက နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ပါလီမန်က ၎င်းကို ခုံရုံးဖွဲ့စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။

ယခုအချိန်မှာ နိုင်ငံရေး အကျပ်ရိုက်နေတဲ့ ဇင်ဘာဘွေသမ္မတ မူဂါဘီအနေနဲ့ ရာထူးတာဝန်မှ နုတ်ထွက်ပေးရတော့မည် ဖြစ်ပါတယ်လို့ စောင့်ကြည့် လေ့လာသူတွေက သုံးသပ်ထားပါတယ်။

လတ်တလောမှာ အာဏာရ ဇနူးပီအက်ဖ်ပါတီ ဗဟိုကော်မတီဟာ ပါတီအကြီးအကဲသစ်အဖြစ် အစောပိုင်းက အီမာဆန်အမ်နန်ဂါဂွေးအား နာမည်တင်သွင်းခဲ့ပြီဖြစ်ရာ ယခုအချိန်သည် ဇင်ဘာဘွေပြည်သူတွေအတွက် လွတ်လပ်သောနေ့တွေ ရောက်ရှိလာတော့မည့်၊ မျှော်လင့်ချက် ရောင်ခြည်သန်းလာမည့် အချိန်ပင်ဖြစ်ပါတယ်။

သမ္မတ ရောဘတ်မူဂါဘီဟာ နိုဝင်ဘာ ၂၁ ရက်မှာ ရာထူးမှ နုတ်ထွက်ပြီးနောက် နိုဝင်ဘာ ၂၄ ရက်မှာ ဇင်ဘာဘွေနိုင်ငံရဲ့ ယခင်ဒုတိယသမ္မတဖြစ်သူ အီမာဆန်အမ်နန်ဂါဂွေးဟာ နိုင်ငံတော်ရဲ့ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုတော့မည်ဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်သံ ဇက်ဘီစီက ဖော်ပြခဲ့ပါတယ်။

သူ့ရဲ့ လုံခြုံရေးအတွက် ထွက်ပြေးတိမ်းရှောင်နေရတဲ့ အမ်နန်ဂါဂွေးဟာ မြို့တော်ဟာရာရေးရှိ မန်ရာမီလေဆိပ်ကို မကြာသေးမီကမှ ပြန်လည် ခြေချခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံ ဇက်ဘီစီက ဆက်လက် ဖော်ပြခဲ့ပါတယ်။ မူဂါဘီ ရာထူးမှ နုတ်ထွက်ခဲ့တဲ့အတွက် မြို့တော်ဟာရာရေးရှိ လမ်းများပေါ်မှာ ထောင်သောင်းချီတဲ့ လူတွေ ဝမ်းသာပျော်မြူးနေကြပါတယ်။ ပျော်ရွှင်မှုအထိမ်းအမှတ်အဖြစ် ကားများကိုလည်း တရစပ် ဟွန်းများတီးနေကြတာဟာ သောသောညံလို့ နေပါတော့တယ်။

အဆိုပါ ကိစ္စရပ်နဲ့ ပတ်သက်ပြီး ပါလီမန်ဥက္ကဋ္ဌဖြစ်သူ ဂျကော့ဘ်မူဒန်ဟာ သတင်းစာရှင်းလင်းပွဲကို မကြာမီမှာ လုပ်မှာဖြစ်ပါတယ်။ မူဂါဘီဟာ အသင့်အတင့် ချမ်းသာကြွယ်ဝတဲ့ ဇင်ဘာဘွေနိုင်ငံကို စီးပွားရေး ပြုတ်ပြုတ်ပြုန်းအောင် လုပ်ဆောင်ခဲ့ရုံမက လူဖြူပိုင် လယ်မြေတွေကို သိမ်းယူခဲ့တာကြောင့် လယ်ယာကဏ္ဍမှာ နိုင်ငံခြားစျေးကွက် ပျက်စီးခဲ့ပါတယ်။ အဲဒီလို ဖြစ်စဉ်တွေဟာ နောက်ဆုံးမှာတော့ အကြီးအကျယ် ငွေကြေးဖောင်းပွမှုတွေ ဖြစ်လာပါတော့တယ်။

လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်တွေနဲ့ ပြည့်နေရုံသာမက တရားမျှတမှု မရှိတဲ့ ရွေးကောက်ပွဲတွေကြောင့် ၂၀၀၀ ပြည့်နှစ် အစောပိုင်းကတည်းက ဇင်ဘာဘွေနိုင်ငံကို အနောက်နိုင်ငံတွေက ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီ အကျိုးဆက်တွေကြောင့်လည်း ဇင်ဘာဘွေနိုင်ငံရဲ့ စီးပွားရေးဟာ ဆိုးသထက် ဆိုးလာပါတော့တယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ဇင်ဘာဘွေမှာရှိတဲ့ ပြည်သူ ၁၆ သန်းဟာ ကြောက်စရာကောင်းလောက်အောင် အလုပ်လက်မဲ့နှုန်း မြင့်မားမှုတွေနဲ့ ငွေကြေး ပြတ်တောက်မှုတွေကြောင့် ဆင်းရဲ ချွတ်ခြုံကျလျက် ရှိပါတယ်။

အကယ်၍များ သမ္မတသစ်ဖြစ်လာမယ့် အမ်နန်ဂါဂွေးဟာ ကျဆင်းနေတဲ့ ဇင်ဘာဘွေနိုင်ငံရဲ့ စီးပွားရေးကို ငြိမ်သက်အောင် လုပ်ဆောင်ပြီး လာမယ့်နှစ် ရွေးကောက်ပွဲမှာ သန့်ရှင်းတဲ့ ရွေးကောက်ပွဲ ပြုလုပ်မယ်လို့ အသံလွှင့်လိုက်မယ်ဆိုရင် အနောက်နိုင်ငံတွေရဲ့ ကူညီထောက်ပံ့မှုတွေ ရလာနိုင်တဲ့ အလားအလာတွေ ရှိပါတယ်။

မူဂါဘီမှ အမ်နန်ဂါဂွေးသို့ ခေါင်းဆောင်ပိုင်း ပြောင်းလဲမှုဟာ ဇင်ဘာဘွေနိုင်ငံအတွက်တော့ အရေးကြီးပြီး အပြုသဘောဆောင်တဲ့ တိုးတက်မှုပဲ ဖြစ်ပါတယ်။ အဲဒီလို ခေါင်းဆောင်မှု ပြောင်းလဲလိုက်ခြင်းဖြင့် ဇင်ဘာဘွေနိုင်ငံမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေအတွက် ကောင်းမွန်တဲ့ ရလဒ်တွေထွက်လာမယ်လို့ အချက်ပေးလိုက်သလိုပါပဲ။

ဇင်ဘာဘွေနိုင်ငံမှာ လူ့စွမ်းအားအရင်းအမြစ်တွေ၊ အခြေခံအဆောက်အအုံတွေ၊ သဘာဝအရင်းအမြစ်တွေနဲ့ အခြားအခြေချနေထိုင်တဲ့ လူမျိုးတွေလည်း ရှိပါတယ်။ အမ်နန်ဂါဂွေးရဲ့ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ရေးနဲ့ ပတ်သက်တဲ့ အစီအမံတွေဟာလည်း စိုးရိမ်မှု အနည်းငယ်တော့ ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၈၀ ပြည့်လွန်နှစ်တွေမှာ မူဂါဘီရဲ့ တာဝန်ပေးချက်အရ အမ်နန်ဂါဂွေးဟာ လုံခြုံရေးအကြီးအကဲအဖြစ် သူပုန်တွေကို နှိမ်နင်းဖို့ မြောက်ကိုရီးယားက လေ့ကျင့်ပေးထားတဲ့ တပ်ဖွဲ့ဝင်တွေကို စေလွှတ်လိုက်တဲ့နေရာမှာ တာဝန်ယူခဲ့ရလို့ပဲ ဖြစ်ပါတယ်။ အဲဒီစစ်ဆင်ရေးမှာ အရပ်သား ၂၀၀၀၀ ခန့် သေဆုံးခဲ့တယ်လို့ လူ့အခွင့်အရေးအဖွဲ့တွေက ပြောပါတယ်။

အတိတ်ဟာ အရိပ်လိုပဲ လိုက်လာခဲ့မယ်ဆိုရင်တော့ သူ့အတွက် ပြုပြင်ပြောင်းလဲမှုတွေ လုပ်တဲ့နေရာမှာ အနည်းငယ် ခက်ခဲမှုတွေနဲ့ တွေ့ရနိုင်တယ်လို့ အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်အဖွဲ့အာဖရိကတောင်ပိုင်း အကြီးတန်းအကြံပေးပါရာပီဂူကသုံးသပ်ပြခဲ့ပါတယ်။

မည်သို့ပင်ဆိုစေ နိုင်ငံနဲ့ ပါတီအတွက် စစ်မှန်တဲ့ နိုင်ငံရေး ဗဟုဝါဒကို ကျင့်သုံးမယ်ဆိုရင် အမ်နန်ဂါဂွေးရဲ့ သမိုင်းဟာ လှပလာမည်ဖြစ်ပါတယ်။ မကြာသေးမီကမှ ထုတ်ပြန်လိုက်တဲ့ အမ်နန်ဂါဂွေးရဲ့ ကြေညာချက်မှာ ဇင်ဘာဘွေနိုင်ငံသားတွေကို နိုင်ငံတည်ဆောက်ရေး လုပ်ငန်းတွေမှာ စည်းလုံးညီညွတ်ဖို့ တောင်းဆိုခဲ့ပါတယ်။ ခေါင်းဆောင်ပိုင်း ပြောင်းလဲမှုနဲ့အတူ ပြည်သူတွေ စုစည်းကြမယ်ဆိုရင်ဖြင့် ဇင်ဘာဘွေနိုင်ငံကြီးဟာ သာယာလှပလာမည်ဖြစ်ပါတယ်။ ။

**Ref: Reuters**

> **"မူဂါဘီမှ အမ်နန်ဂါဂွေးသို့ ခေါင်းဆောင်ပိုင်း ပြောင်းလဲမှုဟာ ဇင်ဘာဘွေနိုင်ငံအတွက်တော့ အရေးကြီးပြီး အပြုသဘောဆောင်တဲ့ တိုးတက်မှုပဲ ဖြစ်ပါတယ်။ အဲဒီလို ခေါင်းဆောင်မှု ပြောင်းလဲလိုက်ခြင်းဖြင့် ဇင်ဘာဘွေနိုင်ငံမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေအတွက် ကောင်းမွန်တဲ့ ရလဒ်တွေ ထွက်လာမယ်လို့ အချက်ပေးလိုက်သလိုပါပဲ"**

## မီးဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့

**ဖျာပုံ နိုဝင်ဘာ ၂၄**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့အမှတ် ၂ ရပ်ကွက်တွင် နိုဝင်ဘာ ၂၁ ရက်နံနက် ၁၀ နာရီက ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်ကြောင့် မီးဘေးသင့်ခဲ့သည့် မီးဘေးသင့်ပြည်သူများအား ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မီးဘေးသင့်ပြည်သူများ လက်ဝယ်သို့ မွန်းလွဲ ၂ နာရီက ကယ်ဆယ်ရေးပစ္စည်းများသွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် ဖျာပုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးဒေါ်သီသီချိုနှင့်တာဝန်ရှိသူများကိုယ်တိုင် မီးဘေးသင့်ပြည်သူများထံ သွားရောက်၍ အိမ်ထောင်စုသုံးစုမှ လူဦးရေကိုးဦးအတွက် ကယ်ဆယ်ရေးပစ္စည်း Family kid သုံးပုံးနှင့် ဆန်ဖိုးငွေကျပ် ၁၈၉၀၀၊ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် နှစ်သိန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



## ဂန္ဓမာစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးသူများ ဝင်ငွေကောင်း

**ကျောက်ဆည် နိုဝင်ဘာ ၂၄**
ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာများမှ နုန်းတင်မြေနုများ၊ မြေရိုင်းများ၊ မြစ်ကမ်းဘေးတစ်လျှောက် နုန်းမြေများတွင် ပန်းအမျိုးမျိုး၊ ဟင်းသီး၊ ဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးရာအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ကျောက်ဆည်မြို့နယ်ရှိ သံရွာ(စံပြ)ကျေးရွာတွင် ဂန္ဓမာပန်းများနှင့်အခြား ပန်းမျိုးစုံတို့ကို စိုက်ပျိုးရာဆည်မြောင်း ရေဖူလုံစွာရရှိခြင်း၊ မိုးရွာသွန်းမှုမှန်ကန်ခြင်းတို့ကြောင့် စိုက်ပျိုးရေးအဆင်ပြေသည်။

ဂန္ဓမာ အမျိုးအစားများမှာ ရွှေဝါဝင်း၊ ကြွေဖြူ၊ ဖတ်ရှင် ဂန္ဓမာ၊ ကျောက်စိမ်းဟူ၍ရှိရာ အမျိုးအစားလိုက် ဈေးကောင်းရ၍ ပန်းစိုက်သူ၊ ပြန်လည်ရောင်းချသူများနှင့် ဝယ်ယူသုံးစွဲသူများပါ အဆင်ပြေပြီး ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်လွင်**

## ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ပြည် နိုဝင်ဘာ ၂၄**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို နိုဝင်ဘာ ၂၀ ရက်က ပြည်မြို့အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား ထိုးနှံပေးလျက်ရှိရာ မိဘဆရာအသင်း နာယကများ၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်လှိုင်နှင့် ဆရာ ဆရာမ များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ဆိုလာစနစ်ဖြင့် ကျေးရွာ ၅၆ ရွာ မီးလင်းပြီ

**သီပေါ နိုဝင်ဘာ ၂၄**
ရှမ်းပြည်နယ်မြောက်ပိုင်းကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နောင်ချိုမြို့နယ်သို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် တစ်အိမ်သုံးနှင့်အများပြည်သူပိုင်အဆောက်အအုံသုံး ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းစိုးနှင့်တာဝန်ရှိသူများ နိုဝင်ဘာ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးရွာများ မီးလင်းရေးအတွက် ဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၅၆ ရွာမှ အမျိုးအစားပုံစံ သုံးမျိုးရှိသည့်အနက် ပုံစံ -၁ (၆၄၁) စုံ၊ ပုံစံ-၂ (၅၁၆)စုံ၊ပုံစံ-၃ (၁၇၂၈)စုံ စုစုပေါင်း ၂၈၈၅ စုံတို့ကို တပ်ဆင်ပေးခဲ့ပြီး ကျေးရွာစာသင်ကျောင်းများအတွက် ၃၆ စုံ၊ လမ်းမီးအစုံ ၂၈၀၊ ဘုန်းတော်ကြီးကျောင်းအတွက် ၂၇ စုံနှင့် ကျန်းမာရေးဌာနအတွက် ၁၂ စုံတို့ကို အခမဲ့တပ်ဆင်ပေးခဲ့သဖြင့် ကျေးလက်ဒေသများ၌ မီးထိန်ထိန်လင်းနေပြီဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရခိုင်ပြည်နယ်အတွင်း အကူအညီပေးရန် မြစ်ကြီးနားမြို့နယ် ပြည်သူများထံမှ ငွေကျပ်သိန်း၂၀၀ ကျော် ရရှိ

**မြစ်ကြီးနား နိုဝင်ဘာ ၂၄**
ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများကို လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေးအတွက် မြစ်ကြီးနားမြို့နယ်ရှိ ပြည်သူများထံမှ အလှူငွေကျပ်သိန်း ၂၀၀ ကျော် ရရှိထားကြောင်း မြစ်ကြီးနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။




အဆိုပါ အလှူငွေများကို မြစ်ကြီးနား မြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများ၊ အစိုးရ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းလှူဒါန်းကြခြင်း ဖြစ်သည်။

“အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို အဖွဲ့ဝင်တွေနဲ့ ဖွဲ့စည်းပြီး ကောက်ခံခဲ့တာပါ။ အခုလို ရပ်ကွက်နေပြည်သူတွေ ထည့်ဝင်ပေးတဲ့အတွက်လည်း အလွန်ကျေးဇူးတင်ပါတယ်” ဟု မြစ်ကြီးနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောသည်။

မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အလှူငွေကျပ် ၆၄၄၅၅၀ ရရှိ၍ ဆင်ဘိုမြို့ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများထံမှငွေကျပ် ၁၂၃၉၀၀၀ နှင့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ပြည်သူများထံမှ ငွေကျပ် ၁၉၆၅၆၀၀၀ ရရှိခဲ့သည်။

အဆိုပါ အခမ်းအနားကို ရှေ့ရပ်ကွက်ရှိ စုပေါင်းရုံးတွင် အောက်တိုဘာ ၂၀ရက်က ကျင်းပခဲ့ပြီး ကောက်ခံရရှိသည့် အလှူငွေများကို ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်က ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲကို ရန်ကုန်မြို့ အင်းလျားကန်၌ နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၀ တက်လှော် မီတာ ၂၀၀ နှင့် မီတာ ၅၀၀၊ အမျိုးသား ၅ တက်လှော် မီတာ ၂၀၀၊ မီတာ ၅၀၀ ပြိုင်ပွဲ များ၊ အမျိုးသမီး ၁၀ တက်၊ ၅ တက်လှော် မီတာ ၂၀၀၊ မီတာ ၅၀၀ ပြိုင်ပွဲ ပွဲစဉ် ရှစ်မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပြီး လှေလှော်အားကစား ဝါသနာရှင်များ မည်သူမဆို လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## စပါးမျိုးသန့်ထုတ်လုပ်ခြင်း၊ နည်းပညာနှီးနှောဖလှယ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Rural Development Administration (RDA) အထောက်အပံ့ဖြင့် အာဆီယံစားနပ်ရိက္ခာ၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Asian Food and Agriculture Cooperation Initiative-AFACI) seed Extension Project ၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ စပါးမျိုးသန့်ထုတ်လုပ်ခြင်း သရုပ်ပြပွဲအခမ်းအနားကို စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီးတပ်ကုန်းမြို့နယ် ရေအေးကျေးရွာစိုက်ပျိုးစီးပွားအသိပညာပေး စင်တာ (Knowledge Centre) တွင် နိုဝင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။



ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက နှစ်ပေါင်း ရှည်ကြာစွာ စိုက်ပျိုးလာသည့် မျိုးများအစားအရည်အသွေးကောင်း၊ ထွက်နှုန်းကောင်းပြီး ဈေးကွက်အလားအလာရှိသည့် မျိုးသစ်များ ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း၊ တက်ရောက်လာသည့် တောင်သူများ အနေဖြင့် ဆွေးနွေးပွဲမှရရှိလာသည့် အသိပညာများကို နီးစပ်ရာတောင်သူများထံ မျှဝေစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် Seed Extension Project ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သီးနှံ စိုက်ပျိုးရေးသုတေသနဌာနစု၊ လက်ထောက်သုတေသန အရာရှိ ဒေါ်ဝင်းသီတာဦးက ကွင်းသရုပ်ပြပွဲတွင် ပြသထားသည့် ပြည်တော်ရင်နှင့် ရေအနည်းလို (၇)စပါးမျိုးသစ်နှစ်မျိုးကို တောင်သူများအားပြသပြီးမျိုးတစ်မျိုးချင်းစီ၏အရည်အသွေးလက္ခဏာများကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်တော်ရင်စပါးမျိုးသစ်သည် အထွက်နှုန်း တင်း ၉၀ မှ ၁၀၀ ထိ ထွက်ရှိပြီးစားသုံးမှုကောင်းခြင်း၊ ရွက်ခြောက်ရောဂါအသင့်အတင့် ခံနိုင်ခြင်းစသည့် လက္ခဏာများရှိကြောင်း၊ ရေအနည်းလိုစပါးမျိုးသစ်သည် ရေငတ်ဒဏ်ခံနိုင်ခြင်း၊ ရွက်ခြောက်ရောဂါဒဏ်အသင့်အတင့်ခံနိုင်ခြင်း စသည့်လက္ခဏာများရှိကြောင်း၊ တောင်သူအများစုကြိုက်နှစ်သက်ကြကြောင်းနှင့် ယင်းနောက်စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ရာတွင် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များကို သက်ဆိုင်ရာတာဝန်ခံများက ရှင်းလင်းပြောကြားပြီး တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## နယ်လှည့် စာကြည့်တိုက် ဖွင့်လှစ်ပြီး အသိပညာပေး

**မန္တလေး နိုဝင်ဘာ ၂၄**
အခြေခံပညာဦးစီးဌာန ချမ်းအေးသာစံမြို့နယ် ပညာရေးမှူးရုံးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်းနှင့် မန္တလေးတိုင်းဒေသကြီး မှူခင်းသတင်းထောက်များအသင်းတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်နှင့် အသိပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းမိုးအုံ့ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ချမ်းအေးသာစံမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသူရိန်စိုးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ရီတို့ကအမှာစကားပြောကြားကြသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင် ဒေါ်နုနုကြည်(နုနုကြည်အမေအိမ်)နှင့် ဦးမောင်မောင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးကိုလည်းကောင်း၊ စာဖတ်စွမ်းအား မြှင့်တင်ရေးတို့ကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြပြီး ပဥ္စမတန်းမှနဝမတန်းအထိ ကျောင်းသားကျောင်းသူများကိုနယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ်စာပေများ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကျေးလက်ရေရရှိရေး တွင်းတိမ် တူးဖော်

**လင်းခေး နိုဝင်ဘာ ၂၄**
ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် မအွန်လောင်းကျေးရွာအုပ်စုရှိ မအွန်လောင်းကျေးရွာနှင့် ဝမ်အင်ကျေးရွာတို့တွင် ကျေးလက်ရေရရှိရေး တွင်းတိမ် ပေ ၂၀၀ တူးဖော်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်အရည်အသွေးစစ်ဆေးရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်နှင့်အဖွဲ့ဝင်များက နိုဝင်ဘာ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးထွန်းထွန်းက လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘားကမ့်ရန်ကုန် ၂၀၁၈ ကို ဇန်နဝါရီလကုန်ပိုင်းတွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

၂၀၁၀ ခုနှစ်က စတင်၍ နှစ်စဉ်ကျင်းပခဲ့သော ဘားကမ့်ရန်ကုန်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလထဲတွင် ကိုးကြိမ်မြောက် (Bar Camp Yangon 2018)အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း Bar Camp Yangon Organizer Team မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဘားကမ့်ရန်ကုန်ကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တွင် မနက် ၈ နာရီ မှ ညနေ ၅ နာရီအထိ လှိုင်မြို့နယ် MICT Park ပင်မဆောင်ထဲတွင် ကျင်းပသွားမည်ဖြစ်ပြီး ဘားကမ့်ရန်ကုန် ၂၀၁၈ ၏ Theme မှာ Awesome Yangon! ဖြစ်သည်။

ဘားကမ့်ရန်ကုန်သည် အိုင်တီနည်းပညာဆိုင်ရာ တစ်ခုတည်းအတွက် ရည်ရွယ်ကျင်းပသည့်ပွဲ မဟုတ်ဘဲ လွတ်လပ်စွာ မျှဝေဟောပြောခြင်းကသာ ဘားကမ့်များ၏ အဓိကကျသော လုပ်ငန်းစဉ်ဖြစ်ရာ နည်းပညာအပြင် အခြားသော လူထုအတွက် အကျိုးကျေးဇူးရှိစေမည့် မည်သည့်အကြောင်းအရာကိုမဆို မည်သူမဆို ဝင်ရောက်ဆွေးနွေးနိုင်ကြမည်ဖြစ်သည်။ မိမိတို့ ဝါသနာပါရန် ကျွမ်းကျင်ရာများကို ဆွေးနွေးလိုသူများအနေဖြင့် Topic Board များတွင် ပြောကြားလိုသည့် အကြောင်းအရာကို တင်ပြထားပြီး မိမိနှင့် ဝါသနာတူသူ၊ စိတ်ဝင်စားသူများနှင့် ဆွေးနွေးနိုင်ကြမည်ဖြစ်သည်။

ဘားကမ့်ရန်ကုန်ကို Organizer Team က ဦးစီး၍ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ရာ ယခု ၂၀၁၈ အတွက်လည်း Organizer များကို စက်တင်ဘာလအတွင်းကပင် စတင်ခေါ်ယူထားပြီးဖြစ်ကြောင်းနှင့် ယခု ဘားကမ့် ၂၀၁၈ တွင် ထူးခြားချက်အဖြစ် Organizer များထဲတွင် တက္ကသိုလ်များမှ လူငယ်များ အမြောက်အများ ပါဝင်လာကြကြောင်း သိရသည်။

ယခုနှစ် ဘားကမ့်ရန်ကုန်အတွက် ယခင်နှစ်များနည်းတူ Theme Design ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်၍ ဒီဇိုင်းပညာရှင်၊ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ယှဉ်ပြိုင်ရာတွင် ယခုနှစ် Theme ဖြစ်သော Awesome Yangon! နှင့် ကိုက်ညီပြီး ဘားကမ့်ရန်ကုန်၏ မူလ Logo ကိုလည်း မပျောက်ပျက်စေသော ဒီဇိုင်းမျိုး ရေးဆွဲအသုံးပြုပေးရမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် logo.barcampyangon.org တွင် ကြိုတင်စာရင်းပေးသွင်းကာ ပြိုင်ပွဲဝင်သည့် ဒီဇိုင်းဖိုင်များကို နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိအတွင်း ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ဘားကမ့်ရန်ကုန် ၂၀၁၈ နှင့် ပတ်သက်၍လည်းကောင်း၊ Theme Design ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်များနှင့် ယခင်နှစ်များမှ Theme Design များ၊ Reference များကို ရယူရန်အတွက်လည်းကောင်း ဘားကမ့်ရန်ကုန်၏ ဖေ့စ်ဘုတ် www.facebook.com/barcampyangon တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘားကမ့်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ၂၀၁၀ ခုနှစ်က ရန်ကုန်မြို့၌ ဘားကမ့်ရန်ကုန်အမည်ဖြင့် စတင်ကျင်းပခဲ့ရာ တက်ရောက်သူ ထောင်ပေါင်းများစွာရှိခဲ့ပြီး နိုင်ငံတကာတွင် ကျင်းပခဲ့ဖူးသည့် ဘားကမ့်ပွဲများအနက် အအောင်မြင်ဆုံးနှင့် တက်ရောက်သူအများဆုံး ပွဲတစ်ခုအဖြစ် ယနေ့အထိ စံချိန်တင်ထားနိုင်ခဲ့သည်။ ဘားကမ့်ရန်ကုန် ကျင်းပပြီးနောက် အောင်မြင်မှုများနှင့် လူငယ်များ၏ စိတ်ဝင်စားမှုများကြောင့် လက်ရှိအချိန်၌ ရန်ကုန်မြို့အပြင် မြို့ကြီးအချို့တွင်လည်း ဘားကမ့်ပွဲများကို နှစ်စဉ် ကျင်းပနေကြပြီဖြစ်သည်။



ပြီးခဲ့သော ဘားကမ့်ရန်ကုန် ၂၀၁၇ မှ ဆွေးနွေးမှုအစီအစဉ်တစ်ခု

**သူရဖြိုး**

# အူရီဒူးက Smart A3 နှင့် Smart V7 ဖုန်းမော်ဒယ်သစ်များကို ၁၂ လစာ အင်တာနက်အသုံးပြုခွင့်များဖြင့် စတင်ရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၂၄**

အော်ပရေတာတစ်ခုဖြစ်သော အူရီဒူးမြန်မာနှင့် ZTE တို့ပူးပေါင်း၍ 4G ဟန်းဆက် မော်ဒယ်သစ်နှစ်မျိုးဖြစ်သည့် Ooredoo Smart A3(ZTE)နှင့် Ooredoo Smart V7(ZTE)တို့ကို နိုဝင်ဘာ ၁၆ ရက်က စတင်မိတ်ဆက်ရောင်းချပြီး အဆိုပါဟန်းဆက်များကို ဝယ်ယူသုံးစွဲသူများအနေဖြင့် အင်တာနက်ဒေတာ အပိုသုံးစွဲခွင့်ရရှိမည့် အစီအစဉ်များကိုလည်း ၁၂ လတိုင် ရရှိမည်ဖြစ်ကြောင်း သိရသည်။




အူရီဒူးက ရောင်းချသည့် အဆိုပါ ဖုန်းသစ်နှစ်မျိုးစလုံးသည် မိုက်ခရိုဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်သော အမျိုးအစားများဖြစ်ပြီး 4G အင်တာနက်သုံးစွဲမှုကို ထောက်ပံ့ပေးထားသည်။

Smart A3 ဟန်းဆက်သည် Android 7.0 (Nougat)ကို အသုံးပြုထားပြီး မျက်နှာပြင်အကျယ် ငါးလက်မဖြစ်သည်။ Quad core 1.1GHz CPU ကို သုံးထားပြီး RAM 1GB နှင့် အင်တာနယ်မင်မိုရီ 8GB ပါဝင်သည်။ ကင်မရာပိုင်းတွင် နောက်ဘက်ကင်မရာက ၈ မဂ္ဂါပစ်ဇယ်ရှိပြီး ရှေ့ကင်မရာက ၂ မဂ္ဂါပစ်ဇယ်ရှိသည်။ ဘက်ထရီပိုင်းတွင် 22mAh ရှိသည့် ဘက်ထရီကို အသုံးပြုထားပြီး ဈေးနှုန်းမှာ ကျပ် ၁၂၀၀၀၀ နီးပါး ဖြစ်သည်။

Smart V7(ZTE)ဟန်းဆက်မှာ Smart A3 ထက် ပိုကောင်းအောင် ထုတ်လုပ်ထားသော ဖုန်းအမျိုးအစားဖြစ်ပြီး မျက်နှာပြင်အကျယ် ၅ ဒသမ ၂ လက်မရှိကာ အန်းဒရွိုက်ဗားရှင်းမှာ 6.0(Marshmallow) ဖြစ်သည်။ CPU အနေဖြင့် Octa core 1.3GHz CPU ကို သုံးထားပြီး RAM 2GB နှင့် အင်တာနယ်မင်မိုရီ 16GB ပါဝင်သည်။ ကင်မရာပိုင်းတွင် နောက်ကင်မရာသည် ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး ရှေ့ဘက် ဆယ်လ်ဖီကင်မရာက ၅မဂ္ဂါပစ်ဇယ်ရှိသည်။ Finger Print နှင့် OTG စနစ်များလည်း ပါဝင်ပြီး ဘက်ထရီမှာ 2500 mAh ဘက်ထရီဖြစ်ကာ ဈေးနှုန်းမှာ ကျပ် ၂၁၀၀၀၀ ကျော် ဖြစ်သည်။

ဖုန်းသစ်များ ဝယ်ယူခြင်းအတွက် အူရီဒူး၏ အင်တာနက်ဒေတာကို အပိုသုံးစွဲခွင့်ရမည့် အစီအစဉ်များလည်း ပြုလုပ်ပေးထားရာ Smart A3 ကို ဝယ်ယူသူများအနေဖြင့် အူရီဒူးဆင်းကတ်ကို ငွေ ၃၀၀၀ ကျပ်ဖြည့်သွင်းပြီး စတင်အသုံးပြုပါက 2.5GB အခမဲ့ အင်တာနက်ကို ရရှိမည်ဖြစ်ပြီး လစဉ် ကျပ် ၃၀၀၀ ဖြည့်သွင်းရုံဖြင့် 2.5 GB အင်တာနက်ဒေတာကို ၁၂ လတိုင်တိုင် ရယူနိုင်မည်ဖြစ်သည်။




Smart V7 ဖုန်းကို ဝယ်ယူသူများအနေဖြင့်လည်း အူရီဒူးဆင်းကတ်ကို ကျပ် ၅၀၀၀ ဖြည့်သွင်း၍ စတင်အသုံးပြုပါက တစ်လလျှင် 4.5GB အခမဲ့ အင်တာနက်ဒေတာကို အသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး လစဉ်ကျပ် ၅၀၀၀ ငွေဖြည့်သွင်းခြင်းဖြင့် လစဉ် 4.5GB အင်တာနက်ဒေတာ အသုံးပြုခွင့်ကို ၁၂ လတိုင်တိုင် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# နော်ဝေတွင် ကျင်းပမည့် တယ်လီနော လူငယ်ဖိုရမ်သို့ မြန်မာလူငယ်နှစ်ဦး တက်ရောက်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

နိုဘယ်ငြိမ်းချမ်းရေးစင်တာနှင့် တယ်လီနောတို့ ပူးပေါင်း၍ တယ်လီနော လူငယ်ဖိုရမ်ကို နော်ဝေနိုင်ငံ အော့စလိုမြို့၌ ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါ လူငယ်ဖိုရန်သို့ တယ်လီနောဈေးကွက်ရှိသည့် နိုင်ငံ ၁၂ ခုမှ လူငယ်နှစ်ဦးစီ တက်ရောက်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ နန်းကံ့ကော်ရွက်ဆိုင်နှင့် ရာသူ(လ်)ပရာဆက်တို့က မြန်မာနိုင်ငံကိုယ်စားပြု လူငယ်များအဖြစ် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောလူငယ်ဖိုရမ်သို့ တက်ရောက်ခွင့်ရရန် နိုင်ငံ ၁၂ နိုင်ငံမှ အသက် ၂၀ မှ ၂၈ နှစ်ကြားရှိ လျှောက်ထားသူ ၈၀၀၀ နီးပါးအနက်မှ ထူးချွန်လူငယ် ၂၄ ဦးကို ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခံ လူငယ်ကိုယ်စားလှယ်များသည် ဖိုရမ်တွင် လူမှုဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို အဖွဲ့များဖွဲ့၍ ဖြေရှင်းဆွေးနွေးကြမည်ဖြစ်သကဲ့သို့ နိုဘယ်ငြိမ်းချမ်းရေးဆုဆိုင်ရာ အခမ်းအနားများတွင်လည်း ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် ဖိုရမ်၏ နောက်ဆုံးရက် ဒီဇင်ဘာ ၁၁ ရက်တွင် လူငယ်ကိုယ်စားလှယ်များသည်၄င်းတို့အား ဖြေရှင်းရန်သတ်မှတ်ပေးထားသည့် လူမှုဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် မည်သို့မည်ပုံ ဖြေရှင်းကြမည်ကို ရှင်းလင်းတင်ပြကြရမည်ဖြစ်ပြီး ရှင်းလင်းတင်ပြချက်များကို ကျွမ်းကျင်ပညာရှင်များပါဝင်သော အကဲဖြတ်အဖွဲ့က ဆန်းစစ်ကာ အကြံပြုလမ်းညွှန်ချက်များ ပေးသွားမည်ဖြစ်သည်။

ဖိုရမ်ပြီးသည့် နောက်ပိုင်းတွင်လည်း ရွေးချယ်ခံ လူငယ်ကိုယ်စားလှယ်များသည် ၂၀၁၈ မေလအထိ ကြာမြင့်မည့် ဖိုရမ်အစီအစဉ်တစ်လျှောက်တွင် ပူးပေါင်းပါဝင်ကာ သက်ဆိုင်ရာ နိုင်ငံအလိုက် လူမှုဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းခြင်း၊ နိုဘယ်ငြိမ်းချမ်းရေးစင်တာနှင့် လက်တွဲ၍ ဒီဂျစ်တယ်ခင်းကျင်းပြသခန်းကို ဖော်ဆောင်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**



# မြန်မာ Cyber Security Challenge 2018 ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူရွယ်များ၏ Cyber လုံခြုံရေးပိုင်းဆိုင်ရာ အသိအမြင်နှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူးကာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Computer Emergency Response Team(mmCERT)တို့ ပူးပေါင်း၍ Myanmar Cyber Security Challenge 2018 ပြိုင်ပွဲကို ရန်ကုန်မြို့၌ ၂၀၁၈ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပခြင်းကြောင့် အကျိုးကျေးဇူးများအနေဖြင့် မြန်မာလူငယ်များအနေဖြင့် Cyber Security ၏ အရေးပါမှုကို သိရှိလာခြင်း၊ Cyber Security ဆိုင်ရာ ကျွမ်းကျင်မှုများနှင့် Cyber တိုက်ခိုက်မှုများအပေါ် ကာကွယ်နိုင်မှု စွမ်းရည်များ တိုးတက်လာခြင်း၊ နိုင်ငံတကာ၏ စံသတ်မှတ်ချက်များနှင့်အညီ ထုတ်ထားသော ပြဿနာများကို ဖြေဆိုရမည်ဖြစ်၍ အတွေ့အကြုံကောင်းများ ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို လှိုင်မြို့နယ်ရှိ MICT Park, Conference Hall တွင် ကျင်းပမည်ဖြစ်ပြီး အဖွဲ့တစ်ဖွဲ့လျှင် ခေါင်းဆောင်တစ်ဦးအပါအဝင် သုံးဦး ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကာ ဆုများအနေဖြင့် ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သိန်း၊ တတိယဆု ကျပ်ငါးသိန်းတို့ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်မည့်အဖွဲ့များအနေဖြင့် ဝင်ခွင့်လျှောက်လွှာကို ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ တင်ပြရမည်ဖြစ်ကာ ပြိုင်ပွဲဝင်ခွင့် ရရှိသည့်အသင်းများကို ဇန်နဝါရီ ၂၀ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာ ရယူရန်နှင့် ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်များအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း ၀၁-၆၅၂၃၀၇ နှင့် mmCERT ဖုန်း ၀၁-၆၅၀၈၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## ဂန္ထဝင်တေးသံရှင်ကြီး ဒေါ်မာမာအေး၏ တစ်ကိုယ်တော် ဖျော်ဖြေပွဲများ

## ရန်ကုန်နှင့်မန္တလေးတို့တွင် ကျင်းပသွားရန်ရှိ



သုံးနှစ်သမီးအရွယ်ကစတင်ပြီး မြန်မာ့သီချင်းကြီး သီချင်းခံများကို ပိုင်နိုင်စွာသီဆိုရင်း မြန်မာ့သံစဉ် တေးသီချင်းနှင့် ရှင်သန်ကာ နေထိုင်လာခဲ့သူ အသက် ၇၅ နှစ်ရှိပြီဖြစ်သည့် မြန်မာသံ ဂန္ထဝင် အမျိုးသမီးအဆိုတော်ကြီး ဒေါ်မာမာ အေး၏ တစ်ကိုယ်တော် ဖျော်ဖြေပွဲကြီးကို ယခုနှစ်အကုန်တွင် ရန်ကုန်၊ မန္တလေးမြို့တို့၌ ကျင်းပပြုလုပ်သွားရန်ရှိကြောင်း သိရသည်။

"အန်တီအနေနဲ့ မန္တလေး၊ ရန်ကုန်မြို့ကြီး နှစ်မြို့မှာ မွေးနေ့အမှတ်တရအဖြစ် ဂီတပွဲလေး လုပ်ဖို့ကို မြန်မာပြည် ပြန်ရောက်လာရင် လုပ်မယ်လို့ အတွေးတစ်ခုရှိခဲ့ဖူးတယ်၊ အခု အန်တီ အသက် ၇၅ နှစ် ပြည့်တော့မယ်ဆိုတော့ ကျွန်မချစ်တဲ့ ပရိသတ်တွေအတွက် ပွဲလေးတစ်ခု လာလုပ်ပေးဖြစ်တာပါ၊ ၇၅ နှစ်ပြည့်အမှတ်တရ လို့ ပြောလို့ရပါတယ်၊ ကိုယ့်ရှေ့က အစ်ကိုတွေ၊ အစ်မတွေနဲ့လည်း ဒီပွဲမှာဆိုဖို့ စီစဉ်ထားပါတယ်၊ ကိုယ်တို့ခေတ်က အတူတကွခဲ့တဲ့ သူငယ်ချင်းတွေလည်းပါမယ်၊ နောက်ဒီဘက်ခေတ်ကလေးတွေလည်းပါမယ်၊ ကျွန်မပြည်ပမှာ နေစဉ်က ဂီတနဲ့ပတ်သက်ပြီး သင်ကြားပေးခဲ့ဖူးတဲ့ ကလေးတွေလည်းပါမယ်၊ အမေရိကားနဲ့ စင်ကာပူမှာရှိတဲ့ ကလေးတွေလာပြီး ဖျော်ဖြေကြမှာပါ"ဟု ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲကြီးသည် ဒေါ်မာမာ အေးအတွက် အမှတ်တရများစွာရရှိမည့်အပြင် ခေတ်အလိုက်ပြောင်းလဲမှုတွေပေါ်တွင် ကြံ့ကြံ့ခံရှင်သန်လာခဲ့သော မြန်မာ့ဂီတတေးသီချင်း တွေကို ယနေ့ခေတ်လူငယ်တွေအတွက် တန်ဖိုးထားတတ်စေရန် ရည်ညွှန်းပြဆိုသော မြန်မာ့ သံစဉ်စစ်စစ်ပွဲကြီးတစ်ခုလည်း ဖြစ်နိုင်ကြောင်း သိရသည်။

"အမှန်အတိုင်းပြောရရင် ဒီဘက်ခေတ်မှာ လိုအပ်မှုလေးတွေရှိပါတယ်၊ အထူးသဖြင့် ပြန်ဆိုတေးသီချင်းတွေကို ပြောချင်တာပါ၊ ပြန်ဆိုပြီး မစ်လုပ်ကြတာကို ပြောချင်တာပါ၊ သီချင်းကို နဂိုမူရင်းရှိပြီးသားအတိုင်းကို ပိုကောင်းလာအောင် ဟိုထည့်ဒီထည့်လုပ်ကြတာမျိုးပေါ့နော်၊ ပြန်ပြီးဖော်ထုတ်တာကိုတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် သူ့ပုံမပျက်ကလေး လုပ်မယ်ဆိုရင်တော့ စေတနာကိုကျေးဇူးတင်ပါတယ်၊ မြူးဆစ်ကို ဖျက်ဆီးလိုက်တာမျိုးတော့ မဖြစ်စေချင်ဘူး၊ စေတနာကနေ ဝေဒနာဖြစ်သွားတာမျိုး မကောင်းဘူးပေါ့နော်၊ ဒီပွဲကြီးကနေ အန်တီဂီတ မျိုးဆက်သစ်ကလေးတွေအတွက် အသိပေး စရာရှိတာလေးတွေကို ဂီတနဲ့ပေးသွားမယ်"ဟု ဆိုသည်။

သူ့အနေနှင့် ယနေ့တိုင် ဂီတလောကတွင် ရပ်တည်နေသော်လည်း ဂီတအမွေပေးမည့် မျိုးဆက်မထားရှိနိုင်သေးကြောင်း၊ ဂီတလောက တွင် အပြိုင်အဆိုင်များနှင့် ပြည့်နှက်နေကြောင်း မိမိအနေနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တောင်းဆိုမှုမပြုချင်သောကြောင့် ဂီတအမွေ ကိုပေးမည့်သားသမီး မျိုးဆက်များကို လုပ်ကိုင် ခွင့်မပြုခဲ့ကြောင်း၊ ဝါသနာအရ သီဆိုမည့် သူရှိသော်လည်း၊ ပညာရေးတစ်ဖက်ကြောင့် လည်းကောင်း၊ မိသားစု တာဝန်များရှိလာခြင်း ကြောင့်လည်း မိမိအနေဖြင့် ဂီတအမွေကို ထိထိ မိမိပေးစွမ်းနိုင်မှုတွင် အားနည်းမှုများရှိခဲ့ကြောင်း၊ သို့သော် မိမိ၏ မျိုးဆက်များအနေဖြင့် ဂီတ ပညာကို မိမိကဲ့သို့ ထပ်တူမကျတောင် အကောင်းဆုံး ဖန်တီးနိုင်ကြောင်း သိရသည်။

ဒေါ်မာမာအေးအနေဖြင့် တေးသီချင်း များစွာကို သီဆိုခဲ့ပြီး အောင်မြင်မှုများစွာ ရရှိခဲ့သော အမျိုးသမီးအဆိုပညာရှင်တစ်ဦး ဖြစ်ပြီး ၁၉၇၈ ခုနှစ်က သူ၏ နောက်ဆုံး အောင်မြင်မှု များစွာရရှိခဲ့သည့် သီချင်းမှာ "မောင့်အချစ်မြားစူး" သီချင်းဖြစ်ပြီး သူ၏ အောင်မြင်ခဲ့သော တေးသီချင်းများမှာ "ဇမ္ဗူရစ်ရွှေစင်"၊ "စန္ဒကိန္နရီ"၊ "ဆယ်မိုးဆယ်နွေ"၊ "ရင်တွင်းဆု" သို့မဟုတ် "တန်ပြန်ဆု"၊ "ချစ်မိုးကြီး"၊ "ပျို့မောင်ဘုန်း"၊ "ကိုလူပျို"၊ "မောင်ပေါက်ကျိုင်းလိုလူစား"၊ "တူနှစ်ကိုယ်"၊ "ပန်းလိုမွှေးပါစေ"၊ "ဆည်းဆာ"၊ "ငိုရင်ပုလဲရယ်ရင်ရွှဲ"၊ "မန်ဒါလီ"၊ "ချစ်သူ့နယ်မြေ"၊ "နှစ်ယောက်တည်း"၊ "ကောက်စိုက်သမ" စသည့် တေးသီချင်းများသည် ယနေ့တိုင် မရိုးနိုင်အောင်မြင်မှုများရှိနေဆဲ တေးသီချင်းများ ဖြစ်သည်။

**ကိုလင်း**

## ပြည်တွင်း ပြည်ပ ဒီဇိုင်နာများနှင့် မော်ဒယ်များပါဝင်မည့်

## Myanmar Int'l Fashion Week 2017 ပြုလုပ်မည်



ဂျွန်လွင် (Stars & Models) ဦးစီးပြီး " Myanmar International Fashion Week ပွဲကြီးကို ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်ဆိုလျှင် ငါးကြိမ်မြောက်ပြုလုပ်ခြင်းဟု သိရသည်။ ယခုနှစ်တွင်လည်း မြန်မာနိုင်ငံ၏ အကြီးကျယ်အခမ်းနားဆုံး Myanmar Int'l Fashion Week 2017 ကို ဒီဇင်ဘာ ၈ ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ် ရွှေထွဋ်တင်ကွင်းအတွင်းရှိ Hexagon Complex တွင် ကျင်းပမည်ဖြစ်ရာ စာနယ်ဇင်း မိတ်ဆက်ပွဲကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

"ဒီလိုမျိုးဖက်ရှင်ရှိုးပွဲတွေကို နိုင်ငံခြားမှာကတော့ တစ်နှစ်ကို နှစ်ပွဲလုပ်ကြတယ်၊ ကျွန်တော်တို့နိုင်ငံမှာက တစ်ပွဲလုပ်ဖို့ကိုတောင် အင်မတန်ကြိုးစားအားစိုက်ရပြီး အခက်အခဲတွေကြားက လုပ်ရတဲ့ပွဲလေးပါ၊ ဒီနှစ်ကတော့ အရင်နှစ်တွေထက် ခြားနားပါတယ်၊ မြန်မာနိုင်ငံရဲ့ နာမည်ကြီး ဒီဇိုင်နာတွေအပြင် နိုင်ငံခြားက ဒီဇိုင်နာများက ပါဝင်ပြသသွားမှာဖြစ်ပါတယ်၊ ဖက်ရှင်နှင့် နည်းပညာနှစ်ခု ပေါင်းစပ်ကာ ပြုလုပ်သွားမှာပါ၊ ကျွန်တော်က မိတ်ကပ်ကို ဘယ်လိုလိမ်းပြီး Fashion Week မှာ ဘယ်လိုပြသတယ်ဆိုတာလေးကို ပြသသွားမှာပါ"ဟု Star Event Production မှ ဥက္ကဋ္ဌဖြစ်သူ ဦးဂျွန်လွင်က ပြောသည်။

အဆိုပါ ဖက်ရှင်ပွဲကကြီးကို မြန်မာနိုင်ငံမှ နာမည်ကျော် ဒီဇိုင်နာများနှင့် နိုင်ငံခြားမှဒီဇိုင်နာများ၊ နာမည်ကျော် မိတ်ကပ်ပညာရှင်များ၊ Stars & Models Int'l မှ မော်ဒယ်စုစုပေါင်း အယောက် ၁၀၀၊ Stars & Models Int'l မှမွေးထုတ်ထားသော နာမည်ကြီး သရုပ်ဆောင်များဖြစ်ကြသည့် နိုင်းနိုင်း၊ အောင်ရဲလင်း၊ အောင်မင်းခန့်၊ မိုးဟေကို၊ အေးမြတ်သူ၊ သန္တာဗိုလ်၊ အွန်ဆိုင်း၊ မေမြတ်နိုး စသည့်တို့ ပါဝင်မည်ဖြစ်သည်။

**ကိုလင်း**

## အမျိုးသမီးများအကြမ်းဖက်မှုပပျောက်ရေး

## အနုပညာဖြင့်အသိပညာပေး

နိုင်ငံတကာတွင် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေးအတွက် လူထုအသိပညာပေး အစီအစဉ်များ လှုပ်ရှားဆောင်ရွက်မှုကို ယခုလ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်လှုပ်ရှား ဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါ ၁၆ရက်တာလှုပ်ရှားမှုတွင် ဆောင်ပုဒ်များ သတ်မှတ်ထားပြီး ထိရောက်စွာလုပ်ကိုင်မှာဖြစ်ပြီး ဆောင်ပုဒ်များကို "အိမ်တွင်းငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသော ကမ္ဘာဆီသို့၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ အမျိုးသားများလည်း ပါဝင်စို့" စသည့်အမည်များဖြစ်ပြီး လူထုအသိပညာပေး အစီအစဉ်များတွင် ထာဝရဖဲကြိုးဖြူ သံချပ်ပြိုင်ပွဲ၊ လူထုအသိပညာရေး Flash Mob လှုပ်ရှားမှုများ၊ FM ရေဒီယိုများမှ အသံလွှင့်အစီအစဉ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၁၆ ရက်တာ လှုပ်ရှားမှု လူထုအသိပညာပေးအစီအစဉ်များလည်း ပါဝင်မည်ဟု သိရသည်။

ထာဝရဖဲကြိုးဖြူ သံချပ်ပြိုင်ပွဲကို မြန်မာ့ရိုးရာအနုပညာပံ့ပိုးမှုဖြင့် ပြည်သူလူထုအကြားတွင်ကျ၊ မရေးရာအခြေပြုအကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ လူထုအသိပညာပေး သတင်းအချက်အလက်များ၊ ပိုမိုကျယ်ပြန့်စေရန်လည်းကောင်း၊ မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သည့် သံချပ်အနုပညာရပ်အား တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးရန်ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ ၁၆ ရက်တာလှုပ်ရှားမှုလုပ်ငန်းအဖွဲ့မှ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၏လမ်းညွှန်မှုတို့ဖြင့်စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါလှုပ်ရှားမှုတွင် ထာဝရဖဲကြိုးဖြူ သံချပ်ပြိုင်ပွဲမှ မန္တလေးမြို့မနောယမံကွင်းတွင် ညနေ ၅ နာရီမှ စတင်ကာ သံချပ်ရှစ်ဖွဲ့မှ ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် သံချပ် ၁၁ ဖွဲ့မှ ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင်လည်းကောင်း ပြည်သူ့ရင်ပြင်တွင် နေ့စဉ်ညနေ ၅ နာရီမှ စတင်ကာ အသီးသီးတင်ဆက်သွားမည် ဖြစ်သည်။ **ကိုလင်း**



## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့်ပူးပေါင်း၍ မေခဆောင်ဖောင်ဒေးရှင်းမှ "မြကျွန်းညိုညို" ဂီတရန်ပုံငွေပွဲ ပြုလုပ်မည်



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မေခဆောင် ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် မြကျွန်းညိုညို ဂီတရန်ပုံငွေဖျော်ဖြေပွဲကျင်းပမည့်အကြောင်း သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ အိုလံပစ်ဟိုတယ်တွင် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါပွဲကို ပြုလုပ်ခဲ့သည်မှာ နှစ်နှစ်ရှိပြီဖြစ်ပြီး ယခင်နှစ်က သဘင်အစည်းအရုံးမှ ကူညီပေးကြောင်း၊ ယခုနှစ်တွင် ရုပ်ရှင်အစည်းအရုံး၏ ကူညီပေးမှုနှင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ပွဲမှရရှိသော ရန်ပုံငွေများကို မေခဆောင်ဖောင်ဒေးရှင်းမှ ပြုလုပ်နေသည့် စီးပွားရေးဖိုရမ်တွင် အသုံးပြုမည်ဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ စာအုပ်ထုတ်သောနေရာတွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သောနေရာများကိုလည်းကောင်း အသီးသီးထောက်ပံ့သွားမည်ဟု မေခဆောင် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြင့်နိုင်က ဖျော်ဖြေပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ယခု ဒုတိယအကြိမ်ပြုလုပ်မည့် ဂီတရန်ပုံငွေဖျော်ဖြေပွဲကို ၂၀၁၇ ဒီဇင်ဘာ ၂ ရက်၌ မင်းဓမ္မလမ်းရှိ (MCC) ခန်းမတွင် ညနေ ၆ နာရီမှ စတင်ကာ ပြုလုပ်မည်ဖြစ်ပြီး ပထမအကြိမ်တွင် မြန်မာနိုင်ငံ ဂီတနှင့် သဘင်တို့၏ အကူအညီဖြင့် ပြုလုပ်ခဲ့ပြီးနောက် ယခုနှစ်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အနေဖြင့် ပထမဆုံးပါဝင်ကူညီခြင်းဖြစ်ကြောင်း၊ ရရှိလာသော ရန်ပုံငွေများကို စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးလျက်ရှိကြောင်း အဆိုပါပွဲမှ သိရသည်။

"သူတို့က အရင်နှစ်ကလည်း လုပ်လာတဲ့အစဉ်အလာတွေ ရှိနေပါတယ်၊ သဘင်တို့ ဂီတတို့နဲ့ လုပ်ခဲ့တာတွေလည်း ရှိပါတယ်၊ ဒီနှစ်တော့ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးကို အကူအညီတောင်းလာတာနဲ့ အခုလို ပါဝင် ဖြစ်သွားတာပါ၊ တခြားဖျော်ဖြေရေးကဏ္ဍတွေ ပါဝင်မှာမဟုတ်ဘဲ တေးသီချင်းများသာ ဖျော်ဖြေတင်ဆက်သွားမှာပါ၊ တချို့ကလည်း ပါဝင်ကူညီချင်ပေမယ့် မကူညီနိုင်တာတွေလည်း ရှိပါတယ်၊ ဒီလိုပါဝင်ဖြစ်တဲ့အတွက်လည်း အနုပညာကြေးတောင်းခံသွားမှာ မဟုတ်ပါဘူး"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

အဆိုပါဂီတရန်ပုံငွေပွဲတွင် မြန်မာနိုင်ငံအနုပညာ အစည်းအရုံးမှ အကယ်ဒမီလူမင်း၊ အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ အောင်ခိုင်၊ အောင်ရဲလင်း၊ ဟိန်းဝေယံ၊ မိုးယံဇွန်၊ အိစိကွေး၊ ထွန်းကိုကို၊ ဇွဲပြည့်၊ အောင်မင်းခန့်၊ အကယ်ဒမီ ချိုပြုံး၊ အကယ်ဒမီ ခင်သီတာထွန်း၊ အကယ်ဒမီ ခင်ဇာခြည်ကျော်၊ စိုးပြည့်သဇင်၊ ဝါဝါအောင်၊ ချစ်စန်းဦး၊ လင်းဇာနည်ဇော်၊ ဆုပန်ထွာ၊ သင်ဇာဝင့်ကျော်၊ မေခလာ၊ ခွန်းဆင့်နေခြည်၊ မေမြတ်နိုး၊ ပွင့်နန်းဆုရတီစိုး၊ မေကဗျာနှင့် ဟန်သီတို့မှ ပါဝင်အားဖြည့်ကူညီသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## မြန်မာနိုင်ငံစာပေညီလာခံပွဲတော်ကြီး ယခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်



မြန်မာနိုင်ငံရှိ စာပေနှင့် အနုပညာအဖွဲ့ ၁၁ ဖွဲ့တို့က စုစည်းကျင်းပမည်ဖြစ်သော စာပေညီလာခံ ၂၀၁၇ ကို လာမည့် ဒီဇင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့တော်ခန်းမ မဟာဗန္ဓုလပန်းခြံရှေ့ မျက်နှာစာနှင့် MCC (မြန်မာကွန်ဗင်းရှင်းစင်တာ) တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။ ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှေ့တွင် ကျင်းပမည့် အစီအစဉ်များမှာ စာပေညီလာခံကြိုဆိုပွဲ အစီအစဉ်များဖြစ်ပြီး စာအုပ်ဈေးရောင်းပွဲ၊ ဖျော်ဖြေရေးနှင့် စာပေဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ စာပေညီလာခံ ၂၀၁၇ဖွင့်လှစ်ပွဲကိုတော့ ဒီဇင်ဘာ ၁၂ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့မျက်နှာစာတွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC တွင် ဒီဇင်ဘာ ၁၃ရက်မှ ၁၅ရက်အထိ စားပွဲဝိုင်းဆွေးနွေးပွဲများ (Panel Discussion) ကျင်းပမည် ဖြစ်သည်။

အဆိုပါ စာပေညီလာခံကြီးကို ကျင်းပနိုင်ခဲ့သည့်အပေါ် စာပေညီလာခံကျင်းပရေးကော်မတီ အတွင်းရေးမှူး ဆရာမ မစန္ဒာက "၈ ရက်ကနေ ၁၂ရက်အထိ တစ်ရက်ကို စာရေးဆရာ နှစ်ယောက်စီ ညတိုင်းဟောပြောမယ်၊ ၁၂ ရက်ကျတော့ ဆရာမတို့က ဖွင့်ပွဲလုပ်မယ်၊ ဖွင့်ပွဲလုပ်ပြီးတဲ့အခါမှာ ၁၃ ရက်၊ ၁၄ရက်၊ ၁၅ ရက်မှာ စကားဝိုင်းတွေလုပ်မယ်၊ အဲဒါက MCC ခန်းမမှာ လုပ်မှာပါ၊ အဲဒီစကားဝိုင်းတွေကနေ သူတို့ရွေးချယ်တဲ့ ခေါင်းစဉ်တွေပေါ်မှာ မူတည်ပြီးတော့ ဖြစ်ပျက်နေတဲ့ အခြေအနေလေးပေါ့နော်၊ ဘာတွေကတော့ ဘယ်လိုဖြစ်နေတယ်ဆိုပြီး ကိုယ်သိစေချင်တဲ့ အထက်ပိုင်းက လူကြီးတွေသိလာအောင် ပြန်ကြားရေးဝန်ကြီးက နေတစ်ဆင့် ပို့ပေးမယ်လို့ ပြောပါတယ်၊ အဲဒီလို ပို့ပေးတဲ့အခါမှာ စာရေးဆရာတွေရဲ့ အသံကိုကြားရမှာပါ၊ စာရေးဆရာတွေရဲ့ အသံကထွက်ချင်တာတော့ ကြာပါပြီ၊ အခုမှ ထွက်ခွင့်ရတော့မှာဆိုတော့ တော်တော်ဝမ်းသာစရာပါ၊ စာရေးဆရာတွေက ချမ်းသာတာတော့ မဟုတ်ဘူးလေ၊ အသင်း ၁၀ ဖွဲ့ စုစည်းပြီး ညီလာခံကြီးလုပ်ဖို့လည်း ခွင့်ပြုချက်ရပြီဆိုလို့ရှိရင် ပွဲလုပ်ဖို့အတွက် ပိုက်ဆံတွေ အများကြီးကုန်လာမယ်၊ ဒီကုန်ကျငွေတွေကို ဘယ်လိုရှာကြမလဲပေါ့၊ အမျိုးမျိုးစဉ်းစားကြပါတယ်၊ ပြဇာတ်ကမလား၊ စာအုပ်ထုတ်မလား၊ သီချင်းဆိုကြမလားဆိုတော့ အားလုံးသိကြတဲ့အတိုင်း ဆရာမတို့အရွယ်၊ ဆရာမတို့ရုပ်ကြီးတွေနဲ့ ဘယ်သူမှကြည့်ကြမှာ မဟုတ်ဘူးလေ၊ အဲဒါနဲ့ နောက်ဆုံးကျတော့မှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ရော၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ပါ သူတို့ရဲ့ ပံ့ပိုးကူညီမှုတွေကို ရတယ်၊ နောက်ပြီး ဝိုင်းဝန်းကူညီကြတယ်၊ အလှူရှင်တွေကိုလည်း ကျေးဇူးတင်ပါတယ်၊ သူတို့က ဝိုင်းဝန်းပြီးလှူကြတဲ့အခါမှာ သူတို့ရဲ့အလှူငွေတွေနဲ့ ဆရာမတို့ အားလုံး ထောင့်စေ့အောင် လုပ်ကိုင်နိုင်တာပါ" ဟု ပြောသည်။

အဆိုပါပွဲနှင့်ပတ်သက်ပြီး ယခုလ ၂၂ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော် ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### Echame La Culpa ဆိုတဲ့သီချင်းနဲ့ စံချိန်ချိုးလိုက်တဲ့ ဒမ်မီလိုဗာတိုနဲ့ လူးရစ်ဖွန်စီ



လူးရစ်ဖွန်စီဟာ ဂျက်စတင်ဘီဘာနဲ့အတူ Despacito သီချင်းနဲ့ အောင်ပွဲခံပြီးတဲ့နောက်မှာ နောက်ထပ်သီချင်းတစ်ပုဒ်နဲ့ အောင်ပွဲခံလိုက်ပြန်ပါပြီ။ အဲဒီသီချင်းကတော့ ဒမ်မီလိုဗာတိုနဲ့အတူ တွဲဖက်သီဆိုထားတဲ့ Echame La Culpa ဆိုတဲ့ သီချင်းပဲဖြစ်ပါတယ်။ ဒီသီချင်းကို နိုဝင်ဘာ ၁၇ ရက် မှာ စတင်ထုတ်လွှင့်ခဲ့တာပဲဖြစ်ပါတယ်။ ဒမ်မီ လိုဗာတိုရော၊ လူးရစ်ဖွန်စီပါ ဒီသီချင်းကို နားဆင်ကြဖို့သူတို့ရဲ့ ဆိုရှယ် မီဒီယာတွေမှာ တိုက်တွန်းထားပါတယ်။

ဒီသီချင်းကို ထုတ်လွှင့်ပြီး ၂၄နာရီ အတွင်းမှာ နောက်ထပ်လူကြိုက်များတဲ့ သီချင်းတစ်ပုဒ်ဖြစ်တဲ့ Vevo ကို ကျော်တက်သွားပါတယ်။ လူးရစ်တို့နှစ်ဦးဆိုထားတဲ့သီချင်းကို နားထောင်သူ ၁၇ ဒသမ ၁သန်း ရှိတယ်လို့သိရပါတယ်။ ဒီသီချင်းမှာ ဒမ်မီလိုဗာတိုဟာ စပိန်လိုသီဆိုခဲ့ပြီး သူတို့နှစ်ဦးဟာ သီချင်းအတွက် အတူတွဲဆိုဖို့ ဆွေးနွေးကတည်းက ဒမ်မီဟာ သူ့ရဲ့စပိန်အသံထွက်ကို ကောင်းအောင်ကြိုးစားမယ်လို့ ပြောခဲ့ပါတယ်။

သူတို့နှစ်ဦးသားအလုပ်တွဲလုပ်ရတာ အံ့သြဖို့ကောင်းလောက်အောင် အဆင်ပြေတယ်လို့ လူးရစ်ကယ်လိုကို ပြောပါတယ်။ အခြားအမျိုးသမီးအဆိုတော်တွေရှိပေမယ့် ဒမ်မီလိုဗာတိုဟာ အဆင်အပြေဆုံးဖြစ်ခဲ့တယ်လို့ ပြောပါတယ်။ ဒီသီချင်းကို စလုပ်ခါစက အရင်သီချင်းဖြစ်တဲ့ Despacito ကို ကျော်နိုင်ပါ့မလားလို့ လူးရစ်ဟာ တစ်ခါမှ မစိုးရိမ်ခဲ့ပါဘူး။ သူစိုးရိမ်တာကတော့ ပရိသတ်ကို အကောင်းဆုံးသီချင်းတွေ မပေးနိုင်မှာကိုပဲ စိုးရိမ်တာပါလို့ လူးရစ်က ဖြေခဲ့ပါတယ်။

**ဟယ်လို**

### Cocaine Godmother ဇာတ်ကား နမူနာမှာ ပရိသတ်တွေ မမှတ်မိနိုင်လောက်အောင် သရုပ်ဆောင်ကောင်းခဲ့တဲ့ ကက်သရင်း




ကိုလံဘီယာ မူးယစ်ရာဇာ ဂရစ်ဆဲလ်ဒါဘလန်ကိုအကြောင်း အခြေခံရိုက်ကူးထားတဲ့ Cocaine Godmother ဆိုတဲ့ဇာတ်ကားမှာ မင်းသမီးချောကက်သရင်းဇီတာဂျုံးက အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင် ထားပါတယ်။ ဒီဇာတ်ကားမှာ ကက်သရင်းက မူးယစ်ရာဇာ ဂရစ်ဆဲလ်ဒါ ဘလန်အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ မူးယစ်ရာဇာ ဂရစ်ဆဲလ်ဟာ ပထမဦးဆုံးမိုင်ယာမီအခြေစိုက် ကိုကင်းမှောင်ခိုကူးတဲ့လူပဲဖြစ်ပါတယ်။ သူဟာ အမျိုးသမီးအချောအလှတွေ၊ ကလေးတွေ ကိုအသုံးပြုပြီး ကိုလံဘီယာက ကိုကင်းတွေကို နည်းမျိုးစုံနဲ့ မှောင်ခိုသွင်းခဲ့သူလည်း ဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၀ ရက်နေ့မှာ စတင်ထုတ်လွှင့်ပြသမှာ ဖြစ်ပါတယ်။

ကတ်သရင်းရဲ့ဒီဇာတ်ကားထဲမှာပါဝင်သရုပ်ဆောင်တဲ့ အခန်းတွေပြသတဲ့အခါ သူ့ရဲ့အသွင်အပြင်ဟာ သူ့ပရိသတ်တွေ မမှတ်မိနိုင်လောက်အောင် ပြောင်းလဲနေတယ်လို့ ပြောကြပါတယ်။ ကက်သရင်း ဇီတာဂျုံးကိုယ်တိုင် ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်တဲ့ပုံကို အင်စတာဂရမ်မှာတင်ခဲ့ရာမှာ ပရိသတ်တွေအံ့အားသင့်ခဲ့ကြပါတယ်။ ဓာတ်ပုံထဲမှာ ကက်သရင်းဟာ သူ့ရဲ့လှပတဲ့ အညိုရောင်ဆံပင်ကို အရောင်တောက်တောက် ခေါင်းစည်းနဲ့စည်းထားပြီး အနည်းငယ်ခြယ်သမှုတွေကိုသာပြုလုပ်ထားပါတယ်။ ပြီးတော့ ဝတ်စားဆင်ယင်ရာမှာလည်း ကျားသစ်ကွက် ဂျာကင်အင်္ကျီကို ဝတ်ဆင်ထားပါတယ်။ ဒါဟာလည်း ဇာတ်ကောင်နဲ့ အနီးစပ်ဆုံးတူအောင်သူ ပြင်ဆင်ထားတာပဲ ဖြစ်ပါတယ်။

ကတ်သရင်းဟာ သူ့ရဲ့ဇာတ်ကားသစ်ဖြစ်တဲ့ Cocaine Godmother ဇာတ်ကားရဲ့ နမူနာကိုလည်း ကြည့်ရှုကြဖို့ပြောထားပါတယ်။ ဒါ့အပြင် ဒီဇာတ်ကားကို ပရိသတ်တွေကိုပြသဖို့ရာ ဇန်နဝါရီ ၂၀ရက်လို့သတ်မှတ်ထားပေမယ့် ကက်သရင်းကတော့ ပြသမယ့်ရက်ထိ မစောင့်ချင်တော့ဘူးလို့ပြောပါတယ်။ အခုပဲ ပရိသတ်တွေကို ပြသချင်နေပြီလို့ဆိုပါတယ်။ ပရိသတ်တွေက နောက်နှစ်မှာပြသမယ့် ဒီဇာတ်ကားကို ကြည့်ချင်လှပြီလို့ ပြောကြပါတယ်။ ကတ်သရင်းဟာ အခုအချိန်မှာ အသက် ၄၈ နှစ်ရှိနေပြီဖြစ်ပေမယ့် လှပနေဆဲပါပဲ။ မကြာသေးခင်ကလည်း ကက်သရင်းနဲ့ သူ့ရဲ့ခင်ပွန်း မိုက်ကယ်ဒေါက်ကလပ်တို့ဟာ အိမ်ထောင်သက် ၁၇နှစ်ပြည့်အခမ်းအနားကို ကျင်းပခဲ့ကြပါသေးတယ်။

**ဟယ်လို**

**ချိုး**

## ဆွာချောင်းဆည်ရေပြင်တစ်လျှောက် ပြေးဆွဲနေသည့်စက်လှေများ ခရီးသည်ဦးရေ စနစ်တကျတင်ဆောင်သင့်



**ရေတာရှည် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာချောင်းအထက်ပိုင်းဒေသများတွင် နေထိုင်ကြသော ကျေးရွာပေါင်းများစွာမှ ဒေသခံများသည် မြို့ပြဒေသသို့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စရပ်များဖြင့် ခရီးသွားလာကြရာ၌ စက်လှေများဖြင့်သာသွားလာကြရသည်ကို မြင်တွေ့ခဲ့ရသည်။

မရိုးခုံ၊ သနပ်ခုံ၊ လုံးရမ်း၊ ကတန်းနှင့် အခြားသော ကျေးရွာများတွင် နေထိုင်ကြသူများသည် လုံးရမ်း၊ စဖျင်ချောင်းငယ်များအတိုင်း ဆွာဆည်ရေပြင်ကျယ်ကို စက်လှေများဖြင့် ဖြတ်သန်းသွားလာကြသည့်အခါ စက်လှေများအတွင်း များဝင်ရောက်ခြင်း၊ လှိုင်းလေတိုက်ခတ်မှုများရှိခြင်းအပြင် ခရီးသည်ပိုမိုတင်ဆောင်လျှင် ခရီးသည်များ၏ အသက်အန္တရာယ်ကျရောက်နိုင်သည့်အတွက် ခရီးသည်နှင့် ကုန်စည်တင်ဆောင်ရာတွင် စက်လှေအရွယ်အစားအလိုက်လူဦးရေကို စနစ်တကျသတ်မှတ်တင်ဆောင်ကြရန် လိုအပ်လျက်ရှိသည်။

"ကျွန်တော်တို့အရပ်ဒေသတွေက မိုးရာသီရော ဆောင်းရာသီပါ စက်လှေနဲ့ပဲ သွားနေကြရတာ၊ နွေရာသီဆိုရင်တော့ သစ်ထုတ်ကားလမ်းတွေအတိုင်း သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း ၁၅ မိုင်နဲ့ ဇရဲပေါက် ရွာဘက်ကနေ ဆိုင်ကယ်တွေနဲ့ဖြတ်သွားလို့ရတယ်၊ တောင်ပေါ်ဒေသ ကျေးရွာချင်းဆက်လမ်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်နဲ့ ဖောက်မယ်လို့တော့သိရတယ်၊ ကျွန်တော်တို့မှာ လမ်းပန်းဆက်သွယ်မှု မကောင်းတော့ ကျန်းမာရေးနဲ့ ပညာရေးအတွက် အခက်အခဲတွေအများကြီးရှိတယ်"ဟု လုံးရမ်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## မိတ္ထီလာ မြို့ရှောင်လမ်းဖောက်လုပ်ရာတွင်ပါဝင်သွားသည့် လယ်ယာမြေများအတွက် လျော်ကြေးငွေပေး

**မိတ္ထီလာ နိုဝင်ဘာ ၂၄**

မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ရာတွင် မြို့ရှောင်လမ်းအတွင်းပါဝင်သွားသည့် ကျေးရွာအုပ်စု ၈ အုပ်စုမှ ဒေသခံတောင်သူများ၏ လယ်ယာမြေ ၂၀၃ ဒသမ ၂၄ ဧကအတွက် လျော်ကြေးငွေသန်းတစ်ထောင်ကျော်ကို နိုဝင်ဘာ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလျော်ကြေးငွေပေးအပ်ပွဲတွင် မြို့ရှောင်လမ်းအတွင်း ပါဝင်သွားသည့် လယ်ယာမြေလျော်ကြေးငွေပေးချေရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌေးက လယ်ယာမြေလျော်ကြေးငွေပေးချေရေးကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် သက်ဆိုင်ရာလမ်းဦးစီးဌာနမှ လျော်ကြေးငွေပေးအပ်နိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေရရှိခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ကန်သာ၊ ညောင်မြင့်၊ မောက်လောက်၊ ခင်လူး၊ ရုံးတော၊ ပျဉ်သာ၊ ကန်တောင်၊ မြာကျေးရွာအုပ်စုများမှ လယ်ယာမြေများ ပါဝင်သွားသည့် ဒေသခံတောင်သူ ၃၁၀ ၏ လယ်ယာမြေ ၂၀၃ ဒသမ ၂၄ ဧကအတွက်လျော်ကြေးငွေစုစုပေါင်းငွေကျပ် ၁၀၁၆၂၀၀၀၀၀ ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအုန်းဌေး၊ မြို့နယ်လမ်းဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးအေးစိုးနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ မိတ္ထီလာမြို့ရှောင်လမ်းအတွင်း မိတ္ထီလာမြို့နယ်အတွင်းမှ တောင်သူ ၃၁၀ ၏ လယ်မြေ ၁၃၅ ဒသမ ၈၉ဧက၊ ယာမြေ ၆၇ဒသမ ၃၅ ဧကပါဝင်ခဲ့ပြီး လယ်ယာမြေတစ်ဧကငွေကျပ်သိန်း ၅၀ နှုန်းဖြင့်လျော်ကြေးငွေပေးအပ်ခြင်းဖြစ်ကာ ရှေးဦးစွာ မြေယာပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းသည့် ကျေးရွာအုပ်စုများမှ တောင်သူများကို လျော်ကြေးငွေပေးမည်ဖြစ်၍ မြေယာပိုင်ဆိုင်မှုအငြင်းပွားမှုရှိသည့် တောင်သူများကို လယ်ယာမြေလျော်ကြေး ငွေပေးချေရေးကော်မတီကသေချာစွာ ပြန်လည်စစ်ဆေးဆောင်ရွက်ပြီးမှသာ လျော်ကြေးငွေပေးအပ်မည်ဖြစ်သည်။

မိတ္ထီလာမြို့ရှောင်လမ်းမှာ သာစည်မြို့နယ် သပြေဝကျေးရွာအနီးမှ မိတ္ထီလာမြို့နယ် မြာရေဝေကျေးရွာလမ်းဆုံအနီးအထိ ၁၄ မိုင် ၄ ဖာလုံရှိပြီး သပြေဝကျေးရွာအနီးမှ ပျဉ်သာကျေးရွာအထိ ကွန်ကရစ်လမ်းအဖြစ် ၉ မိုင် ၂ ဖာလုံကို သော်တာဝင်းကုမ္ပဏီ၊ ပျဉ်သာကျေးရွာအနီးမှ မြာရေဝေကျေးရွာလမ်းဆုံအနီးအထိကတ္တရာလမ်းအဖြစ် ၅ မိုင် ၂ ဖာလုံကိုယုဇနကုမ္ပဏီတို့မှ ၂၀၁၆ ခုနှစ်အတွင်းက တာဝန်ယူ ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## (၃၇)ကြိမ်မြောက် မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီအစည်းအဝေး ကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၂၄**

(၃၇)ကြိမ်မြောက် မြန်မာ-ထိုင်းမြို့နယ်အဆင့် နယ်ခြားကော်မတီအစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်က မြန်မာနိုင်ငံ ကော့သောင်းမြို့ Victoria Cliff Hotel ခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နယ်ခြားကော်မတီ(ထိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ချလိုဖွန် ခမ်းခီယုံနှင့် နယ်ခြားကော်မတီ(မြန်မာ)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်ဇော်တို့က မိတ်ဆက်စကားပြောကြားပြီး နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း ဖြစ်ပေါ်လေ့ရှိသည့် ကိစ္စရပ်များကို အပြန်အလှန်တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ၎င်းတို့၏ဌာနနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအား အပြန်အလှန် ညှိနှိုင်းဆွေးနွေးသဘောတူညီမှု ရယူကြသည်။

ထို့နောက် မြန်မာ-ထိုင်းနယ်ခြားကော်မတီဥက္ကဋ္ဌများ အပြန်အလှန် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။




အဆိုပါ အစည်းအဝေးတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံကော့သောင်းခရိုင်နှင့် ထိုင်းနိုင်ငံ ရနောင်းခရိုင် နယ်စပ်ဒေသအတွင်း ဖြစ်ပွားလေ့ရှိသည့် လူမှုရေးပြဿနာများ၊ ကျန်းမာရေးကိစ္စ၊ နယ်စပ်ဖြတ်သန်းမှုကိစ္စ၊ လူကုန်ကူးမှုပြဿနာများ၊ မူးယစ်ဆေးဝါးနှင့်နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုခင်း ပြဿနာများ၊ နှစ်နိုင်ငံပင်လယ်ရေပိုင်နက်ကျော်လွန်ငါးဖမ်းဆီးမှုဆိုင်ရာပြဿနာများ၊ နိုင်ငံတရားဥပဒေစိုးမိုးရေးကိစ္စရပ်များအား မိတ်ဆွေနှစ်နိုင်ငံ အတူတကွလက်တွဲ ပူးပေါင်းဖြေရှင်းရေးအပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## အထက်တန်းနှင့် အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်းပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်နန်းဦးခမ်းက စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ အထက်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိသူများကိုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# ငါးဖမ်းစက်လှေများပေါ်သို့ ထိုင်းတာဝန်ရှိသူများက ပုံမှန်စစ်ဆေးနေ

**ကော့သောင်း နိုဝင်ဘာ ၂၄**

ကမ္ဘာနှင့်အဝန်းတွင် လူကုန်ကူးမှုပြဿနာများ ဖြစ်ပေါ်လျက်ရှိသဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအနေဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်း ငါးဖမ်းလှေများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် လှေလုပ်သားများ၏ ရပိုင်ခွင့် ဆုံးရှုံးနေမှုများ ရှိမရှိကိုလည်းကောင်း ထိုင်းအာဏာပိုင် တာဝန်ရှိအဖွဲ့အစည်းများက ထိုင်တောင်းပိုင်းဒေသများရှိ ငါးဖမ်းစက်လှေများပေါ်သို့ စဉ်ဆက်မပြတ် တက်ရောက်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း နိုဝင်ဘာ ၂၂ ရက်က ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံမှ အလုပ်သမားအခွင့်ရေးဆုံးရှုံးမှုကာကွယ်စောင့်ရှောက်ရေးအကြီးတန်းအရာရှိ ကြည်ဒါဖန်စီရိုဖ ကိုယ်တိုင်ဦးဆောင်ကာ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းပေါင်းစုံဖြင့် ငါးဖမ်းစက်လှေများတွင် လုပ်ကိုင်လျက်ရှိသည့် လှေလုပ်သား တစ်ဦးချင်းစီအား တွေ့ဆုံမေးမြန်းနေကြောင်း၊ အထူးသဖြင့် တောင်ပိုင်းဒေသများရှိ ငါးဖမ်းစက်လှေအများစုတွင် ထိုသို့ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပြီး ထိုလှေများတွင် လုပ်သားများမှာ မြန်မာနိုင်ငံသားအများစုဖြစ်ကြကြောင်း သိရသည်။



မြန်မာလူမျိုးအများစု အလုပ်လုပ်နေသော ထိုင်းနိုင်ငံတောင်ပိုင်းမှ ငါးဖမ်းစက်လှေများ

တာဝန်ရှိအဖွဲ့အစည်းများသည် လှေလုပ်သားများအား တွေ့ဆုံ၍ လှုပ်ခွဲစားလှေသူကြီး၏ရောင်းစားမှု၊ နှိပ်စက်ညှဉ်းပန်းမှုများရှိ မရှိ စသည်တို့ကို စက်လှေများပေါ်အထိ တက်ရောက်စစ်ဆေးလျက်ရှိကြောင်း၊ ထို့အပြင် လှေလုပ်သားများရရှိသည့် လစဉ်ငွေကြေး လုပ်အားခ ရပိုင်ခွင့်များကို သတ်မှတ်ထားသည့်အတိုင်း ရရှိခြင်း ရှိမရှိ၊ လုပ်ငန်းခွင် လှေများပေါ်တွင် ကျွေးမွေးသည့် အစားအသောက်များ စံချိန်စံညွှန်း ကိုက်ညီမှု ရှိ မရှိ စသည့်ဖြစ်စဉ်များကိုလည်း အလေးထားစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် လူကုန်ကူးမှုအဖြစ်များသော နိုင်ငံတစ်ခုဖြစ်နေပြီး အထူးသဖြင့် နိုင်ငံတောင်ပိုင်းဒေသများတွင် ဖြစ်ပွားသော လူမှောင်ခိုမှု ၊ လူရောင်းစားမှုများ၌ ကျူးလွန်သူများထဲတွင် ထိုင်းအရာရှိကြီးများနှင့် လှေသူကြီးများ ပါဝင်ပတ်သက်နေမှုများကြောင့် ထိုင်းတပ်မတော်ပိုင်းတချို့နှင့် အရပ်ဘက်တာဝန်ရှိသူများအား တရားစွဲအရေးယူခဲ့ရသည့် ဖြစ်စဉ်များရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဝမ်းတွင်း နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ စီမံ/ဘဏ္ဍာ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်တို့ထံသို့ အားကစားဆိုင်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ သဖန်းအသင်းက ဖလန်ကန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ဘောလုံးအသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဓာတ်အားလိုင်းစီမံကိန်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ ရှင်းလင်း

**ခင်ဦး နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဓာတ်အားလိုင်းစီမံကိန်းဌာနနှင့် Central China Power ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းအကောင်အထည်ဖော်မည့် ၂၃၀ ကေဗွီ နဘား-ရွှေဘို-အုန်းတော ဓာတ်အားလိုင်းစီမံကိန်းနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ ရှင်းလင်းပွဲကို နိုဝင်ဘာ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် Resource and Environment Myanmar မှ မန်နေဂျာ ဒေါ်ဖြူဖြူရိုန်က ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး ကနဦးလုပ်ငန်းစဉ်အနေဖြင့် စီမံကိန်းအကြောင်းအရာများနှင့် လုပ်ဆောင်မည့် ပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ၊ လူမှုဆိုင်ရာ အချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ လေ့လာကောက်ယူခဲ့မှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ ၂၃၀ ကေဗွီ နဘား-ရွှေဘို-အုန်းတော ဓာတ်အားလိုင်းသွယ်တန်းရာတွင် ကျေးရွာရှစ်ရွာမှ တောင်သူ ၈၆ ဦးတို့၏ လယ်ယာမြေများပေါ်တွင် တာဝါတိုင် ၅၂ တိုင် စိုက်ထူ၍ ဖြတ်သန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးနေသည့် စက်ဘီးစီးအဖွဲ့ မြစ်ကြီးနားသို့ရောက်ရှိ

**မြစ်ကြီးနား နိုဝင်ဘာ ၂၄**

စက်ဘီးစီးကာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အမြင်ဖွင့်နေသော Northern Green Bike စက်ဘီးစီးအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နေ့လယ်ပိုင်းက မြစ်ကြီးနားမြို့သို့ ရောက်ရှိခဲ့သည်။



Northern Green Bike စက်ဘီးစီးအဖွဲ့သည် လောင်စာဆီနှင့် ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူထုကျန်းမာရေး၊ မြို့နယ်များတွင် စက်ဘီးလမ်းများပေါ်ထွန်းစေရေး စသည့် ရည်ရွယ်ချက်များဖြင့် နိုဝင်ဘာ ၁၄ ရက်မှစတင်ကာ မြစ်ကြီးနားမြို့မှထွက်၍ မြစ်ကြီးနား-မိုးကုတ်-ပြင်ဦးလွင်-မန္တလေး- မြစ်ကြီးနား ခရီးစဉ်ကို အသွားအပြန် စက်ဘီးစီးခဲ့ခြင်းဖြစ်သည်။

“စထွက်တာက မြစ်ကြီးနားက ငါးယောက်နဲ့ မိုးညှင်းကတစ်ယောက် စုစုပေါင်း ခြောက်ယောက်ဖြစ်ပါတယ်၊ အဖွဲ့ခေါင်းဆောင် Lဂွန်တန်က အလုပ်ရှိတာနဲ့ မနေ့က မိုးညှင်းကနေ ရထားနဲ့ပြန်သွားပါတယ်။ တစ်ယောက်ကတော့ မိုးညှင်းမှာနေခဲ့ပါတယ်”ဟု Green Bike အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုဆိုင်းဒူးက ပြောသည်။

စက်ဘီးစီးအဖွဲ့သည် ခရီးစဉ်အတွင်း သဘာဝပတ်ဝန်းကျင် အခြေအနေများကို လေ့လာခဲ့ပြီး ခရီးစဉ် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ရွာများတွင် ပြောင်းလဲနေသော အခြေအနေများကို တစ်ရွာနှင့်တစ်ရွာဆီသို့ သတင်းစကားပါးဖြစ်ခဲ့သည်ဟု သိရသည်။ ခရီးစဉ်တွင် ကြုံတွေ့ရသော အခက်အခဲများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် ရာသီဥတုအခြေအနေ(အပူချိန်အပြောင်းအလဲများ)ဖြစ်ခြင်းနှင့် လမ်းတစ်လျှောက်မှ စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်ရာတွင် အမေးအမြန်းခံရခြင်းများ ရှိခဲ့ကြောင်း အဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**မင်းမင်းဦး**

# ရွှေရင်အေး စံပြစိုက်ကွင်း၌ စံကွက်ရိတ်သိမ်း

**ကလော နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်တောင်ကြီးခရိုင် ကလောမြို့နယ် လွယ်မော်ကျေးရွာအုပ်စု တောင်သူ ဦးကျော်စိုး၏ ရွှေရင်အေးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၁ ရက်က အဆိုပါ စိုက်ကွင်း၌ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်စုရည်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စုစုထွေးနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ စံပြစိုက်ခင်း၌ အထွက်နှုန်းကောက်ယူခဲ့ရာ တစ်ဧကအထွက်နှုန်း အစိုတင်း ၁၂၂ ဒသမ ၅၀ နှုန်း၊ အခြောက် တင်း ၁၁၀ ဒသမ ၅၀ နှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ဝတ်ကြီး၊ ထုံးတောင်နှင့် သုံးအိမ် ကျေးရွာများအနီးတွင် Ultra Super Critical (USC) နည်းပညာအသုံးပြု၍ အကောင်အထည်ဖော်တည်ဆောက်ရန် လျာထားသည့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကိစ္စနှင့်စပ်လျဉ်း၍ အစိုးရ၊ ဒေသခံပြည်သူ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် စက်ရုံတည်ဆောက်မည့် ကုမ္ပဏီတို့ တွေ့ဆုံဆွေးနွေးသည့် စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်က ဘားအံမြို့သုမေဓာရာမ တောရကျောင်း၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် သိုက်တောကျောင်းဆရာတော် ဦးကုသလဗုဒ္ဓိက ပွင့်လင်းမြင်သာငြိမ်းချမ်းစွာ ဆွေးနွေး၍ ညှိနှိုင်းတိုင်ပင် အဖြေရှာပြီး ဆက်လက်လုပ်ကိုင်ရမည့် အလုပ်အကိုင်စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မိန့်ကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြည်နယ်အတွင်းရှိ တိုင်းရင်းသားအားလုံးကို မှန်မှန်ကန်ကန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးစသည်ဖြင့် စီးပွားရေးမူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လျှပ်စစ်မီးသည် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာ၊ ရေအား၊ လေအား စသည်ဖြင့် ကြိုးစားခဲ့သော်လည်း ကုန်ကျစရိတ်များပြီး အကျိုးဖြစ်ထွန်းမှုနည်းသည့်အတွက် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း၊ လျှပ်စစ်မီးရပါက အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ စက်ရုံ၊ အလုပ်ရုံကြီးများအတွက် အခြေခံအကျဆုံးမှာ လျှပ်စစ်မီးပင်ဖြစ်ကြောင်း၊ အမှားအမှန်ကို ဝေဖန်ပိုင်ခြား၍ မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်စေလိုကြောင်း၊ မေးမြန်းလိုသည့်မေးခွန်းများကို ပွင့်ပွင့်လင်းလင်း မေးမြန်းနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သိုက်တောကျောင်းဆရာတော် ဦးကုသလဗုဒ္ဓိက ဆွေးနွေးပွဲဖြစ်ပေါ်လာရသည့် နောက်ခံသမိုင်းကြောင်းကိုလည်းကောင်း၊ ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်က “ကမ္ဘာ့နိုင်ငံများတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စက်ရုံတည်ဆောက်မည့် TOYO Thai Power Myanmar ကုမ္ပဏီလီမိတက်မှ Mr.Obara San က ကုမ္ပဏီ၏ နောက်ခံသမိုင်းကြောင်းနှင့် အသုံးပြုမည့် နည်းပညာများကိုလည်းကောင်း၊ နိုင်ငံတကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(ERM) မှ ဒါရိုက်တာတစ်ဦးဖြစ်သူ Mr.David Nicetolson က စီမံကိန်းနှင့်ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း၊ ဦးစောမိုးမြင့်(ခ)ဆယ်မြူရယ်က ကမ္ဘာတွင် သယံဇာတများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် နိုင်ငံများ၊ ကမ္ဘာ့အကြီးဆုံး ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ Mr.David Niceto-lson နှင့် Mr. Obara San တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရမှ တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံးမှ ဗဟိုကော်မတီဝင်များ၊ ကရင် မြစ်ချောင်းစောင့်ကြည့်ရေးအဖွဲ့၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပုပ္ပားတောင်နှင့် ပတ်သက်၍ . . . .

သန်းထွန်း (မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း)

၂၀၁၇ ခုနှစ် အောက်တိုဘာလ ပထမပတ်နှင့် ဒုတိယပတ်များအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ပုပ္ပားတောင်ကလပ်အနီး အောင်သိဒ္ဓိကုန်းအခြေရှိ ကားလမ်း၊ ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်အချို့အက်ကွဲကြောင်းများဖြစ်ပေါ်ကာ မြေကျွံမှုများတွေ့ရှိရသည်။ ဒေသခံလူထု၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ မြေပြိုခြင်းနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင် ဒေါက်တာဦးမိုးကျော်ဝင်း၊ ဦးသန်းထွန်းနှင့် ဦးချိုဦးတို့ ၂၂-၁၀-၂၀၁၇ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ၂၃-၁၀-၂၀၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကို ဖြစ်စဉ်အသေးစိတ်အား ရှင်းလင်းတင်ပြခဲ့ပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနောက်ဆုံးပတ်တွင် ပုပ္ပားဒေသမြေပြိုမှုအား အသေးစိတ်တိုင်းတာမှုများ ပြုလုပ်ရန် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ဘူမိအင်ဂျင်နီယာပညာရှင်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် စီစဉ်ထားပြီး ဖြစ်သည်။

မြေကျွံသည့်ဧရိယာသည် အကျယ် ၁၃၅ မီတာနှင့် အရှည် ၂၈၇ မီတာခန့်ရှိပြီး တောင်စောင်းအပေါ် မြေသားနှင့် မူရင်းမြေသားများ ရောလျက်ရှိသည်။ တောင်စောင်းတွင် သဲ၊ မြေဆီလွှာ၊ အဂလိုမီရိတ် (Aglomerate)နှင့် မီးတောင်ပြာတို့တွေ့ရှိရသည်။ မြေပြို၊ မြေကျွံရသည့် အကြောင်းအရင်းများမှာ လမ်းနှင့် အဆောက်အအုံများဆောက်လုပ်ရန် မြေများတူးဆွခြင်း၊ မတ်စောက်သည့် တောင်စောင်းတွင် မြေထိန်းနံရံကြီးများ အခိုင်အမာဆောက်၍ မြေဖို့ပြီး အိမ်ဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ သဘာဝရေစီးကြောင်းများအား ပိတ်ဆို့၍ အဆောက်အအုံနှင့် လမ်းများတည်ဆောက်သဖြင့် မြေအောက်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ တောင်ကျရေများ စနစ်မဲ့စီးဆင်းမှုကြောင့် ဖို့မြေများအားတိုက်စားပြီး မြေသားများပြိုဆင်းခြင်း စသည်တို့ ပါဝင်သည်။

မြေပြိုမှုနှုန်းသိရှိနိုင်ရန် အက်ကြောင်းများအား စောင့်ကြည့်တိုင်းတာချက်အရ ၂၂-၁၀-၂၀၁၇ ရက်နေ့မှ ၂၃-၁၀-၂၀၁၇ ရက်နေ့အတွင်း ၆ စင်တီမီတာမှ ၂၀ စင်တီမီတာအထိ ရွေ့လျားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အထက်ပါ မြေကျွံခြင်း၊ မြေလွှာထုရွေ့လျားခြင်းမှာ ငလျင်လှုပ်သဖြင့် ရွေ့လျားခြင်းဖြစ်မည်ဟုယူဆကာ အချို့ပြည်သူများက ငလျင်လှုပ်ခြင်းသည် မီးတောင်ကြီး ပြန်လည်အသက်ဝင်လာတော့မည့် လက္ခဏာဟု ယူဆကြပြီး ယင်းသို့ဖြစ်လျှင် တောင်ကလပ်သည်လည်း ၉၆ ဒီဂရီ စောင်းသွားမည် စသည်ဖြင့် လူမှုကွန်ရက်တွင် စိတ်မချမ်းမြေ့ဖွယ်သတင်းများ ပျံ့နှံ့ခဲ့သည်။

အဆိုပါအချက်နှစ်ချက်ကို တိုက်ရိုက်မဖြေမီ မီးတောင်ဖြစ်စဉ်များ၏ အခြေခံဘူမိဗေဒ သဘောတရားတို့အား တင်ပြရန်လိုအပ်မည်။

ကျွန်ုပ်တို့မှီတင်းနေထိုင်လျက်ရှိသော ကမ္ဘာကြီးသည် ဘူမိဗေဒသဘောအရ (An Unstable Earth) မတည်ငြိမ်သောကမ္ဘာတစ်ခုဖြစ်သည်။ ကမ္ဘာမြေဆွဲအားကြောင့် မတည်ငြိမ်သေးသော အရာဝတ္ထုမှန်သမျှ (Balance of Nature) သဘာဝထိန်းညှိမှုအောက်တွင် တည်ငြိမ်သည့်အခြေအနေအထိ ရွေ့လျားခံနေရဦးမည် ဖြစ်သည်။ ယင်းတို့သည် သဘာဝဘူမိဗေဒဖြစ်စဉ်များဖြစ်ပြီး မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မြေကျွံခြင်း၊ ဆူနာမီပင်လယ်ဒီရေလှိုင်းမြင့်တက်ခြင်း၊ ပြင်းထန်သည့်မိုးများ ရွာသွန်းခြင်းစသည်တို့ဖြစ်သည်။

မီးတောင်ပေါက်ကွဲခြင်းနှင့် ငလျင်လှုပ်ခတ်ခြင်းတို့နှင့် ယင်းတို့၏ နောက်ဆက်တွဲဖြစ်စဉ်တို့မှာ ကြမ်းတမ်းပြင်းထန်သော သဘာဝကပ်များဖြစ်သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် မြစ်ချောင်းများအတွင်း ခြင်းခြင်းနီသော ချော်ရည်ပူများ ပြင်းထန်သောအရှိန်အဟုန်ဖြင့် စီးဆင်းခြင်း၊ ကောင်းကင်နှင့် ပတ်ဝန်းကျင် လေထုအတွင်း မီးခိုးများ၊ ခဲတ်ငွေ့နှင့် မီးတောင်ပြာများ မှုတ်ထုတ်ခြင်း၊ ပြင်းထန်သောငလျင်ဒဏ်ကြောင့် မြို့ကြီးများပင်လျှင် ကျောက်တုံးငယ်များအဖြစ် ကြေမွပျက်သုဉ်းသွားနိုင်သည်။ ယင်းအဖြစ်အပျက်တို့ကြောင့် လူပေါင်းထောင်ချီ၍ အသက်ဆုံးရှုံးနိုင်သည်။ သို့ရာတွင် အများအားဖြင့် မီးတောင်ပေါက်ကွဲမှုနှင့် ငလျင်လှုပ်မှုတို့မှာ လူနှင့်ပစ္စည်းများ အနည်းငယ်သာထိခိုက်တတ်ကြသည်။ ယင်းတို့မှာ ကမ္ဘာမြေအနှံ့ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဖြစ်စဉ်များပင်ဖြစ်သည်။ အတွေ့ရအများဆုံးမီးတောင်တို့မှာ ညင်သာစွာပေါက်ကွဲပြီး ကတော့ချွန်ပုံများ ဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာမြေမျက်နှာပြင်သို့ တိုးထွက်လာသည့် ချော်ရည်များဖြင့်ဖွဲ့စည်းထားသည့် တွင်းပေါက်တို့ကို မီးတောင်ဟုခေါ်နိုင်သည်။ ပင်လယ်ရေနက်ပိုင်းမီးတောင်များမှာ ကျယ်ပြန့်၍ ပြန့်ပြူးကြသည်။

ကမ္ဘာဦးအစကပင် လူသားများသည် ကြောက်မက်ဖွယ် သဘာဝကပ်ဘေးများဖြစ်သည့် မီးတောင်ပေါက်ကွဲခြင်းတို့ကို မည်သူကပြုလုပ်သနည်းဟု စူးစမ်းခဲ့ကြသည်။ ဒဏ္ဍာရီပုံပြင်နှင့် ရိုးရာယုံကြည်မှုများအရ မီးတောင်ထိပ်ရှိ နတ်ဘုရား၏ဒေါသကြောင့် ပတ်ဝန်းကျင်ရှိလူသားတို့အား အပြစ်ပေးခြင်းဖြစ်မည်ဟု ယူဆခဲ့ကြသည်။ ယင်းရိုးရာယူဆချက်အမျိုးမျိုးကို စာပေမှတ်တမ်းများဖြင့် ရေးမှတ်လေ့မရှိကြပေ။

ယနေ့ခေတ် ဘူမိသိပ္ပံပညာရှင်များအဆိုအရ မီးတောင်ဖြစ်စဉ်များနှင့် ငလျင်တို့မှာ (Continental Drift) တိုက်ကြီးများ ရွေ့လျားခြင်းအဆိုနှင့် (Plate


ပုပ္ပားမီးတောင်

Tectonics) မြေလွှာချပ်ထုများ တည်ဆောက်မှုအဆိုတို့အပေါ် အခြေခံ၍ ပိုမိုဆန်းသစ်တိကျသော အယူအဆများမပေါ်ပေါက်မီ အောက်ပါအယူအဆတို့ကို လောလောဆယ် လက်ခံထားကြသည်။

တိုက်ကြီးများ ရွေ့လျားခြင်းအယူအဆကို ဂျာမန်မိုးလေဝသပညာရှင် Alfred Wegener (၁၈၈၀-၁၉၃၀)က တင်ပြခဲ့သည်။ အမေရိကတိုက်နှင့် အာဖရိကတိုက်တို့၏ ပင်လယ်ကမ်းရိုးတန်းပုံသဏ္ဌာန်များ တူညီနေမှု၊ ယင်းတို့၏ ဘူမိဗေဒနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများ ဆက်စပ်တူညီနေမှုတို့အပေါ် အခြေခံ၍ ယင်းတိုက်ကြီးများသည် တစ်ချိန်က တစ်ဆက်တည်းတည်ရှိနေကြသည်ဟု တင်ပြခဲ့သည်။ သို့ရာတွင် ထိုအချိန်က ၎င်း၏အဆိုကို မသိရှိကြသေးသဖြင့် ရာစုနှစ်တစ်ဝက် ကျောက်ဘူမိဗေဒပညာရှင်များ၏ မသိကျိုးကျွံပြုခံခဲ့ရပြီး နောင်နှစ်ပေါင်း ၄၀ ကျော်အကြာတွင် ကျောက်လွှာချပ်ထုများ ရွေ့လျားမှုရှိကြောင်း သတိပြုမိလာမှသာ ဂျာမန်မိုးလေဝသပညာရှင် Alfred Wegener ၏အဆိုကို လက်ခံလာကြသည်။

Plate Tectonics (မြေလွှာထုချပ်ရွေ့လျားမှု) အဆိုတွင် Tectonics ဆိုသည့်ဝေါဟာရမှာ ဂရိဘာသာ စကားဖြစ်ပြီး "အဆောက်အအုံ"ဟုအဓိပ္ပာယ်ရသည်။ ၁၉ ရာစုနှစ်အစောပိုင်းက မီးတောင်ဖြစ်စဉ်နှင့် ငလျင်တို့သည် ကမ္ဘာရပ်ဝန်းအချို့တွင် ပိုမိုများပြားစွာဖြစ်ပေါ်နေကြောင်း သတိပြုမိကြသော်လည်း ၁၉၆၀ ပြည့်နှစ်နောက်ပိုင်း မြေလွှာချပ်ထုရွေ့လျားမှုအယူအဆပေါ်လာပြီးမှသာ ရှင်းလင်းစွာ သိရှိလာကြရသည်။ မြေလွှာချပ်ထုတို့၏ အနားစွန်းများတွင် အချင်းချင်းထိပ်တိုက်တွေ့ဆုံခြင်း၊ ပွတ်တိုက်ခြင်း၊ ခွဲခွာခြင်း၊ ငုတ်လျှိုးသွားခြင်းများကြောင့် ပြင်းထန်သော ဘူမိဗေဒဖြစ်စဉ်များ အစဉ်မပြတ်ဖြစ်ပေါ်လျက်ရှိနေသည်။ မီးတောင်နှင့်ငလျင်အများစုမှာ ပစိဖိတ်သမုဒ္ဒရာကြမ်းပြင်နှင့် မြေလွှာချပ်ထုများ၏ အနားစွန်းရှိ Ring of Fire မီးကွင်းကြီး တစ်လျှောက်အများဆုံးဖြစ်ပေါ်လျက်ရှိသည်။

ကမ္ဘာမြေအတွင်းပိုင်း ၂၀၀ ကီလိုမီတာ မိုင် ၁၂၀ ခန့်ရောက်ရှိပါက အပူချိန် ၁၅၀၀ စင်တီဂရိတ် ၂၇၃၂ ဖာရင်ဟိုက်ခန့်ရှိမည်ဖြစ်ပြီး အဖြူရောင်ချော်ရည်ပူများ တွေ့ရပေမည်။ ခဲတ်သတ္တုအများစုမှာ ယင်းအပူချိန်မရောက်မီ အရည်ပျော်သွားကြသော်လည်း ကမ္ဘာ့အတွင်းရှိ ပြင်းထန်သောဖိအားကြောင့် ကျောက်သားများ ပျော့ပြောင်းသွားသော်လည်း အနက်ပိုင်းအထိ အရည်မပျော်နိုင်သေးပေ။ မီးတောင်မှ ပေါက်ထွက်လာသော ချော်ရည်ပူအများစုမှာ ကမ္ဘာ့အတွင်းပိုင်း ကီလိုမီတာ ၁၀၀ မှ ၃၀၀၊ မိုင် ၆၀ မှ ၁၈၀ အနက်မှ တိုးထွက်လာခြင်းဖြစ်သည်။ ကျောက်ရည်ပူသည် ပတ်ဝန်းကျင်ကျောက်သားတို့ထက် ပို၍ပူပြီး ပေါ့ပါးသဖြင့် အားနည်းရာ အက်ကြောင်းများမှ တိုးထွက်၍ ချော်ရည်အဖြစ် တိုးထွက်လာခြင်းဖြစ်သည်။

မီးတောင်တို့သည် မြေလွှာတွန့်ခေါက်ခြင်း၊ မြင့်တက်ခြင်း၊ တိုက်စားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော တောင်မျိုးမဟုတ်ဘဲ ယင်း၏ပေါက်ကွဲထွက်လာသော ချော်ရည်များ၊ ချော်ကျောက်များဖြင့် တည်ဆောက်ထားသော တောင်မျိုးကိုသာ ဆိုလိုသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၈၀ ရာခိုင်နှုန်းမှာ မီးတောင်ကျောက်များဖြင့်သာ ဖုံးအုပ်လျက်ရှိသည်။

မီးတောင်တို့ကို ယင်း၏ပေါက်ကွဲမှုပြင်းထန်အား၊ အခြားမီးတောင်များနှင့် နှိုင်းယှဉ်၍ သုံးမျိုးခွဲခြားသတ်မှတ်သည် -

(က) Active Volcano (မီးတောင်ရှင်)

(ခ) Dormant Volcano (မီးတောင်မြုံ) နှင့်

(ဂ) Extinct Volcano (မီးတောင်သေ)

**မီးတောင်ရှင်**ဆိုသည်မှာ ပုံမှန်ဆက်တိုက်ပေါက်ကွဲနေသော မီးတောင်များကို ဆိုလိုသည်။ များသောအားဖြင့် ညင်သာစွာပေါက်ကွဲကြသော်လည်း တစ်ခါတစ်ရံ ပြင်းထန်သည့် ပေါက်ကွဲမှုများလည်း တွေ့ရတတ်သည်။ အီတလီအနီး ကျွန်းပေါ်ရှိ stomboli မီးတောင်သည် ထင်ရှားသောမီးတောင်ရှင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် နှစ်ပေါင်း ၁၀၀၀၀ ခန့်မှ ယနေ့အထိ သက်ရှိမီးတောင်ပေါင်း ၁၉၀၀ ကျော်ခန့် ရှိသည်။ မီးတောင် ၉၀ ရာခိုင်နှုန်းသည်

**ပုပ္ပားတောင်ကလပ်သည် သိပ်သည်းဆများပြီး မာကျောသော ရွှယ်လတ်စေး၊ ဩဂိုက်၊ ဟွန်ဗလင်းအင်ဒီဆိုက်ကျောက်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသဖြင့် အခိုင်အမာဆုံးနှင့် အတည်ငြိမ်ဆုံး ကျောက်တောင်အဖြစ် ထင်ရှားစွာတွေ့မြင်နိုင်**


စိန့်ဟဲလင်း(စ်)မီးတောင်

ပစိဖိတ်သမုဒ္ဒရာအနားစွန်းတစ်လျှောက် "Ring of Fire" အတွင်းတည်ရှိကြသည်။

မီးတောင်မြုံတို့သည် ပေါက်ကွဲပြီးနောက် နှစ်အတော်ကြာ (သို့မဟုတ်) ရာစုနှစ်များစွာ မြုံနေတတ်ကြသည်။ ယင်းမြုံနေသောကာလအတွင်း မီးတောင်အောက်ရှိ အေးခဲသွားသောချော်ရည်တို့မှ ခဲတ်ငွေ့များ ငြိမ်သက်အိပ်စက်သွားပုံရသည်။ ယင်းအခြေအနေတွင် မီးတောင်သေဟုမခေါ်နိုင်သေးဘဲ အိပ်ပျော်နေသော မီးတောင်ဟုခေါ်ကြသည်။ အဆိုပါခဲတ်ငွေ့များ အပေါ်ယံကျောက်သားများအကြား ဖြတ်သန်း၍ တိုးထွက်စဉ်တွင် ရှိထားပြီးခဲတ်သတ္တုများနှင့် ခဲတ်ပြုပြီး ခဲတ်သတ္တုအသစ်များ ဖြစ်ပေါ်သည်။

မီးတောင်သေတို့သည် သမိုင်းမှတ်တမ်းမတင်မီကပင် နှစ်ပေါင်းထောင်ပေါင်းများစွာ ကြာမြင့်သည်အထိ ပေါက်ကွဲခြင်းမရှိသော မီးတောင်များကိုဆိုလိုသည်။ မြုံနေသော မီးတောင်နှင့် ခွဲခြားနိုင်ပြီဆိုပါက ယင်းတို့သည် နောင်တွင် ပေါက်ကွဲရန် အကြောင်းမရှိပေ။

မီးတောင်များကို ယင်းတို့၏ ပုံသဏ္ဌာန်ပေါ်မူတည်၍ အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်သည် -

(က) Cinder Cone Volcano (ခမောက်ပုံမီးတောင်)သည် ကမ္ဘာပေါ်တွင် အတွေ့ရအများဆုံးဖြစ်ပြီး ချော်ကျောက်အစအနများဖြင့် ဖွဲ့စည်းထားသည်။ အများအားဖြင့် တောင်ထိပ်တွင် ပန်းကန်လုံးပုံမီးတောင်များ တွေ့ရတတ်သည်။ မက္ကဆီကိုနိုင်ငံ Paricutin နှင့် အရီဇိုးနားရှိ Sunset Crater တို့မှာ Cinder Cone မီးတောင် များဖြစ်ကြသည်။

(ခ) Strato Volcano သည် စုပေါင်းဖြစ်ပေါ်နေသောမီးတောင်မျိုးဖြစ်ပြီး မီးတောင်ကျောက်အလွှာပေါင်းများစွာတွေ့ရ၍ စေးပျစ်သော မီးတောင်ချော်ရည်များ၊ ပြာများနှင့် ကျောက်တုံး ကျောက်ခဲကြီးပွဲစများ ပါဝင်သည်။ ကယ်လီဖိုးနီးယားရှိ Mt.St.Helens နှင့် Mt.Shasta တို့အပြင် မြန်မာနိုင်ငံရှိ ပုပ္ပားတောင်သည် လည်း Strato Volcano အမျိုးအစားဖြစ်သည်ဟု လက်ခံထားကြသည်။

(ဂ) Shield Volcano ယင်းတို့မှာ အရွယ်အစားကြီးပြီး ချော်ရည်စီးကြောင်းအလွှာများဖြင့် တည်ဆောက်ထားသည်။ ဗဆော့ချော်ရည်များသည် အရည်ကျဲသဖြင့် မြင့်မားမတ်စောက်သော တောင်အဖြစ် မတွေ့ရပေ။ ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သော Mouna Loa မီးတောင်သည် ပင်လယ်ကြမ်းပြင်မှ မီတာ ၉၀၀၀ ကျော် မြင့်ပြီး အကျယ်ကီလိုမီတာ ၁၂၀ ခန့်ဖြင့် ဟာဝိုင်အီကျွန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် တည်ရှိနေသည်။ အင်္ဂါဂြိုဟ်ပေါ်ရှိ Olympus Mons သည် နေစကြဝဠာအတွင်း အမြင့်ဆုံးမီးတောင်ဖြစ်သည်။

(ဃ) Lava Dome မီးတောင်ချော်ရည်များ စေးပျစ်မှုကြောင့် ပေါက်ကွဲမှုနှေးကွေးပြီး ဝေးဝေးသို့ မစီးနိုင်သည့်အတွက် မီတာပေါင်းများစွာ မြင့်တက်နေသည်။ စုပေါင်းဖြစ်ပေါ်သော မီးတောင်ဒေသတွင် Lava Dome များ ရာနှင့်ချီ၍ ဖြစ်ပေါ်နေတတ်သည်။ ဥရောပတိုက်ရှိ Mount Etna မီးတောင်သည် အရွယ်အကြီးမားဆုံး မီးတောင်ရှင်ဖြစ်ပြီး နှစ်ပေါင်း ၃၅၀၀၀၀ ခန့်ဖြင့် သက်တမ်းအရင့်ဆုံး မီးတောင်ဖြစ်သည်။ မီးတောင်များပေါက်ကွဲမှုကိုလည်း အောက်ပါအတိုင်း သုံးမျိုးခွဲခြားတွေ့ရှိရသည်-

(က) Plinian Eruption စေးပျစ်မှုများသောချော်ရည်များနှင့် ခဲတ်ငွေ့များဖြင့် ပြင်းထန်စွာ နာရီပေါင်းများစွာ (သို့မဟုတ်) ရက်ပေါင်းများစွာ ပေါက်ကွဲတတ်သည်။ ကျောက်ရည်ပူများ ထိုးထွက်မှု အားပြင်းပြီး အရှိန်အဟုန်ပြင်းလှသဖြင့် ယင်း၏လမ်းကြောင်းရှိ အရာအားလုံးပျက်စီးစေသည်။ Pompeii နှင့် Herculaneam မြို့များကို ဖုံးအုပ်သွားသည့် မီးတောင်မျိုးဖြစ်သည်။

(ခ) Hawallan Eruption ပေါက်ကွဲမှုပြင်းထန်ခြင်းမရှိသော စေးပျစ်မှုနည်းသည့်ချော်ရည်များသည် ခဲတ်ငွေ့များအဖြစ် စီးဆင်းသည့်အတွက်ပျက်စီးမှုများစွာမရှိပေ။ ဟာဝိုင်အီကျွန်းတွင် အများဆုံး တွေ့ရသည့် မီးတောင်များဖြစ်သည်။

(ဂ) Strombolian Eruption အန္တရာယ်မများလှသောပေါက်ကွဲမှုမျိုးဖြစ်ပြီး ပေ ၅၀ မှ ၁၀၀ ခန့်သာမြင့်တက်တတ်၍ အချိန်တိုသာပေါက်ကွဲသည့် မီးတောင်မျိုးဖြစ်သည်။ ပုပ္ပားတောင်အမျိုးအစားဟု အများက လက်ခံထားသည်။

*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၁ မှအဆက်*

တောင်ဥရောပရှိ ဂရိနိုင်ငံတွင် Mt. Olympus တောင်၊ ဂျပန်နိုင်ငံ Mt.Fuji တို့သည် နတ်တို့ ပျော်စံရာဟု အလေးအမြတ်ထားကြသကဲ့သို့ မြန်မာနိုင်ငံရှိ ပုပ္ပားတောင်သည်လည်း မြန်မာတို့၏ရိုးရာ ၃၇ မင်းနတ်များနေထိုင်ရာ "တောင်တော်မြတ်"ဟုယူဆကာ ထင်ရှားလှသည်။ မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၏ အပူပိုင်းဇုန်ရှိ မြင်းခြံလွင်ပြင်တွင် ထူးခြားတင့်တယ်စွာ ထိုးထွက်နေသော ပုပ္ပားတောင်၏အလှမှာ ရှုမငြီးဖွယ်ဖြစ်သည်။ ပတ်ဝန်းကျင် လွင်ပြင်ဒေသထက် ရာသီဥတုမျှတခြင်း၊ ထာဝရစိမ်းစိုနေသည့် သစ်တော၊ သစ်ပင်နှင့် ပန်းမျိုးစုံအလှတို့ဖြင့် တောင်ကြီး၏အလှကို ပိုမိုပေါ်လွင်စေသည်။

ပုပ္ပားတောင်၏ ဘူမိဗေဒဆိုင်ရာလေ့လာမှုကို ၁၈၆၁ ခုနှစ် အောက်တိုဘာလတွင် ပုဂံမြို့ဝန်၏ ခွင့်ပြုချက်ဖြင့် Dr.Blanford က ပထမဆုံးပြုလုပ်ခဲ့သည်။ ၁၉၀၈ ခုနှစ်နှင့် ၁၉၀၉ ခုနှစ်တို့တွင် Dr.E.H.Pasco နှင့် Mr.Hallowes၊ ၁၉၂၅ ခုနှစ်နှင့် ၁၉၂၆ ခုနှစ်တို့တွင် ရန်ကုန်တက္ကသိုလ်မှ Dr.H.L.Chhibber နှင့် ၁၉၂၅ ခုနှစ်တွင် ပါမောက္ခ L.Dudley Stamp တို့က အသီးသီးလေ့လာမှတ်တမ်းတင်ခဲ့ကြသည်။ နောင်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနမှ ပညာရှင်များက ဆက်လက်လေ့လာမှတ်တမ်းတင်ကြသည်။ပုပ္ပားတောင်သည် သက်နှောင်းကပ် (Cenozoic Era)နှောင်းပိုင်းတွင် ပေါ်ပေါက်ခဲ့ သော မြန်မာနိုင်ငံ၏ အလယ်မီးတောင်တန်းပေါ်တွင်တည်ရှိသော မီးတောင်ရပ်ဝန်းတစ်ခု ဖြစ်သည်။

ပုပ္ပားတောင်အား ချော်ကျောက်များ၊ မီးသင့်ကျိုးပဲ့စကျောက်များ၊ ချော်မှုန့်ကျောက်များ၊ ချော်ခဲကျောက်များ၊ လေဟာအနယ်များ (Lahar deposit) ဖြင့် ဖွဲ့စည်းထားသည်။ ပုပ္ပားတောင် သက်တမ်းနှင့် မီးတောင်အမျိုးအစားတို့ကို ၁၉၉၄ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒပါမောက္ခ ဒေါက်တာဦးသိန်းက ပုပ္ပား-ကျောက်ပန်းတောင်း-ချောက် ကွင်းဆင်းဒေသ ဘူမိဗေဒလမ်းညွှန်စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။ ၁၉၀၇ ခုနှစ်တွင် Mr. N.C. Bell "မြန်မာနိုင်ငံ သံနှင့်သံမဏိလုပ်ငန်း" စာတမ်းတွင် ဒေသခံများ၏ ပြောပြချက်အရ ၄၄၂ ဘီစီ၌ ပုပ္ပားဒေသတွင် ငလျင်အပြင်းအထန်လှုပ်ပြီး မီးတောင်ပေါက်ကွဲခဲ့သည်ဟု ဆိုထားသော်လည်း အချို့နေရာများတွင် ပုပ္ပားမီးတောင် ကျောက်လွှာစဉ်၏ အောက်ပိုင်းရှိ မီးတောင်ပြာလွှာများ၊ ချော်မှုန့်ကျောက်လွှာများနှင့် ချော်ခဲကျောက်လွှာများကို နှစ်သန်းပေါင်းနှစ်သန်းမှ သုံးသန်းခန့်သက်တမ်းရှိ ဧရာဝတီကျောက်လွှာစုအထက်ပိုင်းရှိ သဲကျောက်လွှာနှင့် ထပ်လျက်တွေ့ရသဖြင့် ဘူမိဗေဒအထောက်အထားအရ မဖြစ်နိုင်ဟုယူဆရသည်။ သို့ဖြစ်၍ ပုပ္ပားဒေသ မီးတောင်ဖြစ်စဉ်သည် လွန်ခဲ့သော နှစ်သန်းမှ သုံးသန်းခန့် ကာလအတွင်း စတင်ခဲ့သည်ဟု ဆိုသင့်သည်။

ပုပ္ပားဒေသတွင် မီးတောင်ပေါက်ကွဲသည့် သမိုင်းမှတ်တမ်းများ မတွေ့ရသဖြင့် မီးတောင် ဖြစ်စဉ်သည် သမိုင်းမစမီကာလက ရပ်စဲသွားခဲ့ဟန်ရှိသည်။ သို့အတွက် ပုပ္ပားတောင်သည် မီးတောင်သေတစ်လုံးလည်း ဖြစ်နိုင်သေးသည်။ အကြောင်းဆိုရသော် ၁၉၄၉ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်ထုတ် ဗမာ့ခေတ်သတင်းစာပါ သတင်းတစ်ပုဒ်အရ ၁၉၄၉ ခုနှစ် နိုင်ဝင်ဘာ ၁၁ ရက်က ပုပ္ပားတောင်မကြီး အရှေ့ဘက်တောင်စွယ်မှ မီးတောင်ထပေါက်သဖြင့် မီးတောက်မီးလျှံများနှင့် ချော်ရည်များ တစ်ရက်ကြာမျှ ထွက်ခဲ့သည်ဟု ရေးသားထားသည်။ ထိုပေါက်ကွဲမှုကြောင့် တဲ ၃၀ ခန့်နှင့် လယ်ယာမြေ ၁၂ ဧကခန့် ပျက်စီးသွားခဲ့သည်ဟု ဖော်ပြထားသည်။ ဤအချက်နှင့်စပ်လျဉ်း၍ ၁၉၈၂ ခုနှစ်က ပုပ္ပားတောင် ကွင်းဆင်းနေစဉ် ဒေသခံအချို့အား မေးမြန်းခဲ့ရာ ဤသို့ မီးတောင်ပေါက်ကွဲကြောင်း မကြားမိ၊ မသိရှိကြောင်း ပြောကြားသည်။ ထို့ကြောင့် ၁၉၄၉ ခုနှစ်က မီးတောင်ပေါက်ခဲ့သည်ဆိုသောအချက်မှာ မသေချာလှပေ။

ဤသို့ဖြစ်သော်လည်း ပုပ္ပားတောင်သည် မြန်မာနိုင်ငံ အလယ်မီးတောင်တန်း၏ တောင်ဘက်ဘာရယ်ကျွန်းရှိ သက်ရှိမီးတောင်တစ်လုံးရှိနေသောကြောင့် မီးတောင်မြှုတစ်လုံးလည်း ဖြစ်နိုင်သေးသည်ဟု ယူဆရသည်။ အချို့ မြန်မာဘူမိဗေဒပညာရှင်များ အဆိုအရ အဆိုပါ အလယ်မီးတောင်တန်းတွင် မြောက်ပိုင်း၌ Tectonic ဖြစ်စဉ်အရ လှုပ်ရှားမှုအားနည်းသွားပြီး တောင်ပိုင်းတွင်သာ ပေါက်ကွဲနိုင်ခြေရှိကြောင်း မှတ်ချက်ပြုကြသည်။ ၂၀၁၆ ခုနှစ် ရုရှားနိုင်ငံ မီးတောင်နှင့် ငလျင်ဌာနမှ Alexandar Belousov နှင့် အဖွဲ့၏ လေ့လာချက်အရ ပုပ္ပားမီးတောင်သည် Holocene နှစ်ပေါင်း ၁၀၀၀၀ ခန့်နောက်ပိုင်းတွင် မီးတောင်ပေါက်ကွဲမှု တစ်စုံတစ်ရာ အထောက်အထားမတွေ့ရကြောင်း ဖော်ပြထားသည်။ မည်သို့ပင်ဖြစ်စေ ယနေ့ခေတ်တွင် မီးတောင်ပေါက်မည်ဆိုပါက ရှေ့ပြေးလက္ခဏာများ လွယ်ကူစွာ သိရှိနိုင်သည့်အတွက် အထူးစိုးရိမ်ဖွယ်မရှိပေ။ မီးတောင်ပေါက်တော့ မည်ဆိုပါက မီးတောင်မှ ဓာတ်ငွေ့များ၊ ရေပူငွေ့များ ထွက်ခြင်း၊ အပူချိန်တက်လာသဖြင့် ဖုံးအုပ်နေသော ရေခဲနှင့်ဆီးနှင်းများ ပျော်ကျခြင်း၊ ငလျင်ငယ်များအကြိမ်ကြိမ်လှုပ်ခြင်း စသည်တို့သည် ထင်သာမြင်သာ သော လက္ခဏာများဖြစ်ပေသည်။

ပုပ္ပားတောင်ကလပ် တိမ်းစောင်းသွားပြီလားဆိုသော အဖြေအား အောက်ပါအချက်အလက်များကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်။ တောင်ကလပ်သည် ပုပ္ပားတောင်မကြီး၏ အရန်မီးတောင်ငယ်တစ်ခုဖြစ်ပြီး ပေါက်ကွဲမှုမရှိတော့သည့် မီးတောင်၏ လည်တိုင်တစ်ခုဟု ဘူမိဗေဒပညာရှင်အများစုက လက်ခံထားကြပါသည်။ ပုပ္ပားတောင်ကလပ်သည် သိပ်သည်းဆများပြီး မာကျောသော ရှယ်လတ်စေ၊ ဩဂိုက်၊ ဟွန်ဗလင်း အင်ဒီဆိုက်ကျောက်တို့ဖြင့် ဖွဲ့စည်းတည်ဆောက် ထားသဖြင့် အခိုင်အမာဆုံးနှင့် အတည်ငြိမ်ဆုံး ကျောက်တောင်အဖြစ် ထင်ရှားစွာတွေ့မြင်နိုင်သည်။ မြေအောက်မှ ချော်ရည်များ ထိုးတက်လာပြီး ပေါက်ကွဲနိုင်သည့် အားမရှိသဖြင့် ပတ်ဝန်းကျင်အပေါ်ယံ ကျောက်လွှာများကြားတွင် လည်တိုင်အဖြစ် ရပ်တန့်သွားခြင်းဖြစ်သည်။ မူလက ပတ်ဝန်းကျင်ရှိ ကြေမွလွယ်သော မီးတောင်ပြာ ကျောက်များ၊ ဧရာဝတီသဲကျောက်များဖြင့် ပြေပြစ်သော တောင်ကုန်းတစ်ခုအဖြစ် တည်ရှိနေပြီး ရာသီဥတုတိုက်စားမှု၊ မြေပြို၊ မြေကျွံမှုများကြောင့် တောင်စောင်းရှိ ကျောက်များ ကျေပျက်သွားသဖြင့် ယနေ့မြင်တွေ့ရသော မြေပြင်မှ ထိုးထွက်လျက်ရှိသော ကလပ်ပုံတောင်သည် ခိုင်မာသည့် အင်ဒီဆိုက်ကျောက်တို့ဖြင့် တည်ဆောက်ထားခြင်းကြောင့်သာဖြစ်ကြောင်း သိသာထင်ရှားလှသည်။

အချုပ်ဆိုရလျှင် ပုပ္ပားတောင်ကြီး ပြန်လည်အသက်ဝင်ရန် ထူးခြားသော လက္ခဏာများ မတွေ့ရပါ။ အောက်တိုဘာလအတွင်း တောင်ကလပ်အနီး၊ မြေကျွံ၊ မြေပြိုမှုတို့မှာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့်ဖြစ်ပြီး မြေငလျင်လှုပ်ခြင်းနှင့် ဆက်စပ်ပတ်သက်မှုမရှိပါ။ တောင်ကလပ်သည် အခိုင်မာဆုံး ကျောက်သားများဖြင့် အချိုးကျစွာ တည်ရှိနေသဖြင့် ယိုင်လဲခြင်း၊ တိမ်းစောင်းခြင်း ယနေ့အချိန်အထိ မရှိသေးပါကြောင်းနှင့် ထာဝရရင်ဆိုင်တွေ့ကြုံနေမည့် သဘာဝဘေးအန္တရာယ်နှင့် လူသားတို့ပြုလုပ်သော အန္တရာယ်တို့ကို မှန်ကန်သော အယူအဆ၊ ခေတ်မီသော နည်းပညာတို့ဖြင့် ရဲရင့်တက်ကြွစွာ ဝိုင်းဝန်းရင်ဆိုင်ဖြေရှင်းကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။


Myanma Apex Bank®

## ဝန်ထမ်းအလိုရှိသည်

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်မှ ဘဏ်ခွဲများ (၉၄)ဘဏ်ကျော်ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီထပ်မံဖွင့်လှစ်မည့် ရန်ကုန်ဘဏ်ခွဲများတွင်ခန့်ထားရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

**၁။ အငယ်တန်းလက်ထောက်**

(၁) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(၂) ရုပ်ရည်ချောမောပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်ရမည်။ အသက် (၂၅) နှစ်ထက်မကြီးရ။
(၃) အရပ်အနည်းဆုံး (၅'၊ ၂") ရှိရမည်။ အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။
(၄) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ပြီး၊ စာရင်းကိုင်ပညာတတ်ကျွမ်းသူများကို ဦးစားပေးမည်။
(၅) မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(၆) ဘဏ်နှင့်(၃)နှစ်စာချုပ် ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

**၂။ ရုံးအကူ (ကျား) ၊ သန့်ရှင်းရေး (မ) - ရန်ကုန်ဘဏ်ခွဲများအတွက်သာ**

- အနည်းဆုံးအခြေခံပညာ အလယ်တန်း (၈-တန်း) အောင်မြင်ရမည်။ (၁၀-တန်းအောင်မြင်ပြီးသူမဖြစ်ရ) အသက် (၂၀)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။ အရပ် (၅'၊ ၂")အထက် ရှိရမည်။ ဘဏ်နှင့်(၃)နှစ်စာချုပ် ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

**၃။ ယာဉ်မောင်း - ရန်ကုန်ဘဏ်ခွဲများအတွက်သာ**

- ယာဉ်မောင်းကျွမ်းကျင်ရမည်။ (ဃ) လိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။ အသက်(၃၀)နှစ်ထက် မငယ်၊အသက် (၄၀)နှစ်ထက်မကြီးရ။ ဘဏ်နှင့်(၃)နှစ်စာချုပ် ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

**၄။ ဘဏ်လုံခြုံရေးဝန်ထမ်းများ (ကျား)**

- အနည်းဆုံး အခြေခံပညာ အလယ်တန်း (၈-တန်း) အောင်မြင်ရမည်။ (၁၀-တန်းအောင်မြင်ပြီး သူမဖြစ်ရ)။ အသက် (၂၅)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။ အရပ် (၅'၊ ၂")အထက် ရှိရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။ ဘဏ်လုံခြုံရေးဝန်ထမ်းလုပ်ကိုင်ဖူးသူများလည်း လျှောက်ထားနိုင်သည်။

**အလုပ်လျှောက်ထားသူများသည်**

ကိုယ်ရေးမှတ်တမ်း/ပညာအရည်အချင်းအထောက်အထား/လုပ်ငန်းအတွေ့အကြုံ/နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ/သန်းခေါင်စာရင်းမိတ္တူ/အလုပ်သမားမှတ်ပုံတင်မိတ္တူ/မကြာမီကရိုက်ထားသောကာလာဓါတ်ပုံ (Passport Size)/ အကျင့်စာရိတ္တနှင့်ပတ်သက်၍ သက်ဆိုင်ရာရပ်ကွက်/ရဲစခန်းထောက်ခံချက် ပူးတွဲတင်ပြရမည်။ အလုပ်လျှောက်လွှာများကို (၁၅.၁၂.၂၀၁၇)နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်းပေးပို့ရမည်။ အိမ်ထောင်စုစာရင်းပါဒေသခံဖြစ်ရမည်။ **မပြည့်စုံသောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။**

**အလုပ်လျှောက်ထားရန်နှင့်ဆက်သွယ်ရန်လိပ်စာ**

(၁) အမှတ်(၂၀၇)၊ သိမ်ဖြူလမ်း(အလယ်)ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ရန်ကုန်ဘဏ်ခွဲများအတွက်)



## Ayeyarwaddy Resorts & Lodges Co.,Ltd.
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရိပ်သာလမ်းရှိ မြေဧက ၄ ဒသမ ၉၀၈ ပေါ်တွင်တည်ရှိသော ကန်တော်ကြီးပဲလေ့စ်ဟိုတယ် အဆောက်အအုံဟောင်းများ ဖျက်သိမ်းရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း တင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်/အချိန် | - | ၂၄-၁၁-၂၀၁၇ရက် နံနက် ၉း၃၀နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် | - | ၁-၁၂-၂၀၁၇ရက် ညနေ ၅နာရီ |
| အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ | - | ဒဂုံမြို့နယ်၊ ပြည်လမ်းနှင့် ပြည်ထောင်စုရိပ်သာလမ်းထောင့်၊ တိုက်အမှတ်(၈)၊ |

Ayeyarwaddy Resorts & Lodges Co.,Ltd.

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၁၁၁၁၀၈၀၊ ၀၁-၂၃၀၂၁၄၇-၈**



ချစ်သူကိုပဲ ပေးပေး ...
ကိုယ်တိုင်သုံးဖို့ပဲ ဆောင်ဆောင် ...
နိုင်ငံခြားရောက် သူငယ်ချင်းကိုပဲ ပို့ပို့ ...

**ဝံ-ကကိုဘိ**

၂၀၁၈-ခုနှစ် ဗေဒင်ပြက္ခဒိန်ယာရီ

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်
လမ်း- ၄၀(အထက်)၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၇၀၉၀၃၂၊ ၃၉၁၁၆၉၊
၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၇၉

မန္တလေးဖြန့်ချိရေး
လှထုကြီးပွားရေးစာအုပ်တိုက်
အမှတ်(၂၂၁)၊ ၈၄-လမ်းနှင့်
၃၃-လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၃၉၇၁၃၇၊ ၆၀၁၃၆



**အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်**

ကျုံပျော်မြို့နယ်၊ မျှော့ထုကျေးရွာနေ ဦးဆန္ဒ၏သမီး အမည်မှန်မှာ မစမ်းသီတာ ၁၄/ကပန(နိုင်) ၂၂၈၅၆၃ နှင့် မွေးသက္ကရာဇ်အမှန်မှာ ၉-၂-၁၉၉၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ကျုံပျော်မြို့နယ်၊ အထောင်မြို့ အထက၊ နဝမတန်း(A)မှ နန့်အိမေဖော၏ ဖခင်အမည်မှန်မှာ စဝီလဆင်ဘွန်ရွှေ ဖြစ်ပါကြောင်း။

**အမည်မှန်**

ကျုံပျော်မြို့နယ်၊ မန်းစက္ကူကျေးရွာ အလက သတ္တမတန်းမှ မောင်စိုးဝဏ္ဏ၏ အမည်မှန်မှာ မောင်စိုးဝဏ္ဏအောင်နှင့် စတုတ္ထတန်းမှ မအိအိချိုဇင်၏ အမည်မှန်မှာ မနှင်းသဇင်အောင် ဖြစ်ပါကြောင်း။

**ဖခင် အမည်မှန်**

ပေါင်မြို့နယ်၊ အထက(ခွဲ)အလယ်ရွာကျောင်း၊ သတ္တမတန်း(A)မှ စောကိုကိုချစ်၏ ဖခင်အမည်မှန်မှာ ဦးကင်းဘု ၁၀/ပမန(နိုင်)၀၇၄၂၂၉ ဖြစ်ပါကြောင်း။ **ဦးကင်းဘု**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိတ္ထီလာမြို့နယ်၊ အလည်ရွာ အထက၊ တက္ကသိုလ်ဝင်တန်း(က) မှ မောင်ထွေးကို၏မိခင် ဒေါ်လှဆန်းရီ (ခ)ဒေါ်လှဆန်းကြည် ၉/ပဘန(နိုင်) ၀၃၆၂၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိတ္ထီလာမြို့နယ်၊ အလည်ရွာ အထက၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်အောင်မြင့်ဦး၏ မိခင်ဒေါ်အမြင့် (ခ)ဒေါ်မြင့် ၉/ပဘန(နိုင်) ၁၃၈၄၇၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈၈/၅၁၀၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# "ဂုဏ်ယူဝမ်းမြောက်ခြင်း"

မြန်မာ့ဘဏ်သမိုင်းတွင် ပထမဆုံးအဖြစ် "ကမ္ဘောဇဘဏ်လီမိတက်" ၏

## "ဘဏ်ခွဲ (၅၀၀) ပြည့်" ကို

၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူပြည်သားများအားလုံး
အစဉ်အမြဲ အားကိုးအားထားရသော နိုင်ငံတကာအဆင့်မီ အောင်မြင်သည့်
ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

### မိဘဂုဏ်ရည် မိသားစု အဖွဲ့ဝင်များ

၁။ ဦးမြဟန် (Fortune International Co., Ltd)
၂။ ဦးအောင်မြတ် (Mother Trading & Construction Co., Ltd)
၃။ ဦးမျိုးသိန်း (Dana Thiha Co., Ltd)
၄။ ဦးဇော်ဝင်းရှိန် (Ayeyar HinThar Co., Ltd)
၅။ ဦးလှမင်း(Golden Hawks International Co., Ltd)
၆။ ဒေါက်တာ မြတ်သူ
၇။ ဦးသိန်းဝင်း (PMG Co., Ltd)
၈။ ဦးအောင်မင်း
၉။ ဦးစောငြိမ်း၊ ဦးလှမျိုး၊ ဦးမင်းသန့် (Aung Myin Thu Group of Companies)
၁၀။ ဦးမြတ်ချိုဝင်း (Advance Medical Innovation Co., Ltd)
၁၁။ ဦးမင်းအောင် (Bright Time Co., Ltd)
၁၂။ ဦးဇော်ဝင်းဦး (Bright Time Co., Ltd)
၁၃။ ဦးမျိုးလွင် (Ayeyar Sagawar Co., Ltd)
၁၄။ ဦးမင်းထွဋ် (Aung Kyaw Myint Co., Ltd)
၁၅။ ဦးမောင်မောင်အေး (Moe Htet Gabar Co., Ltd)
၁၆။ ဦးအောင်ကျော်မိုး (Pyei Phyo Aung Co., Ltd)
၁၇။ ဦးစိုင်းကိုကိုအောင်(Khit Thit Oo Co., Ltd)
၁၈။ ဦးသက်ဦး (Theikdi Htet Trading Co., Ltd)
၁၉။ ဦးရဲလင်းထွဋ် (San Trading Co., Ltd)
၂၀။ ဦးလှမိုး (Yadanar Moe Co., Ltd)
၂၁။ ဦးထင်အောင်ကျော် (Golden Cougar Co., Ltd)
၂၂။ ဦးစိုးညီညီ (Feel Group Co., Ltd)
၂၃။ ဦးစိုးမိုးနိုင် (Phoe La Min Co., Ltd)
၂၄။ ဦးဝင်းလွင် (Myat Miba Co., Ltd)
၂၅။ ဦးထူးထူးဇော် (Shwe Taung Por Co., Ltd)
၂၆။ ဦးကျော်လင်း (LOP Co., Ltd)
၂၇။ ဦးကျော်မျိုးထွန်း
၂၈။ ဦးထွန်းထွန်းလင်း (Poe Poe Co., Ltd)
၂၉။ ဦးကျော်စိုးလွင် (Myat Noe Thu Co., Ltd)
၃၀။ ဦးအောင်သူ (Aung Gyi Trading Co., Ltd)
၃၁။ ဦးခင်မောင်ဦး (Chu International Co., Ltd)
၃၂။ ဦးအောင်ဇော်ဝင်း (Moe Myint Aung Thu Co., Ltd)
၃၃။ ဦးပြေတီဦး
၃၄။ ဦးဖွဲ့ (BMZ Pte Co., Ltd)
၃၅။ ဦးစံလင်း (Super Seven Star Co., Ltd)
၃၆။ ဦးရဲမြတ်စိုး
၃၇။ ဦးဘိုဘို (Zan International Co., Ltd)
၃၈။ ဦးမင်းလွင်အောင်
၃၉။ ဦးအောင်ဝင်း (Myint Myat Htut Khaung Int'l Co., Ltd)
၄၀။ ဦးထွန်းလင်းရှိန်
၄၁။ ဦးကျော်ထွန်းနိုင် (ဦးအိုက်ရီ)
၄၂။ ဦးဌေးရင်
၄၃။ ဦးကျော်ဇေမြင့်
၄၄။ ဦးကျော်ကျော်အောင်

131st
MINISTRY OF CONSTRUCTION
PUBLIC WORKS DEPARTMENT(1886-2017)

## “ ဂုဏ်ယူဝမ်းမြောက်ခြင်း”

ပြည်သူတို့၏ဘဝ ငြိမ်းချမ်းသာယာရေး၊ တိုင်းရင်းသားညီအစ်ကိုများ ကူးလူးဆက်သွယ်သွားလာရေးနှင့် ချစ်ကြည်ရင်းနှီးရေးတို့အတွက် လမ်း/တံတား၊ နေအိမ်တိုက်တာအဆောက်အဦ၊ မြို့ပြအိမ်ရာဖွံ့ဖြိုးရေးနှင့် ကျေးလက်လမ်းများ ကောင်းမွန်ရေးအတွက် အမြဲကြိုးပမ်းဆောင်ရွက်ပေးနေသော

## “ ဆောက်လုပ်ရေးဝန်ကြီးဌာန/**Public Works Department** ” ၏

ဖွဲ့စည်းတည်ထောင်သည့် (၁၃၁)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားကြီးကို ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုရင်း ပြည်သူတို့၏ ဘဝငြိမ်းချမ်းသာယာဖို့ ထာဝစဉ် ဆောင်ရွက်ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**B.O.T** တိုင်းရင်းသား လုပ်ငန်းရှင်ကုမ္ပဏီများ ဖြစ်ကြသော

Oriental Highway Co.,Ltd
Max Highway Co.,Ltd
မြတ်နိုးသူကုမ္ပဏီ
ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီ
သော်တာဝင်းကုမ္ပဏီ
တောင်ပေါ်ဒေသလမ်းကုမ္ပဏီ
ရွှေတောင်ဟိုင်းဝေးကုမ္ပဏီ
ကောင်းမွန်(မကွေး)ကုမ္ပဏီ
ထွန်းညိုလှုကုမ္ပဏီ
အေးကိုမိသားစုကုမ္ပဏီ
နဒီရွှေဝါကုမ္ပဏီ
ဆုထူးပန်ကုမ္ပဏီ
နေမင်းရောင်ကုမ္ပဏီ
နေလသစ္စာကုမ္ပဏီ
ဇေကမ္ဘာကုမ္ပဏီ
မြိတ်အများပိုင်ကော်ပိုရေးရှင်းကုမ္ပဏီ
သာယာဦးကုမ္ပဏီ
ဟိုက်စတားကုမ္ပဏီ
ကမ္ဘောဇကုမ္ပဏီ
ယုဇနကုမ္ပဏီ
သန္တိသစ္စာကုမ္ပဏီ
မုံရွာအုပ်စုကုမ္ပဏီ
နှင်းသဇင်ကုမ္ပဏီ
စိုးလွင်အောင်ကုမ္ပဏီ
Gulf Power Co.,Ltd
မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီ

# ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံစီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်




ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၂)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၂)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လုပ်ငန်းကော်မတီ ငါးရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော့သောင်းနယ်စပ် ကုန်သွယ်ရေး ကုန်သည်များအသင်း၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ★

**ရခိုင်ဒေသ အခြေအနေများနှင့် ပြည်တွင်း၊ ပြည်ပသုံးသပ်ချက်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးမည့် Sunday Talk အစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်လွှင့်ပြသမည်**

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရခိုင်ဒေသအခြေအနေများနှင့် ပြည်တွင်း၊ ပြည်ပသုံးသပ်ချက်များ ခေါင်းစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့ ပြောဆိုဆွေးနွေးမည့် Sunday Talk အစီအစဉ်ကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ ညနေ ၆ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတွင် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ **မြန်မာ့အလင်း**

## သုံးရေကန်အတွင်း ငါးများသေဆုံးမှုကို အဆိပ်မိသည်ထင်၍ သုံးစွဲမှုခေတ္တဆိုင်းငံ့ထား

**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ကညင်ချောင်းကျေးရွာအုပ်စု ကုန်းတန်းကျေးရွာရှိ သုံးရေကန်အတွင်း နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းကစတင်၍ ငါးများ သေဆုံးလာသည်ကို ဒေသခံများ တွေ့ရှိခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က သုံးစွဲမှုကို ခေတ္တဆိုင်းငံ့ထားကြောင်း သိရသည်။ **(ယာပုံ)**

စတင်ဖြစ်ပွားသည့်နေ့က ငါးများနေရာအနှံ့ မှုးဝေ၍ ရေပေါ်သို့ ပေါ်တက်လာပြီး တချို့ သေဆုံးကြကြောင်း၊ သေဆုံးသည့် ငါးများမှာ ငါးရံ့၊ ငါးခုံးမ၊ ငါးပြေမ၊ ငါးစင်ရိုင်း၊ တီလားပီးယားငါးများဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ ငါးများ မသေဆုံးမီ ရက်ပိုင်းအတွင်းက ယင်းဒေသတွင် နှစ်ရက်ခန့် အချိန်အခါမဟုတ်

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻





မြန်မာ ယူ-၂၁ အသင်းအတွက် အနိုင်ဂိုးကို စိုးလွင်လွင် သွင်းယူနေစဉ်။ ဓာတ်ပုံ-စိုးညွှန့်

## ပွဲပြီးခါနီး ဂိုးဖြင့် မြန်မာ ယူ-၂၁ အသင်း အနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာ ယူ-၂၁ အသင်းနှင့် မွန်ဂိုးလီးယားလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပခဲ့ရာ မြန်မာ ယူ-၂၁ အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၁ အသင်း၏ ပထမဆုံး ခြေစမ်းပွဲတွင် ပုံစံကောင်းပြသနိုင်ရန် ရန်းကန်ခဲ့ရသော်လည်း ပွဲပြီးခါနီးသွင်းဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် ပထမဆုံး ခြေစမ်းပွဲဖြစ်သလို လေ့ကျင့်ချိန် နှစ်ပတ်ကျော်ကာလအတွင်း ကစားရသောကြောင့် ကစားသမားများကို ကစားကွက်နှင့် အံဝင်ရန်ကြိုးပမ်းခဲ့ရသည်။ မွန်ဂိုလီးယား လက်ရွေးစင်အသင်းသည် ရာသီဉတုကွာခြားမှုကြောင့် ထင်သလောက် အကောင်းဆုံး ကစားနိုင်ခဲ့ခြင်းမရှိဘဲ အရှုံးရလဒ်ဖြင့် ရင်ဆိုင်ခဲ့ရသည်။

မြန်မာ ယူ-၂၁ အသင်းသည် ဘုန်းသစ္စာမင်း(ဂိုး)၊ ရွှေကို၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်တို့ဖြင့် ပွဲထွက်လာခဲ့ပြီး မွန်ဂိုလီးယားအသင်းဘက်သို့ ဖိကစားနိုင်ခဲ့သော်လည်း အချိတ်အဆက် လွဲချော်နေ၍ တိုက်စစ်မှာ ထင်သလောက် မထိရောက်နိုင်ခဲ့ပေ။ မြန်မာအသင်း၏ တိုက်စစ်အတွဲဖြစ်သည့်

*စာမျက်နှာ ၁၂ ကော်လံ ၁* ✪

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017